မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

သတ္တဝါကို ညှဉ်းဆဲ၍
အရိယာဟု ဖြစ်မလာ။
သတ္တဝါပေါင်း လုံးစုံကို
မညှဉ်းဆဲမှ အရိယာ
ခေါ်အပ်ပါသည် မှတ်ထားပါ။

ဓမ္မပဒ၊ ဓမ္မဋ္ဌဝဂ်။ တရားရှိခြင်း-၂၇၀။
(မြန်မာပြန်-မင်းသုဝဏ်)

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက် | ၂၀၁၆ ခုနှစ်၊ မေ ၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၅)၊ အမှတ် (၂၁၁)

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး လာအိုနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

နေပြည်တော် မေ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်နှင့် ဇနီး မစ္စစ် ခမ်မွမ်းဂ် ဗိုရာချစ်တို့၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

ဆိပ်ကမ်းရှင်းလင်းရေး အလိုအလျောက်စက်များ တပ်ဆင်အသုံးပြုမည်

သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၂

ရန်ကုန်ဆိပ်ကမ်းနှင့် လေဆိပ်တို့၌ လာမည့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှ စတင်ကာ ကုန်ပစ္စည်း အလိုအလျောက်ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးစနစ် (Myanmar Automatic Cargo Clearance System-MACCS) ကို တပ်ဆင်အသုံးပြုသွားမည်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်က ပြောသည်။ အဆိုပါ MACCS စနစ်အတွက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန် အကောက်ခွန်သင်တန်းကျောင်း၌ကျင်းပသော သင်တန်းဖွင့်ပွဲအခမ်းအနား၌ ၎င်းက အထက်ပါအတိုင်း ပြောဆိုလိုက်ခြင်းဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၅ ✻

ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းများ

၂-၅-၂၀၁၆

နေပြည်တော်	၇	ဒသမ ၄
ရန်ကုန်	၉	ဒသမ ၄
မန္တလေး	၇	ဒသမ ၄

သတင်းလွတ်လပ်ခွင့်နှင့် မြန်မာ့မီဒီယာ — ဆောင်းပါး စာမျက်နှာ-၆

မောင်းသူမဲ့ကားများနှင့်တိုက်ခိုက်ရန် အိုင်အက်စ်တို့ပြင်ဆင်နေ စာမျက်နှာ-၁၀

မြန်မာ့အလင်း

လွတ်လပ်ခွင့်၏ နယ်နိမိတ်များ

လူတိုင်းတွင် လွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ခွင့်ရှိသည်။ အဆိုပါအခွင့်အရေးများတွင် ထင်မြင်ယူဆချက်များကို အနှောင့်အယှက်ကင်းစွာဖြင့် လွတ်လပ်စွာစွဲကိုင်ခွင့်အပြင် သတင်းအချက်အလက်နှင့် အတွေးအခေါ်အယူအဆများကို သတင်းမီဒီယာတစ်ရပ်ရပ်မှတစ်ဆင့် နယ်နိမိတ်အပိုင်းအခြားမရှိ ရှာဖွေဆည်းပူးခွင့်၊ လက်ခံခွင့်နှင့် ဖြန့်ချိခွင့်တို့လည်းပါဝင်သည်။

၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံက စာပိုဒ်ပေါင်း ၃၀ ပါရှိသည့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း **(Universal Declaration of Human Rights)** ကို အတည်ပြုချမှတ်ကြေညာခဲ့ရာ စာပိုဒ်အမှတ် ၁၉ **(Article 19)** တွင် အထက်ပါအတိုင်း ပြဋ္ဌာန်းပါရှိသည်။ အဆိုပါ လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်သည် အခြေခံလူ့အခွင့်အရေးတစ်ရပ်ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း တာဝန်နှင့် ကျင့်ဝတ်တို့ဖြင့် လွတ်လပ်ခွင့်ကို နယ်နိမိတ်သတ်မှတ်ထားသည်။

"လွတ်လပ်စွာပြောဆိုခွင့်၊ ရေးသားခွင့်ကို ချုပ်ချယ်ခြင်း လုံးဝမပြုအပ်ကြောင်းကို ဆိုခဲ့ပြီ၊ ထိုလွတ်လပ်မှုကို အလွဲသုံးစား ပြုပြန်သော် လူထု၌ မနစ်နာပါလော။ "လွတ်လပ်မှု" ဟူသောစကားတွင် "တာဝန်" ဟူသောအဓိပ္ပာယ်ပါပြီးပြီ။ မိမိက အခြားသူတစ်ဦးကို စည်းကမ်းမဲ့နစ်နာအောင် လွတ်လပ်စွာရေးလျှင် မိမိအားလည်း တစ်ဖန် ထိုလွတ်လပ်ရေးစနစ်အတိုင်းပင် တန်ပြန်၍ အသုံးပြုကြပေလိမ့်မည်။ ထိုအခါ အနာခံရမည်သာဖြစ်သည်။ "သူတစ်ပါး၏ လွတ်လပ်မှုကို ကျူးကျော်လေလေ ကိုယ့်၌ လွတ်လပ်မှုလျော့လေလေ" ဟူသောစကားကို ကောင်းစွာသတိပြုကြရပေမည်။ " ဟူ၍ ဆရာမကြီး ဒေါ်ခင်မျိုးချစ်က သူ၏ "သတင်းစာလောက" စာအုပ်တွင် သတင်းစာလွတ်လပ်မှု **(Press Freedom)** နှင့် ပတ်သက်၍ ရေးသားဖော်ပြခဲ့သည်။ မီဒီယာများ၏ တာဝန်ယူမှု၊ ကျင့်ဝတ်လိုက်နာမှုတို့ဖြင့် သတင်းလွတ်လပ်ခွင့်ကို ထိန်းသိမ်းစောင့်ရှောက်သွားကြရန်လည်း ဆရာမကြီးက အဆိုပါစာအုပ်တွင် ရေးသားတိုက်တွန်းထားခဲ့သည်။

မြန်မာနိုင်ငံတွင် ပြည်သူက ရွေးချယ်တင်မြှောက်သော အစိုးရပေါ်ပေါက်လာပြီးနောက် မီဒီယာကဏ္ဍ ပိုမိုမြင့်မားလာရေး အလားအလာကောင်းများကိုလည်း တွေ့မြင်လာရသည်။ သို့တိုင် လက်ရှိမြန်မာနိုင်ငံ၏ အခြေအနေသည် အကဲဆတ်သော အခြေအနေ၊ အချိန်အခါထဲမှာ ရှိနေဆဲ။ အစိုးရသစ် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများက များပြားလှသည်။ ဖြေရှင်းရမည့် ပြဿနာများကလည်း တောင်ပုံ ယာပုံ။ အစိုးရသစ်က ဆောင်ရွက်သွားမည်ဟု ထုတ်ဖော်ပြောကြားထားသည့် မူဝါဒ (၄) ရပ်ဖြစ်သည့် အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေး၊ ဖက်ဒရယ်ပြည်ထောင်စုကို ဦးတည်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာရေး၊ ပြည်သူများ၏ လူနေမှုဘဝ မြင့်မားရေးတို့ကို နောက်ထပ်ခေါင်းစဉ်များ တစ်ခုပြီး တစ်ခုဆွဲထုတ်လိုက်မည်ဆိုလျှင် မြောက်မြားလှစွာသော လုပ်ငန်းတာဝန်များ ပေါ်ထွက်လာလိမ့်မည်။

အစိုးရနှင့် မီဒီယာဟူသည် ဦးတည်ချက်တူသည်ဆိုလျှင်ပင် ကိုယ်စီတာဝန်တို့ မတူကြ။ မကြာမကြာ ပွတ်တိုက်မိရုံမျှသာမက ထိပ်တိုက်ပင် တွေ့နိုင်သေးသည်။ မိမိတို့နိုင်ငံသည် ဒီမိုကရေစီ အခြေခိုင်မာရေးအတွက် တည်ဆောက်နေဆဲ အခြေအနေ။ ဤသို့သောအခြေအနေတွင် မီဒီယာတို့၏ ဆင်ခြင်တုံတရားကသာ ပို၍ အရေးပါနေဦးမည်။

နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနရိန္ဒ ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် မေ ၂

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် ချမ်းမြသာစည်မြို့နယ် သာသနမာမကကျောင်း မဟာဓမ္မိကာရာမတိုက် တိုက်အုပ်ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနရိန္ဒသည် သက်တော်(၉၆)နှစ်၊ သိက္ခာတော်(၇၇)ဝါအရ ၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်၊ မေ ၁ ရက်(တနင်္ဂနွေနေ့) နံနက် ၆ နာရီ ၁၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ္ဂိစျာပနအခမ်းအနားကို မေ ၅ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

❍ ကျောဖုံးမှ

ရရှိမှာဆိုတော့ စနစ်တကျ လေ့ကျင့်ပြင်ဆင် ကြိုးစားသွားမှာပါ" ဟု မထက်အဥ္ဇလီကျော်က ဆက်လက်ပြောကြားသည်။ ဒီဇိုင်နာများအဖြစ် ဖြိုးပြည့်စုံ၊ ရှားသူရ၊ ဇော်ဇော်အောင်တို့က ဆောင်ရွက်ပေးမည်ဖြစ်သည်။

ယခုပြိုင်ပွဲသို့ မထက်အဥ္ဇလီကျော်အား စိစစ်ရွေးချယ်ခဲ့ပြီး MISS GOLDEN LAND MYANMAR နှင့် WORLD CLASS MYANMAR PAGEANTS တို့က ပူးတွဲကာ ပြိုင်ပွဲဝင်နိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မထက်အဥ္ဇလီကျော်သည် ၁၉၉၉ ၊ ၂၀၀၁၊ ၂၀၀၃၊ ၂၀၀၄ နှင့် ၂၀၁၄ ခုနှစ်တို့တွင် နိုင်ငံတကာ အလှမယ်ပြိုင်ပွဲများ၌ ဆုများ ရရှိခဲ့ဖူးသူ တစ်ဦးဖြစ်ကြောင်း သိရသည်။

ဒသမတန်းဘက်စုံပညာထူးချွန်လူငယ်များ ပုသိမ်မြို့ရှိ ငါးဖမ်း ငါးလှန်းခြင်းလုပ်ငန်း လေ့လာ

ပုသိမ် မေ ၂

ဒသမတန်းဘက်စုံပညာ ထူးချွန်ကျောင်းသားများကို (ငွေဆောင်)စခန်းမှူး တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူး ဦးဝင်းမောင် ခေါင်းဆောင်၍ သဇင်ကျေးရွာသို့ မေ ၁ ရက် နံနက် ၈ နာရီက သွားရောက်လေ့လာခဲ့ရာ သဇင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ရှိ ရေသန့်စက်အကြောင်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းဝင်းက ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါရေသန့်စက်သည် ရေငန်ကို ရေချိုဖြစ်အောင် သန့်စင်ပေးသော စက်ဖြစ်ပြီး ဂျာမနီနိုင်ငံမှ လှူဒါန်းထားခြင်းဖြစ်၍ မြန်မာနိုင်ငံတွင် တစ်ခုတည်းသော စက်ဖြစ်သည်။

ဆက်လက်၍ နံနက် ၉ နာရီတွင် သဇင်ကျေးရွာ ငါးဖမ်း ငါးလှန်းခြင်းကို သွားရောက်လေ့လာခဲ့ရာ ပုသိမ်မြို့ ငါးလုပ်ငန်းဦးစီးမှူး ဦးစိုးသိန်းက ငါးဖမ်း ငါးလှန်းခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး သဇင်ကျေးရွာ ဒေသခံ ကိုဇော်ဝင်းထွန်းက ငါးဖမ်းပုံ ငါးဖမ်းနည်း အကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ယုဇန ပုစွန်သားဖောက်လုပ်ငန်းကို ဆက်လက်ထွက်ခွာလာရာ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိပြီး ပုစွန်များတွင် ဗိုင်းရပ်စ်ပိုးများရှိနိုင်သဖြင့် အမြဲစစ်ဆေးပေးရပုံအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဝင်းကြိုင်(မြန်/ဆက်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂-၅-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၉၁၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၄၄၅၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၉၁၅၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

ဒီဇယ်	၄၇၀ / ၅၀၀ ကျပ်
အောက်တိန်း ၉၂	၅၃၀ / ၅၅၀ ကျပ်
အောက်တိန်း ၉၅	၆၄၀ / ၇၆၀ ကျပ်
ပရီမီယံဒီဇယ်	၅၁၀ / ၅၄၀ ကျပ်

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၁၇၀.၀
ဥရောပ	တစ်ယူရို	၁၃၄၂.၉
စင်ကာပူ	တစ်ဒေါ်လာ	၈၇၁.၃၁
ထိုင်း	တစ်ဘတ်	၃၃.၅၀၅
အိန္ဒိယ	တစ်ရူပီး	၁၇.၆၀၃
တရုတ်	တစ်ယွမ်	၁၈၀.၇၂
မလေးရှား	တစ်ရင်းဂစ်	၂၉၉.၅၀

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ မူဝါဒဖော်ဆောင်ရေး၊ ပုဂ္ဂလိကစီးပွားရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများ နှစ်နိုင်ငံတိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် အမေရိကန်ပြည်ထောင်စု အမေရိကန် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ၏အကြီးအကဲ Ms. Gayle Smith အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်

နေပြည်တော် မေ ၂

စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ မူဝါဒဖော်ဆောင်ရေး၊ ပုဂ္ဂလိကစီးပွားရေးကဏ္ဍ တိုးမြှင့်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍအပါအဝင် ကဏ္ဍများတွင် နှစ်နိုင်ငံတိုးမြှင့် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်ပြည်ထောင်စု အမေရိကန် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ အကြီးအကဲ Ms. Gayle Smith တို့သည် မေ ၂ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**
(သတင်းစဉ်)

ဥပဒေမူဘောင်များ ချမှတ်ခြင်းနှင့် လုပ်ငန်းစီမံချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် မေ ၂

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF) မှ Ms. Michelle Harwood ဦးဆောင်သော ကွင်းဆင်းလေ့လာရေးအဖွဲ့အား ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ သံတမန်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့်ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF)၊ အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (APG) တို့နှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ဥပဒေမူဘောင်များချမှတ်ခြင်းနှင့် လုပ်ငန်းစီမံချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။
(သတင်းစဉ်)

မြန်မာနိုင်ငံက စွမ်းအင်သုံးစွဲမှုပမာဏကို သတ်မှတ်နှစ်အလိုက် လျှော့ချဆောင်ရွက်သွားမည်

နေပြည်တော် မေ ၂

အာဆီယံဒေသတွင်း စွမ်းအင်သုံးစွဲမှုကို အခြေခံ၍ ၂၀၂၀ ပြည့်နှစ်တွင် ၂၀ ရာခိုင်နှုန်း၊ ၂၀၂၅ ခုနှစ်တွင် ၃၀ ရာခိုင်နှုန်း လျှော့ချသွားရန် ရည်မှန်းချက်ထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ၂၀၁၆ ခုနှစ် အာဆီယံ စွမ်းအင်စီမံခန့်ခွဲမှုဆိုင်ရာဆုများ သတ်မှတ်ရေးအတွက် ဆုရွေးချယ်ရေးအဖွဲ့၏ (၁၁) ကြိမ်မြောက် အစည်းအဝေးတွင် ပြောကြားသည်။

အဆိုပါ အစည်းအဝေးသည် နေပြည်တော်ရှိ Kempinski Hotel ၌ မေ ၂ ရက်မှ ၆ ရက်ထိ ကျင်းပသွားမည့် အကြိမ် (၂၀)မြောက် Energy Efficiency and Conservation-Sub-sector Network(EE&C-SSN) နှစ်ပတ်လည် အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးတစ်ခု ဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စွမ်းအင်ဆိုင်ရာ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ် (UNEP)၊ ဂျပန် နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့မှ စွမ်းအင်ချွေတာရေးနှင့် ထိရောက်စွာ အသုံးပြုနိုင်ရေးဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အာဆီယံစွမ်းအင်ချွေတာရေးနှင့် ထိရောက်စွာ သုံးစွဲရေးဆိုင်ရာကဏ္ဍအလိုက် ဆုများ ရွေးချယ်သတ်မှတ်ခြင်းအပြင် အာဆီယံဒေသတွင်း သုံးစွဲလျက်ရှိသည့် လျှပ်စစ်ပစ္စည်းများ၏ စွမ်းအင်ဆိုင်ရာ စံချိန်စံညွှန်းများ တစ်ပြေးညီသတ်မှတ်နိုင်ရေး၊ အာဆီယံနှင့် ဂျာမနီနိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည့် စွမ်းအင်ခြိုးခြံချွေတာရေး အစီအစဉ်များကို အစည်းအဝေးရက်များအတွင်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခု ကျင်းပသည့် EE&C-SSN နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံက ဒုတိယအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခြင်းဖြစ်ပြီး အဆိုပါအစည်းအဝေးများကို အာဆီယံ ၁၀ နိုင်ငံက အင်္ဂလိပ်အက္ခရာစဉ်အလိုက် အိမ်ရှင်နိုင်ငံအဖြစ် နှစ်စဉ်အလှည့်ကျကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် သုံးစွဲနေသည့် စွမ်းအင်ပမာဏ၏ အနည်းဆုံး ၄၀ ရာခိုင်နှုန်းကို ချွေတာနိုင်မည်ဖြစ်ကြောင်း နိုင်ငံတကာပညာရှင်များက ခန့်မှန်းတွက်ချက်ထားပြီး စွမ်းအင်အကျိုးရှိစွာ သုံးစွဲနိုင်ရေးမူဝါဒအရ ၂၀၂၀ ပြည့်နှစ်တွင် ၁၂ ရာခိုင်နှုန်း၊ ၂၀၂၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်း၊ ၂၀၃၀ ပြည့်နှစ်တွင် ၂၀ ရာခိုင်နှုန်းလျှော့ချရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာနမှ သိရသည်။

စွမ်းအင်အကျိုးရှိစွာ သုံးစွဲနိုင်ရေးအတွက် စက်မှုကဏ္ဍ၊ စီးပွားရေးအဆောက်အအုံ၊ လူနေမှုအဆောက်အအုံနှင့် နိုင်ငံပိုင်အဆောက်အအုံကဏ္ဍဟူ၍ ကဏ္ဍလေးရပ် ခွဲခြားဆောင်ရွက်လျက်ရှိပြီး ထိုသို့ စွမ်းအင်ကို အကျိုးရှိစွာ သုံးစွဲမှုကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ပါက ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု လျော့ပါးရေးဆိုင်ရာ ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့လျှော့ချရေးကို အထောက်အကူပြုမည်ဖြစ်သည်။
(သတင်းစဉ်)

✻ ရှေ့စုံမှ

" MACCS စနစ်ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလကစပြီး ပထမအဆင့်အနေနဲ့ ရန်ကုန်ဧရိယာအတွင်းရှိ သီလဝါအထူးစီးပွားရေးဇုန်အပါအဝင် လေဆိပ်၊ ရုံးချုပ်၊ ဆိပ်ကမ်းတွေမှာ တပ်ဆင်ချိတ်ဆက် အသုံးပြုဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒုတိယ အဆင့်အနေနဲ့ ရန်ကုန်ဧရိယာမှာ စနစ်ကို တည်ငြိမ်အောင်မြင်စွာ သုံးစွဲနိုင်ပြီးပါက နယ်စပ်ဒေသများပါ တပ်ဆင်အသုံးပြု ဆောင်ရွက်နိုင်ရေး ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာပါ"ဟု ၎င်းက ထပ်လောင်းပြောကြားသည်။ အဆိုပါ အလိုအလျောက်စနစ်များ တပ်ဆင်အသုံးပြုနိုင်ရေးအတွက် မေလဆန်းမှ စတင်ပြီး သင်တန်းတစ်ခုလျှင် လူ ၁၀၀ နှုန်းဖြင့် သင်တန်းသားဦးရေ ၈၀၀ အား သင်တန်းရှစ်ခု ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ အကောက်ခွန်အရာရှိများအတွက် သင်တန်းများကိုလည်း ဇူလိုင်လအတွင်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အထူးသဖြင့် ဆိပ်ကမ်းများတွင် ကုန်ပစ္စည်းများ ရှင်းလင်းရေးဆောင်ရွက်ရာတွင် နှေးကွေးကြန့်ကြာမှု မရှိစေရန် အလိုအလျောက် ရှင်းလင်းရေးစနစ်များကို ၂၀၁၃ ခုနှစ်ကတည်းက ဂျပန်နိုင်ငံ၏ အထောက်အပံ့ဖြင့် ဆိပ်ကမ်းနှင့် လေဆိပ်တို့တွင် စက်ကိရိယာပစ္စည်းများ တပ်ဆင်လျက်ရှိရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

MACCS စနစ်နှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့ရာတွင် MACCS စနစ်၏ အခြေခံသဘောတရားရှင်းလင်းပွဲများကို စဉ်ဆက်မပြတ် ပြုလုပ်ခဲ့ရာ ၂၀၁၅ ခုနှစ် မေလအတွင်းတွင် အကောက်ခွန်အရာထမ်းများ အတွက်လည်းကောင်း၊ ၂၀၁၅ ခုနှစ် မေလနှင့် ဇွန်လများတွင် MACCS စနစ်နှင့်ပါဝင်ချိတ်ဆက်မည့် အခြားသော ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ အတွက်လည်းကောင်း၊ ၂၀၁၅ ခုနှစ် ဩဂုတ်လအတွက် Private Users များ အတွက်လည်းကောင်း ရှင်းလင်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါစနစ် အောင်မြင်စွာ တပ်ဆင်အသုံးပြုလာနိုင်သည်နှင့်အမျှ ကုန်ပစ္စည်းများကို ဆိပ်ကမ်းများ၌ ကြန့်ကြာမှုမရှိဘဲ မိနစ်ပိုင်းအတွင်း လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၂

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။
(မိုး/ဇလ)

ဒီမိုကရေစီစနစ်ကိုလက်ခံပါက၊ ခိုင်မြဲစေလိုပါက လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေး၊ တရားဥပဒေလေးစားလိုက်နာရေး၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ရေးတို့ကို အလေးထားရမည်

နေပြည်တော် မေ ၂

လက်ရှိလျှောက်လှမ်းနေသည့် နိုင်ငံရေးစနစ် မှန်မှန်ကန်ကန်၊ ခိုင်ခိုင်မာမာရှိစေရန် နည်းလမ်းတကျ ပူးပေါင်းဆောင်ရွက်နေသည့် တပ်မတော်၏ ရပ်တည်ချက်၊ လုပ်ဆောင်ချက်များအပေါ် အထင်အမြင်လွဲမှားသုံးသပ်သူတချို့သည် တပ်မတော်ပြိုကွဲအောင် ခွဲထုတ်ဖြိုဖျက်ခြင်းများ နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ပြီး တပ်မတော်၏ စည်းလုံးညီညွတ်မှုပျက်ပြားအောင်၊ တပ်မတော် "အား" ပျော့သွားအောင် လုပ်ဆောင်လာနိုင်သဖြင့် သတိတရားရှိကြရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ ရန်ကုန်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့နိုင်ငံအနေဖြင့် လျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း၏ ဒုတိယသက်တမ်းကာလသို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ပထမအကြိမ် ရွေးကောက်ပွဲကျင်းပခဲ့ပြီး ရွေးချယ်ခံအစိုးရအနေဖြင့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတို့အား တတ်နိုင်သမျှ လုပ်ဆောင်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့်လည်း ပြည်သူရွေးချယ်သောလမ်းကြောင်းကို အနှောင့်အယှက်မရှိစေရန်၊ တည်ငြိမ်အေးချမ်းစွာ လျှောက်လှမ်းဖြတ်သန်းနိုင်ရန် တတ်စွမ်းသရွေ့ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ဒုတိယအကြိမ် ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲအကြို၊ ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲအလွန်ကာလများတွင် မိမိတို့၏ အခြေခံသဘောထားရပ်တည်ချက်များကို ထုတ်ဖော်ပြောကြား၍ လွတ်လပ်ပြီးတရားမျှတမှုကို ဖော်ဆောင်ပြသနိုင်ခြင်းမှာ တပ်မတော်၏ဂုဏ်ပင်ဖြစ်ကြောင်း ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ရန်ကုန်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံပွဲအပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်

ဆက်လက်၍ မိမိနိုင်ငံဖြတ်သန်းနေရသော လက်ရှိအခြေအနေတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ လုပ်ဆောင်ရန်များစွာရှိနေကြောင်း၊ ဒီမိုကရေစီစနစ်ကိုလက်ခံပါက၊ ခိုင်မြဲစေလိုပါက လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေး၊ တရားဥပဒေလေးစားလိုက်နာရေး၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ရေးတို့ကို အလေးထားရမည်ဖြစ်ကြောင်း၊ အချို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် တိုင်းရင်းသားများ၏ အခွင့်အရေးတောင်းဆိုမှုအပေါ် မူတည်ဖြစ်ပေါ်လာသော်လည်း အချို့အဖွဲ့အစည်းများမှာ ဥပဒေတွင် ပြဋ္ဌာန်းပေးထားပြီးဖြစ်သည့်အချက်အလက်များအား မျက်ကွယ်ပြု၍ တောင်းဆိုမှုများလည်းရှိကြောင်း။

မြန်မာနိုင်ငံတွင် မည်သည့်ဘာသာကိုမဆို လွတ်လပ်စွာကိုးကွယ်ပိုင်ခွင့်ရှိသော်လည်း ဗုဒ္ဓဘာသာကို ကိုးကွယ်သူ ၈၅ ရာခိုင်နှုန်းကျော်ရှိကြောင်း၊ အခြားဘာသာကိုးကွယ်မှုကိုလည်း အသိအမှတ်ပြုကြောင်း၊ ဗုဒ္ဓ၏ အဆုံးအမတွင် ငါးပါးသီလတရားရှိကြောင်း၊ တစ်ပါးသီလ၊ နှစ်ပါးသီလ စသည်ဖြင့် သူ့ကဏ္ဍနှင့်သူ ရှိကြသော်လည်း ဗုဒ္ဓဘာသာဝင် တစ်ဦးအနေဖြင့် အနည်းဆုံးငါးပါးသီလကို ထိန်းသိမ်းပါက ပိုမိုပြည့်စုံကောင်းမွန်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် သုတ၊ ရသ စာအုပ်စာစောင်များပေးအပ်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက တပ်နယ်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့သည်။
(မြဝတီ)

ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်သည့် သင်တန်းများနှင့် ဘာသာရပ်ပို့ချမှုများအပေါ် ပြန်လည်သုံးသပ်သည့် ဆွေးနွေးပွဲကျင်းပ

နေပြည်တော် မေ ၂

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်သည့်သင်တန်းများနှင့် ဘာသာရပ်ပို့ချမှုများအပေါ် ပြန်လည်သုံးသပ်သည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ စုပေါင်းခန်းမ၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ပြည်သူ့ဝန်ထမ်းများသည် ပြည်သူ့အကျိုးကို သယ်ပိုးရမည်ဟူသော ခံယူချက်ရှိစေရေးအတွက် လိုအပ်သော သင်ရိုးညွှန်းတမ်းများ ဖော်ထုတ်ရေး၊ နိုင်ငံတော်အစိုးရသစ်၏ ရည်ရွယ်ချက်များဖြစ်သော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊ ဈေးကွက်စီးပွားရေးစနစ် ပီပြင်ရေး၊ ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်တည်ဆောက်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ပြည်သူများ၏ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရာတွင် အဓိကကျသည့် ပြည်သူ့ဝန်ထမ်းများ၏ အရည်အသွေးကို မြှင့်တင်မည့် သင်တန်းနှင့် သင်ရိုးညွှန်းတမ်းများ ဖော်ထုတ်ရေး၊ ဖြစ်ပေါ်ပြောင်းလဲနေသည့် အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် ခေါင်းဆောင်မှုဆိုင်ရာ ဘာသာရပ်များကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် လိုက်လျောညီထွေရှိမည့် သင်တန်းနှင့် သင်ရိုးညွှန်းတမ်းများ ဖော်ထုတ်ရေး၊ အဂတိတရားကင်းစင်ပြီး စိတ်ဓာတ်နှင့် အကျင့်စာရိတ္တကောင်းမွန်ကာ ပြည်သူ့ဝန်ထမ်း၏ စံတန်ဖိုးများဖြစ်သည့် ရိုးသားမှု၊ ဂုဏ်သိက္ခာရှိမှု၊ ဦးတည်ချက်ရှိမှုနှင့် ဘက်လိုက်မှုကင်းသော ပြည်သူ့ဝန်ထမ်းများ မွေးထုတ်နိုင်မည့် လေ့ကျင့်ရေးအစီအမံများ ချမှတ်နိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက် မြန်မာပြည်)တို့တွင် ဖွင့်လှစ်လျက်ရှိသော သင်တန်းများ၊ ပို့ချသည့် ဘာသာရပ်များ၊ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်း လေ့ကျင့်သင်ကြားရေးနှင့် ပတ်သက်၍ ပြဋ္ဌာန်းထားရှိသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် သင်တန်းများ ဖွင့်လှစ်ရေး စီစဉ်ဆောင်ရွက်ပေးမှုအခြေအနေနှင့် ဝန်ကြီးဌာန အဖွဲ့အစည်းများမှ သင်တန်းအမျိုးအစားအလိုက် တက်ရောက်ရန် အကျုံးဝင်ကျန်ရှိသော အရေအတွက်များကိုလည်းကောင်း သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြပြီး အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူများက စာတမ်းတင်ပြချက်များအပေါ် အဖွဲ့လိုက်ဆွေးနွေးပွဲများ ဆက်လက် ကျင်းပသည်။ အလုပ်ရုံဆွေးနွေးပွဲကို မေ ၂ ရက်မှ ၃ ရက်ထိ နှစ်ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။
(သတင်းစဉ်)

အင်းစိန်မြို့နယ်ရှိ ပြည်သူများ ရေမြောင်းပိတ်ဆို့မှုရှင်းလင်းပေးရန် အဓိကထားတင်ပြ

ရန်ကုန် မေ ၂

ရေမြောင်းများပိတ်ဆို့မှုကို ရှင်းလင်းပေးရန် အင်းစိန်မြို့နယ်ရှိ ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧပြီ ၂၄ ရက်က တွေ့ဆုံစဉ် အဓိကထားတောင်းဆိုခဲ့ကြသည်။

အင်းစိန်မြို့နယ်တွင် ရပ်ကွက်ပေါင်း ၂၁ ခုရှိပြီး ယာဉ်ကြောကျပ်တည်းသည့် ကိစ္စ၊ ရပ်ကွက်ဈေးများတွင် လမ်းပေါ်တက်ဈေးရောင်းနေမှု၊ လျှပ်စစ်မီးမမှန်ခြင်းနှင့် မီးလာစဉ် မီးအား အတက်အကျ မမှန်ခြင်းများနှင့် စည်ပင်ရေရရှိရေး စသည်ဖြင့် တင်ပြခဲ့ကြသော်လည်း ရေမြောင်းများ ပိတ်ဆို့သည့်ကိစ္စကိုသာ အဓိကထားတင်ပြခဲ့ကြသည်။

စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုကြောင့် ရေမြောင်းအများစုမှာ ပိတ်ဆို့နေသလို အချို့အိမ်များတွင် ရေနုတ်မြောင်းများကို ပိတ်ကာမြေသားဖို့ခြင်း၊ ကွန်ကရစ်ခင်းများ ပြုလုပ်ထားခြင်းနှင့် စပ်လျဉ်း၍ "အရင်က ရေစီးရေလာကောင်းပါတယ်။ ပြီးခဲ့တဲ့နှစ်တွေကစပြီး ရေမြောင်းတွေ ပိတ်ဆို့လာတာ ခြံတွေထဲမှာ ရေတွေဝပ်တဲ့အထိ ဖြစ်လာတော့ ခြင်တွေ ပေါက်ပွားလာပါတယ်။ အခု မိုးတောင်မရွာသေးဘူး ကျွန်မတို့အိမ်ဆို ရေတွေဝင်ပါပြီ" ဟု အင်းစိန်မြို့နယ်နေ ဒေါ်သင်းသင်းစုအောင်က ပြောသည်။

အိမ်ရှေ့ရေမြောင်းများပိတ်ဆို့မှုကို ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နိုင်သော်လည်း ရပ်ကွက်ကြီး ခုနစ်ခု၊ ရှစ်ခုခန့်ကို ဖြတ်သန်းစီးဆင်းနေသည့် ကသွယ်ချောင်းကဲ့သို့သော ချောင်းကြီး၊ မြောင်းကြီးများကိုမူ မိုးရာသီမရောက်မီ ဦးစားပေးဆောင်ရွက်ရန် ပြည်သူအများစုက တင်ပြကြသည်ဟုလည်း သိရသည်။

"ပြည်သူတွေတင်ပြတဲ့ အချက်အလက်တွေကို ဧပြီ ၂၉ ရက်က ဌာနဆိုင်ရာတွေကို ညှိနှိုင်းအကြံပြုထားပါတယ်။ လုပ်နိုင်တဲ့ကိစ္စတွေကို လုပ်ပေးပါ့မယ်ဆိုတဲ့ နှုတ်ကတိလည်းရခဲ့ပါတယ်" ဟု အင်းစိန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်က ပြောသည်။

ရေစီးရေလာ ကောင်းမွန်စေရေးအတွက် စီမံချက်များချမှတ်ဆောင်ရွက်နေပြီဖြစ်သလို အားလုံးပူးပေါင်းပါဝင်သင့်ကြောင်းကို "အခုမိုးမကျခင်မှာ စီမံချက်တွေချပြီး ဆောင်ရွက်နေပါပြီ။ ရေစီး၊ ရေလာ ကောင်းမွန်စေရေးအတွက် ပြည်သူတွေဘက်ကလည်း အမှိုက်တွေကို နောက်ဖေးလမ်းကြားတွေ၊ ရေမြောင်းတွေမှာ အလွယ်တကူ မစွန့်ပစ်ဘဲ အမှိုက်ပုံ၊ အမှိုက်ကန်တွေမှာ စနစ်တကျစွန့်ပစ်ကာ ပူးပေါင်းပါဝင်ဖို့ လိုအပ်ပါတယ်" ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ခေတ္တဒုတိယဌာနမှူး ဦးဇော်ဝင်းနိုင်က ဆိုသည်။

အစိုးရသစ် လက်ထက်တွင် လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့ ရွေးကောက်ခံရသော မဲဆန္ဒနယ်မှ လူထုနှင့် တွေ့ဆုံကာ လွှတ်တော်ဆိုင်ရာ အတွေ့အကြုံရှင်းလင်းခြင်းနှင့် လူထု၏ လိုအပ်ချက်များကို နားထောင်ခြင်းတို့ကို ပထမဆုံးအကြိမ်အဖြစ် ဆောင်ရွက်ခဲ့ကြသည်။ လူထု၏ လိုလားချက်များကို စုစည်းကာ ဌာနဆိုင်ရာများထံ စာရင်းပြုစု လွှဲပြောင်းပေးခဲ့သလို ဆောင်ရွက်ပြီး၊ မပြီးကို မေးခွန်းများမေးမြန်းပြီး ထိန်းညှိသွားမည်ဖြစ်ကြောင်း သိရသည်။
နန္ဒာဝင်း

သေမင်းခံတွင်းဝက အပြန်

ကျော်ရင်မြင့်

ညီပုလေးနဲ့ ကျော်ရင်မြင့်တို့ အသက်ဆက်လက်ရှင်သန်နေကြရတဲ့ နာရီတိုင်း၊ မိနစ်တိုင်းဟာ နှစ်ယောက်စလုံးအတွက် အမြတ်ချည်းပါပဲ။ ဘာကြောင့်လဲဆိုရင် နှစ်ယောက်စလုံးဟာ ပြီးခဲ့တဲ့ရက်ပိုင်းက သေမင်းခံတွင်းဝက ပြန်ထွက်လာခဲ့ကြတာကြောင့်ပါ။

အဖြစ်အပျက်က ဒီလိုပါ။ ကျွန်တော်တို့နှစ်ယောက်ကို မွန်ပြည်နယ် သထုံမြို့နယ် ကတက်ကြီးရွာက စာပေဟောပြောပွဲဖိတ်ပါတယ်။ စာပေဟောပြောပွဲစီစဉ်သူတွေက အစစအရာရာအဆင်ပြေအောင် ဆောင်ရွက်ပေးကြတယ်။ မန္တလေးမြို့မှာ နေထိုင်တဲ့ ကျွန်တော်တို့နှစ်ယောက်စလုံးကို အိမ်တိုင်ရာရောက် ကားနဲ့ကြိုတာ၊ ပြန်ပို့တာ စီစဉ်ပေးထားတယ်။

ကားက မန္တလေးက။ နံပါတ်နီ အငှားကား။ နံပါတ်မြင့် ဂျာမနီလုပ် နောက်ဆုံးပေါ်ကားအကောင်းစားပါ။ ကားဆရာကလည်း ခပ်သွက်သွက်၊ ခင်မင်နှစ်လိုဖွယ်ရာပါ။ ကျွန်တော်တို့ စာပေဟောပြောပွဲသွားကြတဲ့အခါ ဟောပြောပွဲပြီးတာနဲ့ ညတွင်းချင်း ပြန်လေ့ရှိကြတယ်။ စာရေးဆရာတွေ ညတွင်းချင်းပြန်သွားရင် ဟောပြောပွဲစီစဉ်သူတွေအတွက် ညအိပ်စရာ နေရာစီစဉ်ရတဲ့ ကုန်ကျစရိတ်၊ နောက်မနက်ဧည့်ခံကျွေးမွေးရတဲ့ ဒုက္ခသက်သာပါတယ်။ ကျွန်တော်တို့အတွက်လည်း အချိန်ကုန်သက်သာတယ်။

ဒါပေမယ့် အခုခရီးစဉ်က ခရီးဝေးတယ်။ ဒါကြောင့် စာပေဟောပြောပွဲ ပြီးလျှင်ပြီးချင်း ညတွင်းချင်းမပြန်ဘဲ တစ်ညအိပ်ကြမယ်လို့ ဆုံးဖြတ်တယ်။ ကားဆရာကတော့ ညမောင်း မောင်းရတာကို ပိုကြိုက်တယ်ဆိုပေမယ့် ကိုညီပုလေးက သူ့ကို အိပ်ရေးဝဝအိပ်စေချင်တယ်။ ဒါမှ အားလုံးအတွက် အန္တရာယ်ကင်းကြမှာ။

ကားကလေးကလည်း အကောင်းစားလေးဆိုတော့ မန္တလေး-ရန်ကုန် လမ်းပေါ်ရောက်တာနဲ့ လေးညို့ကပစ်လိုက်တဲ့မြားလိုပဲ ဝှစ်ခနဲပြေးတော့တာပါပဲ။ အမြန်လမ်းပေါ်မှာ ကားမတော်တဆမှုတွေဖြစ်ပြီး နေ့စဉ်နဲ့အမျှ ထိခိုက်သေကျေဒဏ်ရာရတဲ့ သတင်းတွေကို သိနေရတော့ အဲဒီလူတွေထဲကိုယ်လည်း မပါချင်ပါဘူး။

ကားဆရာ မောင်းတာတော်တော်မြန်တာကို ကျွန်တော်သတိထားမိတယ်။ ဒါကြောင့် သူ့ကိုသွယ်ဝိုက်ပြီး သတိပေးဖို့ လိုတယ်လို့ ကျွန်တော်ထင်တယ်။ ရန်ကုန်-မန္တလေးအမြန်လမ်းမှာ တာဝန်ရှိတဲ့ အင်ဂျင်နီယာကြီး ဦးကြည်ဇော်မြင့်က သူ့ဖေ့စ်ဘွတ်ခ်မှာ အမြန်လမ်းပေါ်အန္တရာယ်ကင်းကြစေဖို့ ယာဉ်တွေဘက်က လိုက်နာလုပ်ဆောင်သင့်တာတွေကို မကြာခဏရေးလေ့ရှိပါတယ်။ အဲဒီအကြောင်းကို စကားစပ်ပြီး ကိုညီပုလေးကို ကျွန်တော်ပြောတယ်။

ကျွန်တော်ပြောတာကို ကားဆရာကလည်း ကားမောင်းရင်း နားစွင့်နေတာ မြင်ရတော့ ဝမ်းသာမိတယ်။ ကိုညီပုလေးက ဘယ်လိုအချက်အလက်တွေပါသလဲလို့မေးတယ်။

အမြန်လမ်းပေါ်မှာ မောင်းတဲ့ကားတွေအနေနဲ့ သတ်မှတ်ထားတဲ့ အမြန်နှုန်း ကီလို ၁၀၀ ထက် ပိုမမောင်းကြဖို့လည်း ပါတယ်လို့ ပြန်ပြောပြလိုက်တယ်။ ကားဆရာက သူ အခုမောင်းနေတာ ကီလို ၁၅၀ လောက်ရှိတယ်၊ သူက ဒီနှုန်းမောင်းနေကျဆိုပြီးပြောတော့ ကိုညီပုလေးက ဒီလောက်များများ မမောင်းသင့်ဘူးလို့ ပြန်ပြောတယ်။ ကျွန်တော့်ရည်ရွယ်ရင်း ရောက်လာသားပဲ။

ဒီအချိန်မှာပဲ ကားဆရာရဲ့လက်ကိုင်ဖုန်းက အသံမြည်လာတယ်။ ဆရာသမားက အမြန်နှုန်းမလျှော့ဘဲ ဖုန်းပြောတယ်။ သူ့ကားစီးနေကျဖောက်သည်က ဆက်တာပါ။ ကားကို မောင်းမြဲအတိုင်း မောင်းရင်း အဲဒီကိစ္စအတွက် အခြားဖုန်းတွေကို သူက ခေါ်ပြန်တယ်။ ဒီကိစ္စပြီးတော့ နောက်ကိစ္စ၊ နောက်ကိစ္စပြီးတော့ နောက်ကိစ္စ၊ ဖုန်းက ခဏခဏလာတယ်။ ကားဆရာကလည်း ကားမောင်းမပျက် ဖုန်းပြောလိုက်၊ ဖုန်းခေါ်လိုက်။ ကျွန်တော်ကတော့ သူ့ကားစီးရင်း ရင်ခုန်သံနည်းနည်း ပိုမြန်လာတယ်။

ဖုန်းပြောနားချိန်မှာ ကားဆရာက သူ့ကားကို ငှားစီးနေကျဖောက်သည်တွေ ရှိတယ်လို့ပြောပါတယ်။ ဖောက်သည်အမျိုးသမီးတစ်ယောက်က သူ့ကို ရွှေစက်တော်သွားဖို့ငှားသတဲ့။ သူက သူ့အလေ့အတိုင်း ကီလို ၁၅၀ လောက်မောင်းသတဲ့။ ရွှေစက်တော်လမ်းက လမ်းကကျဉ်းကျဉ်း၊ ကုန်းတက်ကုန်းဆင်းကများများ၊ တစ်ခါတစ်ရံ ကုန်းအတက်မှာ မျက်နှာချင်းဆိုင်ကလာတဲ့ကားကို ဘွားခနဲတွေ့ရတာမျိုးတွေ မကြာခဏကြုံရတယ်တဲ့။ ဒီလိုကြုံရင် စတီယာရင်ကို ဆွဲလှည့်ပြီး ရှောင်ရတိမ်းရတာ သည်းထိတ်ရင်ဖိုပဲတဲ့။ ကားငှားစီးလာတဲ့ ဖောက်သည် အမျိုးသမီးက နှလုံးရောဂါအခံရှိတော့ ကားဆရာပေးတဲ့ သည်းထိတ်ရင်ဖိုအရသာကို မခံစားနိုင်လို့ နောက်ထပ် ကားငှားမစီးတော့ဘဲ ဖောက်သည်ပျက်သွားတဲ့အကြောင်း ကားဆရာက ပြောပြပါတယ်။ ကိုညီပုလေးက ကိုယ်တို့နှစ်ယောက်လည်း ညီလေးကားစီးမှ နှလုံးရောဂါရနေပါဦးမယ် ဖြည်းဖြည်းမောင်းပါလို့ ထပ်ပြီးသတိပေးတယ်။

ကားတွေ သိပ်ကောင်းလာတာ ဝမ်းသာစရာပါ။ ကားဆရာတွေ ကျွမ်းကျင်ကြတာလည်း ချီးကျူးပါတယ်။ ဒီလိုကားတွေကကောင်း၊ ဆရာသမားတွေက ကျွမ်းကျင်နေကြပါလျက်နဲ့ နေ့စဉ်နဲ့အမျှ အမြန်လမ်းပေါ်မှာ ထိခိုက်သေကျေဒဏ်ရာရနေကြတာက အမြန်လမ်းကြီး အဆင့်မမီလို့ဆိုပြီး ကျွန်တော်ကတော့ အပြစ်ပုံမချချင်ပါဘူး။ အမြန်လမ်းမကြီးက ကောင်းသင့်သလောက် မကောင်းသေးတာ ကျွန်တော်လက်ခံပါတယ်။ ကောင်းသင့်သလောက် မကောင်းသေးဘူးလို့ ပြောကြတဲ့ အမြန်လမ်းမကြီးပေါ်မှာ ယာဉ်မောင်းလူကြီးမင်းများက ယာဉ်မှူးကောင်းတွေ ပီသကြမှ အန္တရာယ်က ကင်းကြမှာပါ

ဒါပေမယ့်လည်း ကားဆရာက ကားပြိုင်ပွဲဝင်သလိုမောင်းရတာကို ပျော်မွေ့ပုံရပါတယ်။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်မှာ ကားတွေရဲ့ အမြန်နှုန်းကို စစ်ဆေးပြီး ကိန်းဂဏန်းပြသပေးတဲ့နေရာတွေ အများကြီးရှိပါတယ်။ မောင်းလာတဲ့ကား အဲဒီကိရိယာအနီးကို ရောက်လာရင် ဘယ်နှုန်းနဲ့မောင်းနေတယ်ဆိုတာကို ကိန်းဂဏန်းနဲ့ဖော်ပြပေးတယ်။ ကီလိုမီတာ ၁၀၀ အောက်ဆိုရင် ဂဏန်းက အစိမ်းရောင်၊ ကီလိုမီတာ ၁၀၀ ကျော်ရင် အနီရောင်နဲ့ပြတယ်။ ကျွန်တော်တို့ ကားကလေးကတော့ အနီရောင်ထိခဲ့တာများပါတယ်။

မော်တော်ယာဉ်မောင်းသူအချို့ကတော့ အမြန်နှုန်းပြကိရိယာကို အလေးထားပါတယ်။ အမြန်နှုန်းပြကိရိယာအနီးကို ရောက်လာရင် အရှိန်လျှော့ကြတယ်။

အမြန်နှုန်းပြကိရိယာလေးတွေ လမ်းတစ်လျှောက်မှာ တပ်ဆင်ထားပြီး သတ်မှတ်နှုန်းထက်ပိုကာ မောင်းနှင်တဲ့ယာဉ်တွေကို ဘယ်လိုအရေးယူသလဲ ကျွန်တော်မသိပါ။ ဖြစ်စေချင်တာကတော့ သတ်မှတ်နှုန်းထက်ပိုပြီး မောင်းတဲ့ကားဆိုရင် သူ့ရှေ့မှာရောက်မယ့် တိုးဂိတ်ကို ကိရိယာက သတင်းပို့၊ အမြန်လမ်းစည်းကမ်း မလိုက်နာဘဲ မောင်းလာတဲ့ကား တိုးဂိတ်ရောက်ရင် ဆက်သွားလို့မရအောင် မောင်းတံက ပိတ်နေတာမျိုးဖြစ်စေချင်ပါတယ်။ သူပိုမောင်းတဲ့ နှုန်းထားအလိုက်ဒဏ်ကြေးဆောင်၊ သတိပေးချက်ပုံစံတွေ သိရှိကြောင်း ဖြည့်သွင်းပြီး လက်မှတ်ထိုး၊ သုံးကြိမ်ကျော်ရင် ယာဉ်မောင်းလိုင်စင်ကို အရေးယူတာမျိုးလုပ်ရင် အလေးထားလာကြမှာလား စဉ်းစားမိပါတယ်။

ခေတ်သစ်ကားကလေးတွေက သိပ်ကောင်းလွန်းတော့ မောင်းသူတွေက ပေါ့ဆကြတယ်။ ယာဉ်မောင်းက ခါးပတ်မပတ်ရင် ကားက သတိပေးတယ်။ ကျွန်တော်တို့ ရွှေမြန်မာတွေက ခါးပတ်မပတ်လို့ ခါးပတ်ပတ်ဖို့ကားက သတိပေးတာကို နားငြီးတယ်။ ဒါကြောင့် ခါးပတ်ခေါင်းအတု တစ်ခုကို အပိုဝယ်ပြီး ခါးပတ်ခေါင်းခွက်ထဲမှာ အသေထိုးထည့်ထားလိုက်တယ်။ ခေတ်ပေါ်ကားတွေခများလည်း ရွှေနိုင်ငံရောက်မှ အလှည့်စားခံလိုက်ကြရတယ်။ ခါးပတ်ခေါင်းအတု ထိုးထည့်ထားတော့ ခါးပတ်ပတ်ထားသလိုဖြစ်နေပြီး ကားခမျာ သတိမပေးမိရှာတော့ဘူး။

ယာဉ်မတော်တဆမှုတွေမှာ ထိခိုက်သေကျေရတာ ခါးပတ်မပတ်တာကလည်း အကြောင်းတစ်ချက် ဖြစ်ပါတယ်။ ဒါကြောင့် အမြန်လမ်းတိုးဂိတ်တွေကို ကားတွေရောက်လာရင် ယာဉ်မောင်း ခါးပတ်ပတ်သလား စိစစ်စေချင်ပါတယ်။ ခါးပတ်မပတ်တဲ့ယာဉ်မောင်းကို ဆက်သွားခွင့်မပြုဘဲ သတ်မှတ်မိုင်နှုန်းထက် ပိုမောင်းသူတွေလိုပဲ ပညာပေးပုံစံတွေကို ဖတ်ရှုပြီးသိရှိကြောင်း လက်မှတ်ထိုး၊ ဒဏ်ကြေးဆောင်ခိုင်းတာမျိုးလုပ်ရင် အလေးအနက် ပိုထားလာကြပါလိမ့်မယ်။ စီစီတီဗွီမှတ်တမ်းတွေက တိုးဂိတ်တိုင်းမှာ ရှိတာမို့ ခါးပတ်မပတ်ဘဲ မောင်းလာတဲ့ ယာဉ်မောင်းကို အရေးမယူဘဲ ဝန်ထမ်းက ခရီးဆက်သွားခွင့်ပေးလိုက်သလားဆိုတာ အလွယ်တကူစစ်ဆေးလို့ ရနိုင်ပါတယ်။

ဒဏ်ကြေးဆောင်ရတာထက် သတိပေး ပုံစံတွေဖြည့်ရ လက်မှတ်ထိုးရတာကြောင့် ခရီးကြန့်ကြာမှာကို လိုလားကြမှာမဟုတ်ပါဘူး။ ဒါဆိုရင် ပိုပြီးဆင်ခြင်တန်ကောင်းရဲ့လို့ မျှော်လင့်ရတာပါပဲ။ အချို့ကလည်း တိုးဂိတ်နားနီးမှ ခါးပတ်ကောက်ပတ်ကောင်းပတ်ကြမှာပါ။

ကျွန်တော်တို့ရဲ့ကားဆရာကတော့ အမြန်နှုန်းပြကိရိယာတွေအနီးကို ရောက်ရင် အရှိန်လျှော့ပေမယ့် ကီလို ၁၀၀ ကျော်နေသေးလို့ အနီရောင်ထိတာ ဖြစ်ပါတယ်။ သူကသူ့ကားသိပ်ကောင်းတာကို အားကိုးလွန်းပါတယ်။ အပြန်ခရီး မန္တလေးဝင်ခါနီး နိုင်ငံတကာလေဆိပ်တိုးဂိတ်ကို လှမ်းမြင်နေရပါပြီ။ ကားဆရာက နင်းထားတဲ့ အမြန်နှုန်း ၁၀၀ ကျော်ကို မလျှော့သေးပါဘူး။ မိတ္ထီလာတိုးဂိတ်မှာ လမ်းကြေးဆောင်ခဲ့တဲ့ ပြေစာကို ရှေ့ကတိုးဂိတ်မှာ ပြရမှာပါ။ ကားဆရာက စတီယာရင်ကို လက်ကလွှတ်လိုက်ပြီး သူ့အိတ်ထောင်ထဲက ပြေစာကို ထုတ်တယ်။ တစ်ရွက်ချင်းကြည့်ကာ ရှေ့ဂိတ်မှာ ပြရမယ့်ပြေစာကို ရှာပါတယ်။ အမြန်နှုန်းကတော့ ပြိုင်ကားလိုနင်းထားဆဲပါ။ အဲဒီအချိန်တိုးဂိတ်ဝင်ခါနီး တံတားတစ်စင်းကို ဖြတ်ရပါတယ်။ တံတားကဆင်းခါနီးမှာ ပြေးနေတဲ့ ကားကလေးက လူးပြီး ယမ်းခါသွားတယ်။ ကားဆရာက စတီယာရင်ကို ဆွဲလှည့်လိုက်လို့ ကားက တံတားပေါင်နဲ့ ရိုက်မိတော့မယ့်အနေအထားက သီသီလေးလွဲသွားပါတယ်။

ကားနောက်ခန်း ညာဘက်ကထိုင်လိုက်လာတဲ့ ကိုညီပုလေးက ဘယ်လိုဖြစ်တာလဲလို့ အလန့်တကြားမေးတယ်။ ကားဆရာက လမ်းကလူးသွားတာလို့ ဖြေတယ်။ ကားဆရာနဲ့ ခါးလွယ်ခုတ်နောက်ခန်းဘယ်ဘက်က ထိုင်စီးလာတဲ့သူ ကျွန်တော်က သူစတီယာရင်ကို လက်လွှတ်ပြီးပြေစာတွေရှာနေတာ မြင်နေရတယ်။ သူနင်းထားတဲ့ ကီလို ၁၀၀ ကျော်အမြန်နှုန်းနဲ့ စက္ကန့်ပိုင်းသာနောက်ကျသွားရင် ကျွန်တော်တို့အားလုံးအရိုးအသားတခြားစီ ဖြစ်သွားမှာအသေအချာပါပဲ။

ကားတွေသိပ်ကောင်းလာတာ ဝမ်းသာစရာပါ။ ကားဆရာတွေ ကျွမ်းကျင်ကြတာလည်း ချီးကျူးပါတယ်။ ဒီလိုကားတွေကကောင်း၊ ဆရာသမားတွေက ကျွမ်းကျင်နေကြပါလျက်နဲ့ နေ့စဉ်နဲ့အမျှ အမြန်လမ်းပေါ်မှာ ထိခိုက်သေကျေဒဏ်ရာရနေကြတာက အမြန်လမ်းကြီး အဆင့်မမီလို့ဆိုပြီး ကျွန်တော်ကတော့ အပြစ်ပုံမချချင်ပါဘူး။ အမြန်လမ်းမကြီးက ကောင်းသင့်သလောက် မကောင်းသေးတာ ကျွန်တော်လက်ခံပါတယ်။ ကောင်းသင့်သလောက် မကောင်းသေးဘူးလို့ ပြောကြတဲ့ အမြန်လမ်းမကြီးပေါ်မှာ ယာဉ်မောင်းလူကြီးမင်းများက ယာဉ်မှူးကောင်းတွေ ပီသကြမှ အန္တရာယ်က ကင်းကြမှာပါ။

ယာဉ်မောင်းလူကြီးမင်းများ ပိုကောင်းလာအောင် ဝိုင်းဝန်းထိန်းမတ်ပေးကြဖို့ လိုပါတယ်။

ပုသိမ်မြို့ရွှေစည်းခုံကန်လမ်း ကိုယ့်အားကိုယ်ကိုး သောက်သုံးရေကန်ကြီး အောင်မြင်စွာ တူးဖော်နိုင်သဖြင့် ဒေသခံတို့ကြည်နူးဝမ်းမြောက်လျက်ရှိ

ပုသိမ် မေ ၂

အယ်နီညို အပူလှိုင်းဒဏ်ပြင်းထန်မှုကြောင့် ပုသိမ်မြို့အမှတ်(၂)နယ်မြေ ရွှေစည်းခုံ ကန်လမ်းရပ်ကွက်ကြီး၌ ပြည်သူများ သောက်သုံးရေအခက်အခဲနှင့် မီးဘေးကာကွယ်ရေးအခက်အခဲ ကြုံတွေ့နေကြရသည်။ ထို့ကြောင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်အုံး၊ ရပ်ကွက် ဖွံ့ဖြိုးအထောက်အကူကော်မတီ ဦးမော်ကြီး၊ အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတင်ထွန်းတို့ ဦးဆောင်သော ဒေသခံပြည်သူတို့ ညီညွတ်စွာ ဆောင်ရွက်မှုဖြင့် ရှေးယခင်ကတိမ်ကောပျက်စီးနေသော ရေကန်ဟောင်းနယ်နိမိတ်ကို အသစ်ပြန်လည်ဖော်ထုတ်ပြီး ပေ၂၀၀ ပတ်လည် အနက် ၁၂ ပေ၊ ကန်ပေါင် ခြောက်ပေ အမြင့်ဖြင့် ပန်းအလှစိုက်ခင်းများ စိုက်ပျိုးလျက်ရှုမောသာယာဖွယ် ရွှေစည်းခုံကန်တော်မင်္ဂလာအဖြစ် စီမံလျက် မတ် ၂၇ ရက် နံနက် ၈ နာရီက စတင်တူးဖော်ခဲ့ရာ ဧပြီ ၂၃ ရက်တွင် ရေကန်တူးဖော်ရေးလုပ်ငန်း အောင်မြင်ခဲ့သည်။ သို့သော်သဘာဝရေ လွှတ်ကြောများ ခန်းခြောက်ပျောက်ကွယ်နေသဖြင့် ကန်ရေအခက်အခဲ ကြုံတွေ့ကြရသည်။ ထို့ကြောင့် မြို့နယ်စည်ပင်ကော်မတီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူအကျိုးဆောင်များ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဖြင့် ပုသိမ်မြစ်တွင်းမှ ပေ ၃၀၀၀ ကွာဝေးသော ရွှေစည်းခုံကန်တော်မင်္ဂလာအတွင်းသို့ ရေပိုက်ကြီးများ သွယ်တန်းလျက် နေ့၊ ညမပျက်နာရီ ပေါင်း ၄၀ ကျော် ခက်ခက်ခဲခဲမြစ်ရေများ ပို့လွှတ်ပြီး သိုလှောင်နိုင်ခဲ့သဖြင့် မေ ၂ ရက် နံနက် ၄ နာရီတွင် ပေ ၂၀၀ ပတ် လည်ရေအနက် ၁၂ ပေမြစ်ရေများ ပြည့်ဝစွာဖြင့် တင့်တယ်သာမောရှိနေ သည်။

မည်သို့ဖြစ်စေ "ထမင်းအသက်ခုနစ်ရက်၊ ရေအသက်တစ်မနက်ဆိုသလို ပူလောင်ပြင်းပြတဲ့ နွေရာသီမှာ ရေခိုးရေရိပ်အေးအေးနဲ့ ချိုးသုံးနိုင်ခွင့်ရရှိလို့ ကိုယ်လက်ကျန်းမာစိတ်ချမ်းသာမှုရရှိပါတယ်၊ မီးဘေးကာကွယ်ရေးအတွက်လည်း စိတ်အေးချမ်းသာရပါတယ်" ဟု အသက် ၈၀ ကျော် အဘွားဒေါ်လုံမကဝမ်းသာအားရ ပြောသည်။

ပုသိမ်-လှကြည်

သတင်းလွတ်လပ်ခွင့်နှင့် မြန်မာ့မီဒီယာ

ဒေါက်တာ သီတာတင်

မေလ ၃ရက်နေ့မှာ ကျရောက်မယ့် World Press Freedom Day ကို ရန်ကုန်မြို့ရှိ Chatrium Hotel မှာ ကျင်းပမှာဖြစ်ပါတယ်။ ဒီအခမ်းအနားကို မြန်မာနိုင်ငံမှာ ၂၀၁၂ခုနှစ်က စတင်ပြီး ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ယူနက်စကိုတို့ ပူးပေါင်းပြီး နှစ်စဉ်ကျင်းပခဲ့တာ ယခုနှစ် ၂၀၁၆ ခုနှစ်မှာ (၅)ကြိမ်မြောက်ရှိခဲ့ပြီ ဖြစ်ပါတယ်။

အဲဒီနေ့ ပေါ်ပေါက်လာပုံကတော့ ၁၉၉၁ ခုနှစ်မှာ ကျင်းပပြုလုပ်တဲ့ ယူနက်စကို အထွေထွေညီလာခံရဲ့(၂၆)ကြိမ်မြောက် ဆွေးနွေးပွဲကနေ ထောက်ခံအတည်ပြုခဲ့ပြီး ၁၉၉၃ ခုနှစ် ယူနက်စကို ညီလာခံမှာ မေလ ၃ ရက်နေ့ကို World Press Freedom Day အဖြစ် သတ်မှတ်ကြေညာခဲ့ပါတယ်။

ဒီနေ့ကို ကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတွေမှာ သတင်းလွတ်လပ်ခွင့် မည်သည့်အတိုင်းအတာတစ်ခုအထိ ရှိနေတယ်ဆိုတဲ့ အခြေအနေတွေကို သက်ဆိုင်ရာ ပြည်သူတွေသိရှိနိုင်အောင် အသိပေးဖို့၊ သတင်းလွတ်လပ်မှု အရေးပါပုံနဲ့ ပတ်သက်ပြီး သိမြင်နားလည်မှုမြှင့်တင်ဖို့နဲ့ Windhoek ကြေညာစာတမ်းနဲ့ ၁၉၄၈ ခုနှစ် Universal Declaration of Human Rights ရဲ့ Article 19 ပါအချက်ဖြစ်တဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုကို ကမ္ဘာ့နိုင်ငံများရဲ့အစိုးရတွေက လေးစားကျင့်သုံးဖို့ တာဝန်ရှိတယ်ဆိုတဲ့အချက်ကို သတိပေးလိုတဲ့အနေနဲ့ ကျင်းပခြင်းပဲဖြစ်တယ်။

မြန်မာနိုင်ငံရဲ့ သတင်းလွတ်လပ်မှုအဆင့်ကတော့ ၂၀၁၆ ခုနှစ် Reporters Without Borders Index အရ လေ့လာမှုပြုထားတဲ့ နိုင်ငံပေါင်း ၁၈၀ အနက် အဆင့် ၁၄၃ မှာရှိနေခဲ့လို့ ယခင်နှစ်နဲ့စာရင် အဆင့်တစ်နေရာ တက်လာခဲ့ပါတယ်။ အရှေ့တောင်အာရှ ၁၀ နိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် အဆင့် (၅)နေရာမှာ ရှိပါတယ်။ နိုင်ငံရေးပွင့်လင်းလွတ်လပ်မှုစတင်ခဲ့တာ သိပ်မကြာသေးပေမယ့် သတင်းလွတ်လပ်ခွင့်မှာ ဒီလောက်အဆင့်ဖြစ်လာတာ မဆိုးလှဘူးဆိုပေမယ့် ယခုထက်ပိုပြီး အဆင့်တက်လာဖို့ မြန်မာနိုင်ငံရဲ့ သတင်းလွတ်လပ်မှုကို တိုးမြှင့်ပေးရမှာ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် မတ်လမှာ တာဝန်ယူလာတဲ့ အစိုးရသစ်ကလည်း မြန်မာနိုင်ငံရဲ့ မီဒီယာကဏ္ဍကို မြှင့်တင်ပေးမယ်လို့ ပြောကြားမှုတွေအရ သိရှိရတဲ့အတွက် အလားအလာကောင်းတွေ တွေ့ရှိရပါတယ်။ သတင်းလွတ်လပ်ခွင့်နဲ့ ပတ်သက်ဆက်စပ်နေတဲ့ ပြည်သူတွေအတွက် သတင်းအချက်အလက်ရရှိပိုင်ခွင့် ဥပဒေတစ်ရပ် ပေါ်ထွက်လာနိုင်အောင်လည်း စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

အစိုးရသစ်က မီဒီယာကဏ္ဍကိုမြှင့်တင်ပေးမယ်လို့ ပြောကြားမှုတွေရှိသလို မီဒီယာအနေနဲ့ကလည်း မီဒီယာဆိုင်ရာ ကျင့်ဝတ်တွေကိုလည်း လိုက်နာဖို့လိုပါတယ်။ ဒါမှသာ တာဝန်ယူမှုရှိပြီး နိုးကြားတက်ကြွတဲ့ မြန်မာ့မီဒီယာအဖြစ် နိုင်ငံတကာအလယ်မှာ ဝင့်ဝင့်ထည်ထည် ရှိနေမှာဖြစ်ပါတယ်။

လက်ရှိ မြန်မာနိုင်ငံရဲ့မီဒီယာကျင့်ဝတ်နဲ့ ပတ်သက်ပြီး ဘယ်လောက်လိုက်နာမှုရှိသလဲလို့ စာရေးသူ လေ့လာကြည့်ပါတယ်။ ဒီလိုလေ့လာတဲ့အခါ မြန်မာနိုင်ငံရဲ့ ထုတ်ဝေမှုအနေအထားကို ပထမဦးဆုံး ဆန်းစစ်ကြည့်တော့ မြန်မာနိုင်ငံအတွင်း ပုဂ္ဂလိကနဲ့ အစိုးရထုတ်သတင်းစာထုတ်ဝေခွင့် ၃၅ စောင် ခွင့်ပြုထားတဲ့အနက် ဈေးကွက်မှာ ၂၂ စောင်၊ ထုတ်ဝေခွင့်ရရှိတဲ့ မဂ္ဂဇင်း ၃၃၂ စောင်အနက် ဈေးကွက်မှာ ၂၀၅ စောင်၊ ခွင့်ပြုသတင်းအေဂျင်စီ ၃၂ခု အနက် ၂၃ခု လည်ပတ်လျက်ရှိပြီး ခွင့်ပြုထားတဲ့ အထွေထွေထုတ်ဝေမှု ၉၇၄ ခု ရှိပါတယ်။ ဂျာနယ်ထုတ်ဝေခွင့် ၄၃၇ စောင် ခွင့်ပြုထားရှိပြီး စုစုပေါင်း အစောင် ၂၆၀ ထွက်ရှိလျက် ရှိပါတယ်။ ဒီထုတ်ဝေမှုတွေအနက် အချို့ထုတ်ဝေမှုတွေက ဘာသာရေး၊ လူမှုရေးကိစ္စတွေနဲ့ ပတ်သက်ပြီး တစ်ဖက်နဲ့တစ်ဖက် နားလည်မှုလွဲမှားစေနိုင်တဲ့ အချက်တချို့

> ■ နိုင်ငံရေးပွင့်လင်းလွတ်လပ်မှု စတင်ခဲ့တာ သိပ်မကြာသေးပေမယ့် သတင်းလွတ်လပ်ခွင့်မှာ ဒီလောက်အဆင့်ဖြစ်လာတာ မဆိုးလှဘူးဆိုပေမယ့် ယခုထက်ပိုပြီး အဆင့်တက်လာဖို့ မြန်မာနိုင်ငံရဲ့ သတင်းလွတ်လပ်မှုကို တိုးမြှင့်ပေးရမှာဖြစ်
>
> ■ အစိုးရသစ်က မီဒီယာကဏ္ဍကို မြှင့်တင်ပေးမယ်လို့ ပြောကြားမှုတွေရှိသလို မီဒီယာအနေနဲ့ကလည်း မီဒီယာဆိုင်ရာ ကျင့်ဝတ်တွေကိုလည်း လိုက်နာဖို့လိုပါတယ်။ ဒါမှသာ တာဝန်ယူမှုရှိပြီး နိုးကြားတက်ကြွတဲ့ မြန်မာ့မီဒီယာအဖြစ် နိုင်ငံတကာအလယ်မှာ ဝင့်ဝင့်ထည်ထည် ရှိနေမှာဖြစ်

ရေးသားဖော်ပြတာတွေ့ရှိရပါတယ်။ ဒီလိုရေးသားချက်တွေအပေါ် နိုင်ငံတည်ငြိမ်အေးချမ်းရေး ရှုထောင့်အရ ယခင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဂျာနယ်ထုတ်ဝေသူနဲ့ ဆောင်းပါးရှင်တွေကို ခေါ်ယူမေတ္တာရပ်ခံ ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ရခြင်းမျိုးလည်း ရှိခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုး ၁၀၀ ကျော် စုပေါင်းနေထိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှု ပျက်ပြားစေမယ့် ရေးသားချက်တွေ၊ ခွဲခြားဆက်ဆံတာတွေ၊ ထိခိုက်နစ်နာစေမယ့် နှိမ့်ချတဲ့ရေးသားချက်တွေကို အထူးဂရုပြုရေးသားရမှာဖြစ်ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံမှာ နှစ်ပေါင်းများစွာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေရှိခဲ့လို့ ငြိမ်းချမ်းရေးဖော်ဆောင်နေချိန်မှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေနဲ့ ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးပွဲတွေကို အပြုသဘော မဆန်တဲ့ ရေးသားချက်တွေနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှုလမ်းစဉ်ကို ပြည်သူများ အထင်အမြင်လွဲမှားအောင် ရေးသားဖော်ပြမှုတွေကိုလည်း လေ့လာတွေ့ရှိခဲ့ပါတယ်။

လွတ်လပ်စွာ ထုတ်ဝေဖြန့်ချိခွင့်ပြုမှုကို ၂၀၁၂ ဩဂုတ်လမှာ ရရှိပြီးနောက် အချို့သော ထုတ်ဝေစာတွေမှာ လိင်အသားပေးညစ်ညမ်းစာတွေ၊ ပုံတွေ ဖော်ပြလာပြီး အမုန်းစကားပွားများစေမယ့် အကြောင်းအရာတွေ၊ လူပုဂ္ဂိုလ်နဲ့ အဖွဲ့အစည်းကို ထိခိုက်စေမယ့် အကြောင်းအရာတွေ၊ လူအများထိတ်လန့်စေမယ့် အကြောင်းအရာတွေ၊ နိုင်ငံတော်လုံခြုံရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေတဲ့ အကြောင်းအရာတွေ၊ လူမျိုးနဲ့ကိုးကွယ်မှုဘာသာ ကွဲပြားခြားနားမှုအပေါ် ခွဲခြားဆက်ဆံတဲ့အကြောင်းအရာတွေ ရေးသားလာတာ တွေ့ရှိရပါတယ်။

ဒီလိုရေးသားချက်များကြောင့် ပြန်ကြားရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံ ယခင်စာနယ်ဇင်းကောင်စီသို့ ညှိနှိုင်းအကြောင်းကြားခြင်းတွေကို (၁၀)ကြိမ် ဆောင်ရွက်မှု ရှိခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် ဩဂုတ်လမှစတင်ပြီး ၂၀၁၆ ခုနှစ် ဧပြီလအထိ စည်းကမ်းနဲ့ မညီညွတ်ဘူးဆိုပြီး မဂ္ဂဇင်းတစ်စောင်ကို ပိတ်သိမ်းခဲ့ပြီး ဝန်ကြီးဌာနမှ မဂ္ဂဇင်းတစ်စောင်နဲ့ ဂျာနယ်ရှစ်စောင်အား ခေါ်ယူသတိပေးတာ ရှိခဲ့ပါတယ်။

ကျင့်ဝတ်စည်းကမ်းတွေဆိုရာမှာ သတင်းလွတ်လပ်ခွင့်ကိုအားပေးရင်း မြန်မာနိုင်ငံလို လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုတွေ ကွဲပြားများပြားတဲ့ တိုင်းပြည်မှာ လူအုပ်စုအဓိကရုဏ်းတွေ၊ လက်နက်ကိုင်ပဋိပက္ခတွေရှိနေတဲ့ အခြေအနေမှာ နိုင်ငံရေးအရလည်း အတိမ်းအစောင်းမခံတဲ့ အသွင်ကူးပြောင်းရေးကာလကို ရောက်ရှိနေတာဖြစ်တဲ့အတွက် မိမိတို့နိုင်ငံရဲ့ တည်ငြိမ်ရေး၊ လုံခြုံရေး၊ အမျိုးသားသင့်မြတ်ညီညွတ်ရေးဆိုတဲ့ အကျိုးစီးပွားတွေနဲ့ ချိန်ဆရတာရှိပါမယ်။

အဲဒီလို ချိန်ဆရာမှာ တရားဝင်ထုတ်ဝေခွင့်ရရှိထားတဲ့ ပုံနှိပ်မီဒီယာတွေအပေါ်မှာပဲ ဥပဒေနဲ့အညီ ကိုင်တွယ်ဆောင်ရွက်နိုင်တာဖြစ်ပါတယ်။ ထုတ်ဝေခွင့်မရှိဘဲ အင်တာနက်အွန်လိုင်းပေါ်ကနေ ရေးသားဖော်ပြနေကြတဲ့ မီဒီယာအမျိုးမျိုးမှာတော့ ကျင့်ဝတ်ထိန်းသိမ်းမှုအခြေအနေက ပိုမိုအားနည်းပြီး အလွန်အမင်းရိုင်းပျတဲ့ စကားလုံးတွေ မောင်နဲ့နှမ သားနဲ့အမိ ကြည့်ဖို့တောင်မှ မသင့်တဲ့ပုံတွေ၊ မှန်၊ မမှန် တာဝန်ခံမှုမရှိတဲ့ သတင်းမှား ကောလာဟလတွေနဲ့ လူ့အဖွဲ့အစည်းအတွက် အဆိပ်အတောက်ဖြစ်စေမယ့်အကြောင်းအရာတွေ အများကြီး တွေ့ရှိနေရပါတယ်။

ဒီအခြေအနေတွေကို ထောက်ရှုသုံးသပ်ကြည့်ရင် မြန်မာနိုင်ငံရဲ့ မီဒီယာက ကျင့်ဝတ်နဲ့ပတ်သက်ပြီး လိုက်နာကျင့်သုံးဖို့ ကြိုးစားကြဖို့လိုတယ်ဆိုတာ လေ့လာသုံးသပ်တွေ့ရှိရပါတယ်။ မီဒီယာကျင့်ဝတ်ကို လေးစားလိုက်နာပြီး Universal Declaration of Human Rights၊ Windhoek ကြေညာစာတမ်းနဲ့ မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ လွတ်လပ်စွာ ရေးသားပြောဆိုထုတ်ဖော်မှုများကို ကျင့်သုံးခြင်းဖြင့် တာဝန်ယူတာဝန်ခံပြီး လွတ်လပ်တက်ကြွတဲ့ မီဒီယာလောကကြီး မြန်မာနိုင်ငံမှာ ခိုင်ခိုင်မာမာ ပေါ်ပေါက်လာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေလ ၃ ရက်နေ့မှာကျရောက်တဲ့ World Press Freedom Day ကို ယခုဆောင်းပါးလေးနဲ့ လှိုက်လှဲစွာကြိုဆိုလိုက်ပါတယ်။

မေ ၂ ရက် နံနက် ၇ နာရီခွဲက ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ် ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အရာထမ်း၊ အမှုထမ်းများ၊ သက်ဆိုင်ရာ Art Man Co., Ltd. အင်ဂျင်နီယာအဖွဲ့များ စင်ကာပူနိုင်ငံ DS. Screen CTP လေ့လာရေးခရီးစဉ် မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ် (မြန်မာ့အလင်း)

ပုသိမ်မြို့၌ သောက်သုံးရေကန်သစ်တူးဖော်ခဲ့သော်လည်း ဝဝန်မြစ်ရေများ ဖြည့်သွင်းပေးနေရ

ပုသိမ် မေ ၂

ပုသိမ်မြို့အမှတ် (၂) နယ်မြေ ရွှေစည်းခုံကန်လမ်း၌တည်ရှိသော ရှေးဟောင်းသောက်သုံးရေကန်ကြီးသည် လူနေအိမ်များ ထူထပ်မှုကြောင့် တိမ်ကောပျက်စီးလု ဖြစ်နေသော ရေကန်ကြီးဖြစ်သည်။ သို့သော် အယ်နီညိုအပူလှိုင်းဒဏ်ကြောင့် မီးဘေးကာကွယ်ရေးနှင့် ပြည်သူများ သောက်သုံးရေဖူလုံစေရေးအတွက် ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်အုန်း နှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများပူးပေါင်း၍ မတ် ၂၃ ရက်မှစ၍ ပေ ၂၀၀ ပတ်လည် အနက် ၁၂ ပေရှိ သောက်သုံးရေကန်ကြီး အသစ်ပြန်လည်တူးဖော်ခဲ့ရာ ဧပြီ ၂၃ ရက်တွင် ပြီးစီးခဲ့သော်လည်း ရေမရဘဲ ရေကြောများ ခန်းခြောက် ပျောက်ကွယ်နေကြောင်း သိရသည်။

ထို့ကြောင့် တာဝန်ရှိဒေသခံတို့ ညှိနှိုင်းတိုင်ပင်ပြီး မေ ၁ ရက်တွင် အဆိုပါ ရေကန်သစ်ကြီးအတွင်းသို့ ပေ ၂၈၀၀ ရှည်လျားသော ရေပိုက်ကြီးများ သွယ်တန်းလျက် ငဝန်မြစ်အတွင်းမှ မြစ်ရေများကို ဖြည့်တင်းပေးနေရကြောင်း သိရသည်။

ပုသိမ်-လှကြည်

ပန်းအစုံ လျှမ်းဂုဏ်တင့်ပါလို့

အသွင်မှန်မျိုး
ပင်သန်ရိုးလိုဆို
ပန်းဆိုအောင် ပန်းဂုဏ်ပြ
ပန်းလှသကို။
ပန်းချစ်သူရယ်ကြို
ပန်းလှပျို ချိုလေခင်း၊
အရိုးခံမို့
အမျိုးမှန်ပါဘိ
အဖိုးတန် ဂုဏ်ဆောင်ပြပါလို့
အနုအလှ သမုဒယရယ်နဲ့
(ပန်းကမ္ဘာမှာလေ)
မွှေးမြထုံသင်း။ ။

ဖိုးလေးလုံးသောင်းကိုကို

ရေလျော့နည်းနေသော ရေကန်နှစ်ကန်အား ဆည်ရေများဖြင့် ပြန်လည်ဖြည့်တင်း

ဇီးကုန်း မေ ၂

ဇီးကုန်းမြို့၌ မြို့လူထုသောက်သုံးရန် ဖြန့်ဝေပေးနေသော မင်္ဂလာရေကန်ကြီးနှင့် ဘုရားကြီးရေကန်တို့မှာ အယ်နီညိုရာသီဥတုဒဏ်ကြောင့် ရေများလျော့နည်းကျဆင်းလာ၍ ဧပြီလ တတိယပတ်တွင် ရေများခန်းလုနီးပါး ကြုံတွေ့ခဲ့သည်။

ထို့ကြောင့် ဆည်မြောင်းဦးစီးဌာန တောင်ညိုရေလှောင်တမံမှ ဆည်ရေအား ဧပြီ ၁၃ ရက်မှ ၂၈ ရက်အထိ ဖြည့်စွက်ရေအား ထုတ်လွှတ်ပေးနိုင်ခဲ့သည်။

ဆည်မြောင်းဦးစီးဌာနသည် ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၆ ခုနှစ် ဇွန်လအထိ JICA နှင့် ပူးပေါင်းဆောင်ရွက်မည့် တောင်ညိုဆည်မှရေပေးဝေမည့် မူလမြေသား မြောင်းနေရာ၌ ကွန်ကရစ်ရေမြောင်းများဖြင့်ဆောင်ရွက်မည့် စီမံကိန်းကာလအတွင်း ရေပေးဝေမှု ယာယီပိတ်ထားမည်ကို ကြိုတင်အသိပေးကြေညာထားပြီးဖြစ်ကြောင်း သိရသည်။

ကိုသက်(ဇီးကုန်း)

ပြည်သူ့လွှတ်တော်အစည်းအဝေး

ဆက်သွယ်ရေးကွန်ရက်များတိုးချဲ့ခြင်းကြောင့် ကျန်းမာရေးနှင့် ဘေးအန္တရာယ် ရှိ၊ မရှိ ဆွေးနွေး

နေပြည်တော် မေ ၂

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ မေးခွန်းသုံးခု မေးမြန်းဖြေကြားခြင်းနှင့် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို၏ **ဆက်သွယ်ရေးကွန်ရက်များကို တိုးချဲ့ပြုလုပ်လျက်ရှိရာ ရပ်ကွက်အတွင်း၊ ကျေးရွာအနီးအပါး တာဝါတိုင်များ တည်ဆောက်ခြင်းသည် မည်မျှအကျိုးရှိသည်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ရှိ၊ မရှိ**ကို ပြည်သူအများ ရှင်းလင်းစွာသိရှိအောင် မြန်မာ့အသံနှင့် အခြားမီဒီယာမှ ပညာပေးရှင်းလင်းရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ တာဝါတိုင်များကို ရပ်ကွက်များ၊ ကျေးရွာများအနီး ရွေးချယ်တည်ဆောက်ခြင်းကြောင့် Voice/ Data အပါအဝင် ဆက်သွယ်ရေးကွန်ရက် လွှမ်းခြုံနိုင်မှုဧရိယာ ပိုမိုကောင်းမွန်လာပြီး ဆက်သွယ်မှု ပိုမိုလျင်မြန်လွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်း၊

ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန၊ GSM Association မှ ကျွမ်းကျင်သူများ၊ Ericssion မှ လျှပ်စစ်သံလိုက် စက်ကွင်းသုတေသနပညာရှင်များနှင့် မိုဘိုင်းအော်ပရေတာများ ပူးပေါင်းဆောင်ရွက်ခဲ့သော တိုင်းတာမှုများအရ မြန်မာနိုင်ငံ၏ မိုဘိုင်းဆက်သွယ်ရေးကွန်ရက်များသည် နိုင်ငံတကာမှ သတ်မှတ်ထားသည့် နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိပြီး မိုဘိုင်းကွန်ရက်များ၏ ရေဒီယိုလှိုင်းနှုန်းများသည် ကျန်းမာရေးအပေါ် ထိခိုက်မှုရှိသည့် အထောက်အထားမတွေ့ရှိရကြောင်း၊ အင်တာနာများ၏ အနီးတစ်ဝိုက်တွင် နေထိုင်ခြင်း၊ မိုဘိုင်းဖုန်းများ အသုံးပြုခြင်းဖြင့် ကျန်းမာရေးထိခိုက်မည်ကို စိုးရိမ်ရန်မလိုအပ်ကြောင်း၊ ဥရောပ၊ မြောက်အမေရိကနှင့် အာရှတိုက်တို့တွင် အသုံးပြုသည့် မိုဘိုင်းစက်ပစ္စည်းနှင့် နည်းပညာများအတိုင်း မြန်မာနိုင်ငံ၏ မိုဘိုင်းကွန်ရက်တွင် အသုံးပြုထားကြောင်း၊ တာဝါတိုင်များနှင့်ပတ်သက်၍ ဒေသခံပြည်သူများအနေဖြင့် တာဝါတိုင်ကြံ့ခိုင်မှု၊ စက်သံဆူညံမှု၊ ကျန်းမာရေးအန္တရာယ်စိုးရိမ်ပူပန်မှုများကို ကွင်းဆင်း၍ အသိပညာပေး ရှင်းလင်းတင်ပြသွားမည်ဖြစ်သည့်အပြင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သတင်းစာ၊ ရေဒီယိုနှင့် အခြားမီဒီယာများမှလည်း အလျဉ်းသင့်သလို အသိပညာပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် က **ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၏ စစ်တွေမြို့မှ တောင်ပိုင်းခရိုင်များရှိ မြို့နယ်အသီးသီးသို့ ပို့ဆောင်သွားလာခဲ့သည့် ရေကြောင်းပို့ဆောင်ရေးဌာနပိုင် သင်္ဘောခရီးစဉ်များကို လက်ရှိအစိုးရလက်ထက်၌ ပြန်လည်စီစဉ်ပေးရန် ရှိ၊ မရှိနှင့် မဆောင်ရွက်နိုင်ပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကိုသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပင်လယ်ပြင်ဖြတ်သန်းပြေးဆွဲရသော အဆိုပါခရီးလမ်းကို မြစ်တွင်းသွားရေယာဉ်ဖြင့် ပြေးဆွဲခဲ့သည့်အတွက် နစ်မြုပ်မှုရှိခဲ့ပါကြောင်း၊ ဘေးကင်းလုံခြုံစွာသွားလာနိုင်ရေးအတွက် ကမ်းရိုးတန်းသွားရေယာဉ်ဖြင့် ပြေးဆွဲရန် ယခင်ပို့ဆောင်ရေးဝန်ကြီးက ဂျပန်နိုင်ငံ၏ အကူအညီရရှိရန် ဆွေးနွေးညှိနှိုင်းခဲ့ပါကြောင်း။

ထို့ကြောင့် အဆိုပါလမ်းကြောင်းတွင် သင်္ဘောပြေးဆွဲနိုင်ရန် ထောက်ပံ့ငွေ ဂျပန်ယန်း သန်း ၂၀၀ ရရှိခဲ့ပါကြောင်း၊ ယင်းထောက်ပံ့ငွေဖြင့် ရခိုင်ဒေသအတွက် လိုအပ်သော ကမ်းရိုးတန်းသွားရေယာဉ် တစ်စီးရရှိရန် ငွေကြေးလုံလောက်မှုမရှိပါကြောင်း၊ ထို့ကြောင့် ပြည်ပမှ သံပြား၊ သံကိုင်းများဝယ်ယူတင်သွင်းပြီး အမြန်ရေယာဉ်သစ်တစ်စီး တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ပမှ သံပြား၊ သံကိုင်းများရရှိလာပြီး ရေယာဉ်ဒီဇိုင်းရေးဆွဲခြင်းလုပ်ငန်း ပြီးစီးပါက အမြန်တည်ဆောက်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးကျော်စိုးလင်း က **နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**အား လွှတ်တော်သို့ တင်သွင်းရာတွင် ၁၉၇၅ ခုနှစ် တစ်ပါတီစနစ်ကျင့်သုံးစဉ်က ပြဋ္ဌာန်းခဲ့သည့် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေသည် ယင်းအချိန်က နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် လုံခြုံရေးကိုပါ ထိပါးနှောင့်ယှက်သူများ၏ ဘေးအန္တရာယ်မှ ကာကွယ်ရန်လိုအပ်ပါက နိုင်ငံတော်၏ ဒေသတစ်ခုခုတွင်ဖြစ်စေ၊ ဒေသအချို့တွင်ဖြစ်စေ၊ နိုင်ငံတစ်ဝန်းလုံးတွင်ဖြစ်စေ အရေးပေါ်အခြေအနေကြေညာပြီး ထိုဒေသများတွင်နေထိုင်သော နိုင်ငံသားများ၏ မူလအခွင့်အရေးတစ်ရပ်ကိုလည်း လိုအပ်သလို ကန့်သတ်ကြေညာနိုင်ရန် ပြဋ္ဌာန်းခဲ့သည့် ဥပဒေဖြစ်ပါကြောင်း၊ ထိုကဲ့သို့ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ကန့်သတ်ခြင်းသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးသည့် ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်နေသောကြောင့် အဆိုပါဥပဒေကို ရုပ်သိမ်းရခြင်းဖြစ်ပါကြောင်း တင်သွင်းသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က အစီရင်ခံစာဖတ်ကြားပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့ပြင် ယနေ့အစည်းအဝေးတွင် ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာဆာဒါအာယက်ဇ်ဆာဒစ်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကိုလည်း လွှတ်တော်က မှတ်တမ်းတင်သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်စည်းဝေး၊ မေးခွန်းနှစ်ခု မေးမြန်းဖြေကြားခြင်းနှင့် အရေးကြီးအဆိုတစ်ခုတင်သွင်း

နေပြည်တော် မေ ၂

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့နှင့်သက်ဆိုင်သည့် **မေးခွန်းနှစ်ခု မေးမြန်းဖြေကြားခြင်း၊** ၁၉၇၄ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် **ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**အား အဆိုတင်သွင်းခြင်းနှင့် အရေးကြီးအဆိုတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဝေစိန်အောင် အဆိုတင်သွင်းစဉ်

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွှန့်၏ **ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ကော်မရှင်အဖွဲ့ခွဲဝင်များအတွက် ထိုက်သင့်သည့် လစဉ်ချီးမြှင့်ငွေနှင့်စရိတ်တို့ကို ယခုအချိန်ထိ ခံစားခွင့်မရရှိသေးသည့် ကိစ္စအတွက် မည်သို့ဆောင်ရွက်ထားသည်၊ မည်သည့်အချိန်တွင် ထုတ်ပေးသွားမည်တို့ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်က ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်သော နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ကော်မရှင်အဖွဲ့ခွဲဝင်များကို ထိုက်သင့်သည့် လစဉ် ချီးမြှင့်ငွေ ပေးအပ်နိုင်ရေးအတွက် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ခန့်ထားမည့်အင်အား အရေအတွက်၊ သက်တမ်းကာလနှင့် နိုင်ငံတော်မှ ကျခံခွင့်ပြုပေးနိုင်မည့် အသုံးစရိတ်၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ သတ်မှတ်ခွင့်ပြုပေးနိုင်မည့် လစဉ်ချီးမြှင့်ငွေနှုန်းထားတို့ကို ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်၍ လစဉ်ချီးမြှင့်ငွေ ပေးအပ်နိုင်ခြင်းမရှိသေးပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်ရရှိပါက ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်သော နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ကော်မရှင်အဖွဲ့ခွဲဝင်များကို လစဉ်ချီးမြှင့်ငွေ ခံစားခွင့်ပြုသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၏ **မဲဆန္ဒရှင်များ လွယ်ကူချောမွေ့စွာ ဆန္ဒပြုရွေးချယ်မဲပေးနိုင်ရေးအတွက် နောင်လာမည့်ရွေးကောက်ပွဲများတွင် ဆန္ဒမဲလက်မှတ်ကတ်ပြားပေါ်၌ ရွေးကောက်ပွဲဝင်ပါတီတံဆိပ်နှင့် ကိုယ်တစ်ပိုင်းပါဓာတ်ပုံများ ပြောင်းလဲထည့်သွင်းပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲမှတ်ပုံတင်ကြေးအား တိုးမြှင့်သတ်မှတ်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်က ရွေးကောက်ပွဲကော်မရှင်မှ မဲဆန္ဒရှင်များ လွယ်ကူချောမွေ့စွာ ဆန္ဒပြုရွေးချယ်မဲပေးနိုင်ရေးအတွက် နောင်လာမည့် ရွေးကောက်ပွဲများတွင် ဆန္ဒမဲလက်မှတ်ကတ်ပြားပေါ်၌ ရွေးကောက်ပွဲဝင် ပါတီတံဆိပ်နှင့် ကိုယ်တစ်ပိုင်းပါ ဓာတ်ပုံများ ပြောင်းလဲထည့်သွင်းပေးရန် အခက်အခဲရှိပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေကို တိုးမြှင့်သတ်မှတ်ရန် ပြည်ထောင်စုလွှတ်တော်မှ အကြံပြုတိုက်တွန်းပါက ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်း က **ပြည်သူ့ကောင်စီဥပဒေ (ဥပဒေအမှတ် ၈/၁၉၇၄)ကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းသည်။

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် အောင်ဆန်းချစ် ဆွေးနွေးစဉ်

အဆိုနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာသည်။

ပြည်သူ့ကောင်စီဥပဒေကို မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြဋ္ဌာန်းခဲ့ပြီး ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိခြင်း၊ နိုင်ငံတော်၏ အုပ်ချုပ်ရေးစနစ် အဆင့်ဆင့်ပြောင်းလဲလာခြင်း၊ ပါတီစုံဒီမိုကရေစီစနစ်သို့ ပြောင်းလဲကျင့်သုံးနေခြင်း၊ ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေမှုမရှိခြင်းတို့ကြောင့် ရုပ်သိမ်းသည့်ဥပဒေကို ရေးဆွဲရခြင်းဖြစ်ကြောင်း အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီထံမှ သိရသည်။

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဝေစိန်အောင် က **မြန်မာ့တပ်မတော်နဲ့ AA တပ်မတော်တို့အကြား ရခိုင်ပြည်နယ်အတွင်း ယခုတလော တစ်ကျော့ပြန်ဖြစ်ပွားနေသည့် တိုက်ပွဲများကိုချက်ချင်းရပ်စဲပြီး AA တပ်မတော်ကို နိုင်ငံရေးအရ ဆွေးနွေးပွဲသို့ ဖိတ်ခေါ်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အရေးကြီးအဆိုကို တင်သွင်းရာ ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကျော်ကျော်ဝင်းက ထောက်ခံဆွေးနွေးသည်။

အဆိုပါအရေးကြီးအဆိုနှင့်စပ်လျဉ်း၍ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်ဆန်းချစ်က အဆိုရှင်တင်သွင်းသွားသည့်အထဲတွင် AA တပ်မတော်ဟု သုံးနှုန်းသွားပါကြောင်း၊ တပ်မတော်သည် တစ်ခုတည်းသာရှိပါကြောင်း၊ AA အဖွဲ့အစည်းသည် သောင်းကျန်းသူ အဖွဲ့အစည်းဖြစ်၍ တပ်မတော်ဟုသုံးနှုန်းခြင်းသည် AA အဖွဲ့အစည်းကို အသိအမှတ်ပြုရာရောက်သည့်အတွက် ကန့်ကွက်ပါကြောင်း၊ ထို့ပြင် ဆွေးနွေးချက်ထဲတွင် ပေါ်တာဆွဲသည်ဟုသုံးနှုန်းသွားပြီး အမှန်တကယ် မြေပြင်၌ ဆောင်ရွက်ခြင်းမရှိကြောင်း၊ အမျိုးသားလွှတ်တော် နည်းဥပဒေ ၁၅၉(ခ)အရ အဖွဲ့အစည်းတစ်ခု၏ ဂုဏ်သိက္ခာကို ထိခိုက်စေပါကြောင်း၊ AA အဖွဲ့အစည်းနှင့်ပတ်သက်၍ NCA အဖွဲ့အစည်းနှင့် တွေ့ဆုံဆွေးနွေးပြီး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယခုအဆိုကို အရေးကြီးအဆိုအဖြစ် ဆောင်ရွက်ခြင်းမပြုဘဲ လုပ်ထုံးလုပ်နည်းနှင့်အညီ အုပ်ချုပ်ရေးအပိုင်းက ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးသည်။

အရေးကြီးအဆိုနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၄၊ နည်းဥပဒေခွဲ(ခ)၊ နည်းဥပဒေခွဲငယ်(၂) အရ လွှတ်တော်ကိုယ်စားလှယ် သုံးပုံတစ်ပုံက ထောက်ခံပါက အရေးကြီးအဆိုကို လက်ခံဆွေးနွေးသွားမည်ဖြစ်ကြောင်းနှင့် အဆိုကို ထောက်ခံသည့် လွှတ်တော်ကိုယ်စားလှယ်များ မတ်တတ်ရပ်ဆန္ဒပြုစေလိုကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၂၂၁ ဦး၏ သုံးပုံတစ်ပုံမှာ ၇၅ ဦးဖြစ်ပြီး ထောက်ခံသူမှာ ၉၆ ဦးရှိသည့်အတွက် အရေးကြီးအဆိုကို လွှတ်တော်က လက်ခံအတည်ပြုကြောင်းနှင့် အဆိုကို မေ ၃ ရက်၌ ဆွေးနွေးဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို မေ ၃ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

(သတင်းစဉ်)

ဘုရင့်နောင်တည်ထားခဲ့သော အိမ်တော်ရာစေတီအား ရှေးမူမပျက်ပြုပြင်မည်

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ငတရော်ကျေးရွာရှိ ဒုတိယမြန်မာနိုင်ငံတော် တည်ထောင်ခဲ့သည့် ဘုရင့်နောင်မင်းတရားကြီး အမှတ်တရ တည်ထားခဲ့သော အိမ်တော်ရာစေတီအား ပြန်လည်ဖော်ထုတ်၍ ရှေးမူမပျက် ပြုပြင်မွမ်းမံသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစေတီကို သက္ကရာဇ် ၉၁၇ ခုနှစ် ဘုရင့်နောင်မင်းတရားကြီး သက်တော်၄၀ပြည့်အရွယ်တွင် အင်းဝရန်ကို နှိမ်နင်းအပြီး မွေးရပ်မြေသို့ ပြန်၍ တည်ထားခဲ့သော စေတီဖြစ်ကြောင်း ၎င်းရွာတွင်နေထိုင်သည့် ရေစကြိုမြို့နယ် မူလတန်းကျောင်းအုပ် ဦးဌေးချို က ပြောကြားသည်။

"ကျွန်တော်တို့ရွာမှာ ဘုရင်အဆက်ဆက် တည်ထားခဲ့တဲ့ ဘုရားကိုးဆူ ယခုအချိန်အထိ မျက်မြင်တည်ရှိနေပါတယ်။ တချို့ဘုရားတွေ တည်ခဲ့တဲ့မင်းတွေကို မမှတ်မိပေမယ့် ဒီအိမ်တော်ရာစေတီကိုတော့ ဘုရင့်နောင်မင်းကြီးတည်ခဲ့တယ်ဆိုတာ ကျွန်တော်တို့ ရှေးအစဉ်အဆက် စကားတွေအရရော စာပေအထောက်အထားအရပါ ခိုင်မာစွာ သိရှိခဲ့ပါတယ်။ ဘုရင့်နောင်ရဲ့ မိဘတွေက ထန်းတက်သမားတွေဖြစ်ပြီးတော့ သူ့ကို သက္ကရာဇ် ၈၇၇ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက် ဗုဒ္ဓဟူးနေ့မှာ မွေးဖွားခဲ့ပြီး ငယ်နာမည် မောင်ခြတက်လို့ ခေါ်ပါတယ်။ ၁၃၀၉ ခုနှစ် ပြာသိုလဆုတ် ၉ရက်နေ့မှာ ကျွန်တော်တို့ရွာကပဲ အလှူရှင် ဦးဘညွန့်နဲ့ ဒေါ်အိတို့က ပြန်လည်ပြုပြင်မွမ်းမံခဲ့ပါတယ်။ ၁၃၈၈ ခုနှစ် ဩဂုတ် ၃ ရက်မှာ အိမ်တော်ရာ ဘုရားစာတန်းပါတဲ့ မုခ်ပေါက် သူ့အလိုလို ပြိုကျပျက်စီးသွားခဲ့တာ လက်ရှိအချိန်အထိပါပဲ"ဟု ၎င်းက ပြောသည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ပလန်းငယ်ရွာသား ဦးစိုးဝင်းမြင့်၏ သတင်းပေးပို့မှုဖြင့် မြန်မာမှုဗိသုကာပညာရှင် ဦးဝင်းမောင်(တမ္ပဝတီ)မှ ၎င်းစေတီအား ပထမအကြိမ် လာရောက်လေ့လာပြီး အိမ်တော်ရာစေတီရှိ အုတ်ချပ်များတွင် ရေးထွင်းထားခဲ့သည့် ရှေးလက်ရာ အက္ခရာစာများနှင့် ဘုရားရုပ်တုများကို သုတေသနပြု၍ ဘုရင့်နောင်မင်းတရားကြီး စေတီဖြစ်နိုင်ခြေရှိသည်ဟု သုံးသပ်ထားခဲ့သည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ၎င်းစေတီအား ပြန်လည်ပြုပြင်ပေးရန် ဆရာကြီးဦးဝင်းမောင်အား ကမ်းလှမ်းလာသဖြင့် မေ ၂ ရက်တွင် ဒုတိယအကြိမ် ထပ်မံလာရောက်လေ့လာကာ ပုံစံငယ်ဒီဇိုင်း ထုတ်လုပ်နိုင်ရန် အချက်အလက်များရရှိခဲ့ကြောင်း ဦးဝင်းမောင်(တမ္ပဝတီ) ကပြောသည်။

"ဒီစေတီကို သက်ကြီးစကား သက်ငယ်ကြားပြီး အစဉ်အဆက် ပြောကြားလာခဲ့တာလည်း ပါတယ်။ နောက်ပြီး အိမ်တော်ရာစေတီဆိုတာ ဘုရင်တွေနေခဲ့တဲ့ အိမ်တော်မှာ တည်ထားတဲ့ ဘုရားကိုခေါ်တာပါ။ စေတီရဲ့ အုတ်အရွယ်အစားနဲ့ အုတ်စီပုံတွေဟာ ဟံသာဝတီခေတ် လက်ရာပုံစံအတိုင်းပဲ ဖြစ်နေတယ်။ ဒါ့အပြင် အုတ်တွေပေါ်မှာ ရေးထွင်းထားတဲ့ အက္ခရာတွေဟာလည်း ဘုရင့်နောင် နန်းတော်တိုင်တွေမှာ ရေးထိုးထားတဲ့ အက္ခရာချင်း ပုံသဏ္ဍာန်တူနေတာ တွေ့ရတယ်။ ဒီအချက်တွေကြောင့် ဘုရင့်နောင် တည်ခဲ့တဲ့စေတီလို့ သတ်မှတ်လို့ရပါပြီ"ဟု ၎င်းကဆိုသည်။

အဆိုပါအိမ်တော်ရာစေတီ ပျက်စီးနေမှုများအတွက် ဧပြီ ၂၆ ရက်က

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်အဖွဲ့သည် ငတရော်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ ပျက်စီးနေမှုများအားစစ်ဆေးပြီး ပြန်လည်ပြင်ဆင် မွမ်းမံနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)၊ အောင်ရဲသွင်

ပြည်သူများ၏ လူနေမှုဘဝများ တိုးတက်မြင့်မားရေးအတွက် မူဝါဒများချမှတ်လုပ်ဆောင်လျက်ရှိ

နေပြည်တော် မေ ၂

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဦးနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ဗဟိုလေ့ကျင့်ရေး သင်တန်းကျောင်း (ရန်ကုန်)၌ ကျင်းပသည့် စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၆၄)၊ အဆင့်မြင့်စက်ချုပ်နည်းပြသင်တန်း အမှတ်စဉ်(၂၉)နှင့် စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၉၄) သင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးနှင့် အရည်အသွေး တိုးမြှင့်ရေးအတွက် သင်တန်းများ ပို့ချပေးလျက်ရှိပါကြောင်း၊ ယခု အစိုးရသစ်အနေဖြင့် အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဖက်ဒရယ်ကိုအခြေခံသော ပြည်ထောင်စုဖြစ်ပေါ်လာရေး၊ ပြည်သူများ၏ လူနေမှုဘဝများ တိုးတက်မြင့်မားရေးအတွက် မူဝါဒများချမှတ် လုပ်ဆောင်လျက် ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုလေ့ကျင့်ရေးကျောင်း အစည်းအဝေးခန်း၌ ကျောင်းအုပ်ကြီး၊ ဝန်ထမ်းများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနခရိုင်ရုံးသို့ သွားရောက်ကာ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ပြီး သိုလှောင်ရုံများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)အစည်းအဝေးခန်းမ၌ ပါမောက္ခ/ဌာနမှူးများ၊ ညွှန်ကြားရေးမှူးများနှင့်တွေ့ဆုံ၍ နယ်စပ်ရေးရာဝန်ကြီးဌာနရှိ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များသည် တိုင်းရင်းသားပေါင်းစုံစုဖွဲ့ထားပြီး တစ်အူထုံ့ဆင်း ညီအစ်ကိုများဖြစ်ကြကာ တိုင်းရင်းသား အရည်အသွေးမြှင့်တင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဤကျောင်းများတွင် သင်ကြားနေသည့် ဝိဇ္ဇာ၊သိပ္ပံ၊ အင်ဂျင်နီယာဘာသာရပ်များသာမက ပြည်ထောင်စုစိတ်ဓာတ်ဘာသာရပ်သည်လည်း အလွန်အရေးကြီးကြောင်း ပြောကြားသည်။

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)သည် ၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်ထိ ဝိဇ္ဇာဘွဲ့ ၂၈၆ ဦး၊ သိပ္ပံဘွဲ့ ၇၁၄ ဦး၊ အင်ဂျင်နီယာဒီပလိုမာဘွဲ့ ၄၅၆ ဦး စုစုပေါင်း ၁၄၅၆ ဦးအား မွေးထုတ်ပေးနိုင်ခဲ့ပြီး အဆိုပါကျောင်းဆင်း ကျောင်းသားများအနက် မဟာဝိဇ္ဇာဘွဲ့ ၉၈ ဦး၊ မဟာသိပ္ပံဘွဲ့ ၁၉၀၊ မဟာသုတေသနဘွဲ့ ၉၉ ဦး၊ ပါရဂူဘွဲ့ ၁၂ ဦး စုစုပေါင်း ၃၉၉ ဦး အောင်မြင်စွာ မွေးထုတ်တာဝန် ပေးခန့်အပ်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၃၆/၂၀၁၆
၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
(၂၀၁၆ ခုနှစ်၊ မေလ ၂ ရက်)

ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၉)တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါက်တာထွန်းဝင်း ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ယခင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဇော်မင်းဦးကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် မေ ၂

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖူမိအို ခိရှိဒါ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ည ၇ နာရီတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ဧည့်သည်တော် ဂျပန်နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးနှင့် သံရုံးမှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုကြသည်။

(သတင်းစဉ်)

မန္တလေးမြို့၌ လေပြင်းကြောင့် ပျက်စီးခဲ့သောဓာတ်တိုင် ပြန်လည်ပြုပြင်

မန္တလေး မေ ၂

မန္တလေးမြို့တော်အတွင်း မေ ၁ ရက် ညပိုင်းက မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် သစ်ပင်များ ပြိုလဲကာ မန္တလေးခရိုင် ခုနစ်မြို့နယ်အတွင်းရှိ ဓာတ်အားလိုင်းသွယ်တန်းထားသော ဓာတ်တိုင်များ ကျိုးကျပျက်စီးပြီး ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ မန္တလေးခရိုင် ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးပတ်လမ်းတစ်လျှောက်၌ 11 KV ဓာတ်တိုင် ၁၇ တိုင် ကျိုးကျပျက်စီးခဲ့ပြီး အောင်မြေသာစံမြို့နယ်၌ 11 KV တစ်တိုင်၊ မဟာအောင်မြေမြို့နယ်၌ 0.4 KV လိုင်း ဓာတ်တိုင် ၁၀ တိုင်၊ ချမ်းမြသာစည်မြို့နယ်၌ 33 KV ဓာတ်အားမလွှတ်ရသေးသော ဓာတ်အားလိုင်း အသစ်မှ နှစ်တိုင်၊ စင်တစ်ခုတို့ ကျိုးကျပျက်စီးခဲ့၍ လျှပ်စစ်ဓာတ်အားဖြတ်တောက်ခံရသဖြင့် ဓာတ်အားအမြန်ဆုံးပြန်လည်ရရှိရေးအတွက် မန္တလေးမြို့ လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးစိုးမင်းထွန်းနှင့် လျှပ်စစ်ဝန်ထမ်းများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံအဖွဲ့အစည်းများ ပူးပေါင်း၍ ကျိုးကျခဲ့သော ဓာတ်တိုင်များကို စက်ယန္တရားကြီးများဖြင့် အစားထိုးလဲလှယ်ခြင်း၊ ဓာတ်အားလိုင်းပေါ်တွင် ကျိုးကျနေသော သစ်ပင်၊ သစ်ကိုင်းများအား ရှင်းလင်းဖယ်ရှားပေးပြီး လျှပ်စစ်ဓာတ်အား အမြန်ဆုံးပြန်လည်ရရှိနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

စာပေဗိမာန်ကို နိုင်ငံတကာအဆင့်မီ စာကြည့်တိုက်ဖြစ်အောင် ဆောင်ရွက်သွားမည်

ရန်ကုန် မေ ၂

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင် ယုဇနတာဝါရှိ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရုံး၌ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များအား တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ဥက္ကဋ္ဌနှင့် ကောင်စီဝင်များက မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ လက်ရှိဆောင်ရွက်နေမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ ကြုံတွေ့နေရသည့် အခက်အခဲများ၊ လက်ရှိပုဂ္ဂလိကသတင်းစာများ၏ အခြေအနေနှင့် အခက်အခဲများ၊ ရုပ်မြင်သံကြားဥပဒေ စသည်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ကဏ္ဍအလိုက် ဖြည့်စွက်ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးသည် နံနက်ပိုင်းက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် အစည်းအဝေးခန်းမ၌ Myanmar Book Aid Preservation Foundation၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း၊ မြန်မာနိုင်ငံဗိသုကာအသင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ယခုစာပေဗိမာန်သည် ရန်ကုန်မြို့လယ်၏ အချက်အချာကျသောနေရာတွင် တည်ရှိသောကြောင့် အများပြည်သူအားထားရာ နိုင်ငံတကာအဆင့်မီ စာကြည့်တိုက်တစ်ခုဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မူလရှေးဟောင်းလက်ရာမပျက် ပြင်ဆင်သွားမည်ဖြစ်ပြီး ကော်မတီတစ်ရပ်ဖွဲ့စည်း၍ စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ကာ ကော်မတီတွင် ပါဝင်သင့်၊ ပါဝင်ထိုက်သူများ ပါဝင်ဆောင်ရွက်သွားရန်နှင့် စာပေဗိမာန်အောက်ထပ်တွင် ပုဂ္ဂလိကစာအုပ်ဆိုင်များကိုပါ ဖွင့်လှစ်ပြီးရောင်းချနိုင်ရေး အကြံပြုဆွေးနွေးကြပါရန် ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ကလေးစာကြည့်တိုက်၊ စာပေဗိမာန်အရောင်းဆိုင်အပါအဝင် စာပေဗိမာန်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

လက်ရှိတွင် စာပေဗိမာန်စာကြည့်တိုက်များ အဆင့်မြှင့်တင်ရာ၌ Myanmar Book Aid Preservation Foundation နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ကလည်း စာကြည့်တိုက်များ အဆင့်မြှင့်တင်ရေးအတွက် သဘောတူညီချက် (MOU)ကို လက်မှတ်ရေးထိုးသွားမည်ဖြစ်ပြီး စာကြည့်တိုက်များတွင် မိုဘိုင်းဖုန်း တက်ဘလက်များဖြင့် ဖတ်ရှုနိုင်မည့်အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အလားတူ မိုဘိုင်းဖြင့် ဝန်ဆောင်မှုပေးနိုင်သည့် စာကြည့်တိုက်များကို ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ငါးခုစီ၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တစ်ခုစီ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

နေပြည်တော် မေ ၂

မြန်မာအစိုးရ၏ ဦးစားပေးကဏ္ဍများအတွက် USAID နှင့် ဆွေးနွေးပွဲကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် တာဝန်ရှိသူများ၊ အမေရိကန်ပြည်ထောင်စု နိုင်ငံတကာဖွံ့ဖြိုးရေး အေဂျင်စီ (US Agency for International Development -USAID)မှ စီမံခန့်ခွဲရေးမှူး Ms. Galye E Smith ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး Mr. Scot Marciel နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံအစိုးရ၏ ဦးစားပေးကဏ္ဍများအနက် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု (Agricultural Growth)၊ မြေယာပြုပြင်ပြောင်းလဲမှု (Land Reforms)၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး (Trade Facilitation)၊ ဘဏ္ဍာရေးဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်မှု (Access to Finance) ကိစ္စရပ်များနှင့်ပတ်သက်၍ USAID နှင့် ပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ လယ်သမားများဝင်ငွေတိုးမြှင့်ရေး၊ စိုက်ပျိုးသီးနှံ အရည်အသွေး မြှင့်တင်ရေး၊ မြို့ပြနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်လျော့နည်းရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ ထုတ်ကုန်တိုးမြှင့်ရေး၊ အသေးစား စက်မှုလက်မှုလုပ်ငန်းများအတွက် နည်းပညာနှင့် ကျွမ်းကျင်မှု အကူအညီများ လိုအပ်လျက်ရှိသည့် အခြေအနေများကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၈ ခုနှစ်၊ လ ရက်

(၂၀၁၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ **ပြည်သူ့ကောင်စီဥပဒေ** (၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၈)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

သွားကျန်းမာရေးသူနာပြုဒီပလိုမာ နှစ်နှစ်သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၂

သွားကျန်းမာရေးသူနာပြုဒီပလိုမာ နှစ်နှစ်သင်တန်း (၂/၂၀၁၆) ပထမအကြိမ် ဦးဆောင်းအပ်နှင်းခြင်းနှင့် အမျိုးသားသူနာပြုဝတ်စုံ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ရန်ကုန် ရွှေရတုခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပါမောက္ခချုပ်နှင့် အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သွားကျန်းမာရေးသူနာပြု ဆရာမကြီးများနှင့် သင်တန်းသားသင်တန်းသူများတက်ရောက်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မိုးညိုမြို့နယ်၌ လေပြင်းတိုက်ခတ်၍ နေအိမ်အချို့ပျက်စီး

မိုးညို မေ ၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်တွင် မေ ၁ ရက် ညနေ ၃နာရီက အယ်နီညိုရာသီဥတုကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးရွာသွန်းခြင်း၊ ကုလားပဲစေ့ခန့် မိုးသီးများကျခြင်းတို့ ဖြစ်ပွားခဲ့ပြီး ကျေးရွာအုပ်စု ကိုးအုပ်စု ကျေးရွာပေါင်း ၁၇ ရွာ၊ ရပ်ကွက် သုံးခုတို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် အိမ် ၂၉ လုံးပြိုကျပျက်စီး၍ အလုံး ၅၀ အမိုးအကာပျက်စီးခဲ့ပြီး လူတိရစ္ဆာန်ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

အဆိုပါ ပျက်စီးဆုံးရှုံးခဲ့သည့် နေအိမ်များရှိ လေဘေးသင့် ပြည်သူများအား ဆွေမျိုးသားချင်းများ၏ နေအိမ်များတွင် နေထိုင်စေပြီး သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ အကူအညီဖြင့် နေအိမ်များအား ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လိုင်စင်ရအခွန်တံဆိပ်ခေါင်းရောင်းချသူများ မြို့နယ်အလိုက်ခန့်ထားမည်

ရန်ကုန် မေ ၂

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်တံဆိပ်ခေါင်းများကို ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက် လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူများခန့်ထား ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ဒုတိယတိုင်းအခွန်ဦးစီးဌာနမှူးက ပြောကြားသည်။

“လိုင်စင်ရ အခွန်တံဆိပ်ခေါင်း ရောင်းချသူများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ (က) အဆင့်ရှိတဲ့ မြို့နယ်တွေမှာ ခုနစ်ဦး၊ (ခ) အဆင့်ရှိတဲ့ မြို့နယ်တွေမှာ ငါးဦးစီနဲ့ (ဂ) အဆင့်ရှိတဲ့ မြို့နယ်တွေမှာ သုံးဦးစီခန့်ထားမှာ ဖြစ်ပါတယ်။ ဒီလိုခန့်ထားနိုင်ဖို့အတွက် သင်တန်းရဲ့အရည်အချင်းစစ်စာမေးပွဲကို အောင်မြင်ရပါမယ်။ အောင်မြင်တဲ့သူတွေကို ရမှတ်အများဆုံးမှ အနည်းဆုံးအထိ မိမိတို့လျှောက်ထားတဲ့ မြို့နယ်များအလိုက် တန်းစီထားပြီး မြို့နယ်အလိုက်ခန့်အပ်မယ့် လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူအရေအတွက်အတိုင်း ရမှတ်အလိုက် ဦးစားပေးခန့်အပ်သွားမှာ ဖြစ်ပါတယ်။ လိုင်စင်ရ တံဆိပ်ခေါင်း ရောင်းချသူများဟာ တံဆိပ်ခေါင်းရောင်းချခြင်းဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာန်းချက်တွေကို လိုက်နာကြရမှာဖြစ်ပါတယ်” ဟု ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဇော်က ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းရှိ ပြည်တွင်းအခွန်များ ဦးစီးဌာနရုံး၌ကျင်းပသော လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူများအတွက် အသိပညာပေးသင်တန်းတွင် ပြောသည်။

လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူများအနေဖြင့် ဝယ်ယူထားသော တံဆိပ်ခေါင်းတန်ဖိုး၏ လေးရာခိုင်နှုန်းကို လျှော့နှုန်းဖြစ်ခံစားရမည်ဖြစ်ကြောင်း၊ သတ်မှတ်တန်ဖိုးထက် ပိုမိုရောင်းချခြင်း ပြုမည်မဟုတ်ကြောင်း၊ ရောင်းချခွင့်ရရှိသော တံဆိပ်ခေါင်းအမျိုးအစားများကိုသာ ရောင်းချရမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများအနေဖြင့် မိမိတို့ သုံးစွဲရန်လိုအပ်သော ကိစ္စရပ်အလိုက် အသုံးပြုရန်လိုအပ်သည့် အခွန်တံဆိပ်ခေါင်းနှင့် ရုံးခွန်တံဆိပ်ခေါင်းများအား မြို့နယ်အလိုက် အခွန်ဦးစီးဌာနမှူးရုံးများ၌ ရောင်းချပေးလျက်ရှိသည့်အပြင် မြန်မာ့စီးပွားရေးဘဏ်ခွဲများ၌လည်း စုစုပေါင်း အခွန်တံဆိပ်ခေါင်း ၂၅ မျိုးကို ရောင်းချပေးလျက်ရှိသည်။ ရက်သတ္တပတ်ကြာ ဖွင့်လှစ်သည့် အဆိုပါသင်တန်းပြီးစီးသွားပါက မြို့နယ်အလိုက် လိုင်စင်ရ အခွန်တံဆိပ်ခေါင်းရောင်းချသူများထံတွင်လည်း အခွန်တံဆိပ်ခေါင်းများ ဝယ်ယူနိုင်မည်ဖြစ်သည်။ သို့သော်လည်း အခွန်တံဆိပ်ခေါင်းများကို ရပ်ကွက်များအတွင်း အရေးပေါ်လိုအပ်သည့် စာချုပ်များချုပ်ဆိုရန်အတွက် အခွန်တံဆိပ်ခေါင်းများကို လိုင်စင်ရသူများထံမှသာ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။ သင်တန်းမှာ ရက်သတ္တပတ်သာ ကြာမြင့်မည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များမှ ပုဂ္ဂလိကလုပ်ငန်း လုပ်ကိုင်သူများ၊ ကုမ္ပဏီများမှလာရောက် တက်ရောက်ခြင်းဖြစ်ကြောင်း သိရသည်။

သတင်း-မြင့်မောင်စိုး

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

၃၈ နှစ်ကြာပြီးနောက် ကျူးဘားသို့ အမေရိကန်အပျော်စီးသင်္ဘော ပထမဆုံးအကြိမ်ရောက်ရှိ

ဝါရှင်တန် မေ ၂

အမေရိကန်အပျော်စီးသင်္ဘောသည် နှစ်ပေါင်း ၃၈နှစ်အတွင်း ကျူးဘားသို့ ပထမဆုံးအကြိမ်အဖြစ် သွားရောက်မည့် ယင်း၏သမိုင်းဝင်ခရီးစဉ်ကို မေ ၁ ရက်က စတင်ခဲ့သည်။

ကျူးဘားနိုင်ငံသား ခရီးသည် ၇၀၄ ဦး လိုက်ပါလာသည့် အပျော်စီးသင်္ဘော အဒိုနီယာသည် မေ ၁ ရက် မွန်းလွဲပိုင်းတွင် မီယာမီဆိပ်ကမ်းမှ ထွက်ခွာခဲ့ပြီး ဟာဗားနားသို့ ခုတ်မောင်းခဲ့သည်။

ခရီးစဉ် ခုနစ် ရက်အတွင်း ကျူးဘားအနောက်တောင်ပိုင်းရှိ ဆန်တီရာဂိုဒီနှင့် တောင်ပိုင်း၏အဓိကကျသော ဆီအန်ဖျူးဂိုစ့် ဆိပ်ကမ်းသို့ သွားရောက်လည်ပတ်မည်ဖြစ်သည်။

ကျူးဘားသို့သွားရောက်မည့် ကာနီဗယ်ပင်လယ်အပျော်ခရီးသည် ၎င်း၏ (၁၀) ကြိမ်မြောက်နှင့် အသစ်ဆုံးသော Fathom ရေကြောင်းလိုင်းဖြစ်သည်။ ကုမ္ပဏီ၏ ပြောကြားချက်အရ အဒိုနီယာသည် ကျူးဘားပြည်သူများနှင့် အပြန်အလှန် ဆက်သွယ်နိုင်ရေး၊ ယဉ်ကျေးမှုဖလှယ်ရေးတို့အတွက် ကမ်းလှမ်းထားသည့် ဧည့်သည်များအတွက် မီယာမီမှဟာဗားနားသို့ အပတ်စဉ်ထွက်ခွာပေးမည်ဟု ပြောခဲ့သည်။

ကျူးဘားနိုင်ငံဖွား ပြည်သူများကို ပင်လယ်ရေကြောင်းခရီးသွားလာခွင့် တားမြစ်မှု ဖြေလျှော့ပြီးနောက် ပင်လယ်ခရီးသွားလာမှုများစတင်လာသည်။ အမေရိကန်ဆိပ်ကမ်းမှ ကျူးဘားသို့ပင်လယ်ရေလမ်းခရီးသွားလာမှုသည် ၁၉၇၈တွင် နောက်ဆုံးဖြစ်ခဲ့သည်။

ဟာဗားနားသို့သွားရောက်ခဲ့သော အိုဘားမားခရီးစဉ်အတွင်း မေ ၁ ရက်တွင် အမေရိကန်ဘက်မှ ကျူးဘားကျွန်းပေါ်သို့ စတင်ခြေချရန် ကျူးဘားအစိုးရ၏ မီးစိမ်းပြမှုကို ကာနီဗယ်ကုမ္ပဏီကရရှိခဲ့သည်။ ၂၀၁၄ခုနှောင်းပိုင်းတွင် အမေရိကန်နှင့် ကျူးဘားတို့နှစ်နိုင်ငံဆက်ဆံရေးပြန်လည်တည်ဆောက်ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေးတွင် ပင်လယ်အပျော်ခရီးသည်လည်း ပျော့ပျောင်းလာသည့် အခြေအနေ၏ တစ်စိတ်တစ်ပိုင်း ဖြစ်လာလိမ့်မည်ဖြစ်သည်။

(ဆင်ဟွာ)

ဆုံးရှုံးသွားသောနယ်မြေများ ပြန်လည်သိမ်းပိုက်နိုင်ရန် တိုက်ခိုက်မှုများ မြင့်တင်

ဘဂ္ဂဒက် မေ ၂

အစ္စလာမ္မစ်စစ်သွေးကြွများသည် ဆုံးရှုံးသွားသောနယ်မြေများကို ပြန်လည်ရရှိနိုင်ရန်အတွက် ဆီးရီးယားနှင့် အီရတ်တွင် တိုက်ခိုက်မှုများကို ယခုနှစ်အတွင်း တိုးချဲ့လျက်ရှိကြောင်း အမေရိကန်အခြေစိုက်လေ့လာသုံးသပ်ရေးအဖွဲ့ IHS က မေ ၁ ရက်တွင် ပြောခဲ့သည်။

ဆီးရီးယား၊ အီရတ်နှင့် အိမ်နီးချင်းနိုင်ငံများတွင် ၂၀၁၆ခုနှစ် ပထမလေးလအတွင်း၌ပင် တိုက်ခိုက်ခံရမှုမှာ ၈၉၁ ခုရှိပြီး ၂၀၁၄ခုနှစ်အလယ်ပိုင်း၌ သုံးလကြာ စစ်သွေးကြွများ၏ သိမ်းကျုံးတိုက်ခိုက်ခံရမှုထက် ပိုမိုကြောင်း ၎င်းအဖွဲ့က အစီရင်ခံစာတွင် ပြောခဲ့သည်။

သမိုင်းဝင် ပါမိုင်ရာ မြို့ဟောင်းတစ်နေရာကို တွေ့ရစဉ်

ယင်းတိုက်ခိုက်မှုများတွင် လူဦးရေ ၂၁၅၀ သေဆုံးပြီး လွန်ခဲ့သောသုံးလအတွင်း ၄၄ရာခိုင်နှုန်းမြင့်တက်လာသည်။ နှစ်တစ်နှစ်၏ သုံးလအတွင်း ဆုံးရှုံးမှုအများဆုံးလည်းဖြစ်သည်။

အီရတ်စစ်တပ်များသည် လွန်ခဲ့သောလေးလကတည်းက ရာမဒီမြို့အနောက်ပိုင်းမှစပြီး စစ်သွေးကြွများကို အပြီးသတ်ချေမှုန်းခဲ့ရာ ဆီးရီးယားနယ်စပ်အနောက်ပိုင်းသို့ ထိုးဖောက်တိုက်ခိုက်လျက်ရှိသည်။ မိုဆူးလ်တောင်ပိုင်းတွင် လွန်ခဲ့သောလက စစ်တပ်နှင့် ဆွန်နီအာရပ်မျိုးနွယ်စုတပ်များနှင့်အတူ မြောက်ပိုင်းထိုးစစ်ဆင်မှုမှာ အားနည်းသွားခဲ့သည်။

ဆီးရီးယားတွင် အစိုးရနှင့်မဟာမိတ်ဖြစ်သော ရုရှားလေကြောင်း တပ်ဖွဲ့များသည် ရှေးဟောင်းမြို့တော်ဖြစ်သော ပါမိုင်ရာကို အိုင်အက်စ်တို့လက်မှ ပြန်လည်သိမ်းယူခဲ့သည်။

ယင်းအဖွဲ့သည် ကာ့ဒ်တိုက်ခိုက်ရေးသမားများ တိုးချဲ့ဝင်ရောက်လျက်ရှိသော မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းရှိ အမေရိကန်ဦးဆောင်သော လေကြောင်းတိုက်ပွဲမှ ဖိအားပေးခြင်းကိုလည်းခံနေရသည်။ ရေနံနယ်မြေများနှင့် အဓိကမြို့တော်ဖြစ်သော ဆာတီကိုတိုက်ခိုက်ပြီး အင်အားကြီးထွားလာသော စစ်သွေးကြွများရှိရာ လစ်ဗျားတွင် အိုင်အက်စ်တိုက်ခိုက်မှုမြင့်တက်လာသည်ဟု IHS အဖွဲ့ကပြောခဲ့သည်။

လေ့လာဆန်းစစ်မှုများအရ ယခုနှစ် ပထမ သုံးလအတွင်း တိုက်ခိုက်မှုအရေအတွက်သည် ယခင်ပြီးပြီးသား ခြောက်လအတွင်းထက်ပိုနေကြောင်း သိရသည်။

(ရိုက်တာ)

အီရတ်ရှိ အိုင်အက်စ် နယ်မြေများကို ပြင်သစ်နှင့် အမေရိကန် ဂျက်လေယာဉ်များဖြင့် တိုက်ခိုက်

ပါရီ မေ ၂

ပြင်သစ်နှင့်အမေရိကန်စစ်လေယာဉ်များသည် အီရတ်ရှိ အိုင်အက်စ်တို့၏ အဓိကထောက်ပံ့ပို့ဆောင်ရေး တည်နေရာကို ဖျက်ဆီးရန် သီးခြားဗုံးကြဲတိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီးဌာနက မေ ၁ ရက်တွင် ပြောခဲ့သည်။ ဗုံးကြဲတိုက်ခိုက်မှုများကို ဧပြီ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဦးဆောင်ပြုလုပ်ခဲ့ပြီး အိုင်အက်စ်တို့၏ အသေခံဗုံးခွဲတိုက်ခိုက်မှုအတွက် လိုအပ်သောယာဉ်များနှင့် ဗုံးများထုတ်လုပ်ရာ နေရာကို ပစ်မှတ်ထားကြောင်းလည်း ပြောခဲ့သည်။

အီရတ်နှင့်ဆီးရီးယားနယ်စပ်ရှိ အယ်လ်ကိုင်လ်တွင်ရှိသော တည်နေရာကို ဖျက်ဆီးခဲ့ပြီး ယင်းနေရာအတွက် သီးခြား ဗုံးကြဲတိုက်ခိုက်မှုနှစ်ခု လိုအပ်ခဲ့ကြောင်း ပြောခဲ့သည်။

ပြင်သစ်သည် အီရတ်အစိုးရ၏ တောင်းပန်မှုကြောင့် အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်ရန် ၂၀၁၄ခုနှစ် စက်တင်ဘာလတွင် အမေရိကန်ဦးဆောင်မဟာမိတ်အဖွဲ့သို့ ပထမဆုံးဝင်ရောက်လာသော ဥရောပနိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သည်။ ပြင်သစ်ရေဒီယိုတွင် ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှုတစ်ခုတွင် ပြင်သစ်ကာကွယ်ရေးဝန်ကြီးက ဒေသတွင်းအဖွဲ့၏အဓိကအမာခံနယ်မြေများဖြစ်သော ဆီးရီးယားရှိ ရီကာနှင့် အီရတ်ရှိမိုဆူးလ်တို့ကို ယခုနှစ်ကုန်တွင်ပြန်လည်ရရှိရန်အတွက် နိုင်ငံတကာမဟာမိတ်အဖွဲ့က အိုင်အက်စ် သောင်းကျန်းသူများကို တိုက်ခိုက်လျက်ရှိကြောင်း ပြောခဲ့သည်။

(ဆင်ဟွာ)

မောင်းသူမဲ့ကားများနှင့်တိုက်ခိုက်ရန် အိုင်အက်စ်တို့ပြင်ဆင်နေ

လန်ဒန် မေ ၂

အိုင်အက်စ်အဖွဲ့နည်းပညာရှင်များသည် လူအများစုဝေးရာနေရာများသို့ ဖောက်ခွဲရေးပစ္စည်းများကို ထိန်းချုပ်ပြီး ပို့ဆောင်နိုင်ရန် ဂူဂဲလ်စတိုင် မောင်းသူမဲ့ကားများကဲ့သို့နည်းပညာတိုးတက်ရန် လုပ်ဆောင်နေကြောင်းကို နေတိုးအဖွဲ့လုံခြုံရေးဆိုင်ရာ ကျွမ်းကျင်သူများက သတိပေးပြောကြားထားသည်။

ဆီးရီးယားမြို့တော် အိုင်အက်စ်အုပ်စုများ ကြီးစိုးရာနေရာတွင် ၎င်းတို့၏ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးဌာနက အဆိုပါယာဉ်များကို ထုတ်လုပ်နေခြင်းဖြစ်နိုင်ကြောင်း၊ အောင်မြင်သည့် ဂူဂဲလ်နည်းပညာကို ထပ်မံမွမ်းမံ၍ပြုလုပ်နေခြင်းဖြစ်ကြောင်း သိရသည်။ တီထွင်မှုသာ အောင်မြင်ခဲ့လျှင် မြောက်အမေရိက၊ ဥရောပနှင့် ဗြိတိန်နိုင်ငံတို့၏ လုံခြုံရေးအတွက် ခေါင်းခဲစရာကိစ္စရပ်ဖြစ်လာမည်ဖြစ်ကြောင်း ဒေးလီးအိတ်စ်ပရက်စ် သတင်းစာတွင်ဖော်ပြထားသည်။

လာမည့်နှစ်အနည်းငယ်အတွင်း ဗြိတိန်လမ်းမများပေါ်တွင် မောင်းသူမဲ့ကားများ ထောင်ချီပေါ်ပေါက်လာပြီး ဂျီဟတ်စစ်ပွဲများ အမှန်တကယ်ဖြစ်လာနိုင်ကြောင်း နည်းပညာအသစ်၏ သားကောင်မှာ ယူကေဖြစ်လာနိုင်ကြောင်း သတိပေးထားသည်။ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများထွက်ပေါ်လာမှုအပေါ် နေတိုးတပ်ဖွဲ့၏လက်ထောက် အတွင်းရေးမှူး ဂျေမီရှားက အိုင်အက်စ်အစွန်းရောက်သမားများသည် နည်းပညာ များကို အဆင့်မြှင့်ပြီး စက်ရုံများတွင် ဗုံးများထုတ်လုပ် လျက်ရှိနေကြောင်း ပြောသည်။

အိုင်အက်စ်အဖွဲ့သည် ၎င်း၏ နည်းပညာကျွမ်းကျင်သူများကို အသုံးချ၍ မောင်းသူမဲ့ကားများထုတ်လုပ်ပြီး စိုးရိမ်ရေမှတ်ရောက်အောင် ပြုလုပ်နေခြင်းဖြစ်သည်။ ယခုအချိန်တွင် အိုင်အက်စ်တို့၏ ဗုံးစက်ရုံများကို အာရုံစိုက်ထားရမည်ဖြစ်ကြောင်း၊ အလိုအလျောက်မောင်းသည့် ကားများကိုဂူဂဲလ်တစ်ခုတည်းမှ ထုတ်လုပ်မည်သာ မဟုတ်ဘဲ ၎င်းတို့ကလည်း တစ်ပုံစံတည်းပြုလုပ်ရန်စီစဉ်နေခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

(ပီတီအိုင်)

ဂျပန်စီးပွားရေး လုပ်ငန်းရှင်များ အစ္စရေးသို့ သွားရောက်လည်ပတ်

ဂျေရုဆလင် မေ ၂

ဂျပန်စီးပွားရေးလုပ်ငန်းရှင်များသည် ပြည်တွင်းကုမ္ပဏီများ၏ ဖွံ့ဖြိုးတိုးတက်ရေး အလားအလာကောင်းများကို ရှာဖွေရန်အတွက် အစ္စရေးနိုင်ငံသို့သွားရောက် လည်ပတ်ခဲ့သည်။

အစ္စရေးနိုင်ငံသို့ ဂျပန်ပူးပေါင်းဆောင်ရွက်ရေးအလုပ်အမှုဆောင် အဖွဲ့ကို စေလွှတ်ခြင်းသည် ယခုအကြိမ်မှာ ပထမဆုံးအကြိမ်ဖြစ်သည်။ အရှေ့အလယ်ပိုင်းတိုင်းပြည်သို့ သောကြာနေ့က အဖွဲ့ဝင် ၂၄ ဦးသည် ၆ ရက်ကြာခရီးစဉ်သွား ရောက်ခဲ့သည်။

တနင်္ဂနွေနေ့က ဂျေရုဆလင်တွင် ၎င်းတို့သည် ဆေးဝါးထုတ်လုပ်သည့်ကုမ္ပဏီ၊ တဲလ်အဗစ်မြို့ရှိ နိုင်ငံ၏အကြီးဆုံးစက်မှုမြို့တော်သို့ အစိုးရဌာနဆိုင်ရာများနှင့်အတူ သွားရောက်လေ့လာခဲ့သည်။ အစ္စရေးကို အရှေ့အလယ်ပိုင်း၏ စီလီကွန်တောင်ကြားဒေသဟု ခေါ်ဆိုကြသည်။

ယင်းနိုင်ငံသည် ဆေးပညာရပ်၊ သတင်းအချက်အလက်ပိုင်းဆိုင်ရာနှင့် နည်းပညာ ပိုင်းဆိုင်ရာတွင်အကြီးအကျယ်တိုးတက်သော နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ ဂျပန်နိုင်ငံ ကိုယ်စားလှယ်များသည် အစ္စရေးနိုင်ငံ၏ နည်းပညာပိုင်းဆိုင်ရာဆန်းသစ်တီထွင်မှုများကို လေ့လာခဲ့ကြပြီး စီးပွားရေးပိုင်း၌ နှစ်နိုင်ငံအတူတကွလုပ်ကိုင်နိုင်သည်များကို လေ့လာကြသည်။

စီးပွားရေးအရ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရန်အတွက် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုတို့သည်အပြန်အလှန် သွားရောက်လည်ပတ်မှုများရှိခဲ့သည်။

(အင်န်အိတ်ချ်ကေ)

အမေရိကန်၌ ရေလွှမ်းမှုကြောင့် ခြောက်ဦးသေဆုံး

ဝါရှင်တန် မေ ၂

အမေရိကန် တက္ကဆက်ပြည်နယ်၌ နှစ်ပေါင်း ၅၉ နှစ်အတွင်း အဆိုးရွားဆုံးအဖြစ် ရေကြီးမှုဖြစ်ပွားရာ အသက် ၆၄ နှစ်အဘွားတစ်ဦး ၎င်း၏ မြေးငယ်လေးဦးအပါအဝင်အနည်းဆုံး လူခြောက်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ယမန်နေ့က တက္ကဆက်ပြည်နယ် အရှေ့ပိုင်း၌ရေစီးကြောင်းအတိုင်း မျောပါလာသော ယင်းမြေးအဘွား၏ ရုပ်အလောင်းကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ကလေးနှစ်ဦးကို အိမ်ရှေ့ခြံ စည်းရိုးတွင်တွေ့ရှိခဲ့ပြီး အခြားနှစ်ဦးနှင့် အဘွားအိုကို အိမ်နောက်ဘက်တွင်တွေ့ရှိခဲ့သည်။ မေ ၁ ရက်က သေဆုံးသူ ခြောက်ဦးရှိကြောင်း သက်ဆိုင်ရာက ကြေညာခဲ့သည်။

တက္ကဆက်ပြည်နယ် မြို့တော် ပါလက်စတိုင်း မြို့တော်ဝန်ဘော့ဟာရီတန်က ယခုအဖြစ်အပျက်သည် နှစ်ပေါင်း ၅၉ နှစ်အတွင်း ပထမဆုံး အကြိမ်ဖြစ်ကြောင်း၊ အဖြစ်အပျက်မှာ မြန်ဆန်လွန်းသည့်အတွက် အချိန်မီကယ်ဆယ်ရေးများကို ညလုံးပေါက် ပြုလုပ်နေရကြောင်း ပြောသည်။

ရေကြီးမှုကြောင့် လမ်းအမှတ်အသားများပျက်စီးသွားပြီး ထိခိုက်ပျက်စီးခဲ့သည့် အိုးအိမ်များ စီးပွားရေးလုပ်ငန်းများ၏ အရေအတွက်ကို မသိရသေးပေ။ပျက်စီးမှုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မကြာမီလုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြို့တော်ဝန်က ပြောသည်။

သေဆုံးသူ ရုပ်အလောင်းများကို ခွဲစိတ်စစ်ဆေးရန် တိုင်လာသို့ ပို့ဆောင်ထားပြီး ရှာသွန်းခဲ့သော မိုးရေချိန်မှာ ၇ လက်မ ကျော်ရှိကြောင်း သိရသည်။

(ပီတီအိုင်)

အကြမ်းဖက်သမားများကို ပံ့ပိုးပေးနေသော ငွေကြေး၊ လက်နက်အကူအညီများကို ရပ်တန့်ပစ်ရမည်

သက်မွန်ဦး



ငါးကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး အာရှဒေသ အပြန်အလှန် ယုံကြည်မှုတည်ဆောက်ရေးညီလာခံကို ဧပြီ ၂၈ ရက်က တရုတ်နိုင်ငံ မြို့တော်ပေကျင်း၌ ကျင်းပခဲ့သည်။ အစည်းအဝေးတွင် တက်ရောက်လာသော အီရန်နိုင်ငံခြားရေးဒုတိယဝန်ကြီး မော်တီဇာဆာမေဒီက အရှေ့အလယ်ပိုင်းဒေသရှိ အကြမ်းဖက်အုပ်စုများကို ထောက်ပံ့နေသော ငွေကြေးလက်နက်အင်အား အကူအညီများကို ရပ်တန့်ပစ်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အာရှဒေသဝန်းကျင်တွင် အကြမ်းဖက်ဝါဒ၊ အစွန်းရောက်ဝါဒ၊ ဂိုဏ်းဂဏခွဲခြားဝါဒ၊ ခွဲထွက်ရေးဝါဒနှင့် ရက်စက်ကြမ်းကြုတ်သည့် အပြုအမူများ ပျံ့နှံ့လျက်ရှိနေပြီး ပြဿနာများစွာ ဖန်တီးပုံဖော်နေကြသည်ကိုတွေ့ရသဖြင့် ၎င်းအနေဖြင့် စိတ်မသက်သာကြောင်း ဖော်ပြခဲ့သည်။ အီရန်အစိုးရပိုင်းဆိုင်ရာကလည်း အီရတ်နှင့်ဆီးရီးယားရှိ ဆွန်နီအကြမ်းဖက်အုပ်စုများကို အင်တိုက်အားတိုက် စုပေါင်းချေမှုန်းရမည်ဖြစ်ကြောင်း၊ အကြမ်းဖက်အစွန်းရောက်သမားများကို တိုက်ခိုက်ချေမှုန်းရန် အဓိကလိုအပ်ချက်များမှာ မတူကွဲပြားသည့် နိုင်ငံရေးအခြေအနေများကို နိုင်ငံအချင်းချင်းက လေးစားလိုက်နာပြီး ငြိမ်းချမ်းရေးမြှင့်တင်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်လုပ်ဆောင်ကာ ဆွေးနွေးညှိနှိုင်းမှုများကိုလည်း ပြုလုပ်ရန်လိုအပ်ကြောင်း ဆာမေဒီက ထပ်လောင်းပြောကြားသည်။

မတူကွဲပြားမှုများအတွက် သံတမန်နည်းလမ်းဖြင့်သာ အဖြေရှာနိုင်မည်ဖြစ်ပါသည်။ တီဟီရန်ကို အရေးယူဒဏ်ခတ်ပိတ်ဆို့မှုများဖြေလျှော့ပြီး နျူကလီးယားသဘောတူညီချက်အဖြစ် နားလည်မှုပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် (JCPOA)ကို အင်အားကြီးနိုင်ငံများဖြင့် လက်တွဲအကောင်အထည်ဖော်ဆောင်သွားခြင်းမှာ သံတမန်နည်းဖြင့် အကောင်းဆုံးဖြေရှင်းခြင်းပင်ဖြစ်သည်။ ယင်းသဘောတူညီချက်သည် ဒေသတွင်းပေါင်းစည်းညီညွတ်ရေးကို ဦးတည်စေပြီး အာရှတိုက်တွင်းအပြန်အလှန်ယုံကြည်မှု တည်ဆောက်နိုင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလမ်းကြောင်းခင်းပေးခြင်းလည်းဖြစ်သည်။

လက်ရှိအချိန်တွင် အီရန်နိုင်ငံသည် အာဆီယံနိုင်ငံများနှင့် စွမ်းအင်၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ အခြေခံအဆောက်အအုံစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ အလေးအနက်ပြုလုပ်လိုပြီး နှစ်နိုင်ငံအချင်းချင်းသာမက နိုင်ငံအများနှင့်ပါ ပူးပေါင်းဆောင်ရွက်လိုကြောင်း သိရသည်။

ချက်များကို အကန့်အသတ်ဖြင့် လုပ်ဆောင်ရမည်ဖြစ်သည်။

ဆက်လက်ပြီး အီရန်အနေဖြင့် အာရှနိုင်ငံများအကြား အထူးသဖြင့် CICA အဖွဲ့ဝင်များနှင့်လည်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်လိုကြောင်း ဆာမေဒီက ပြောခဲ့သည်။ CICA သည် အာရှဒေသအတွင်း တည်ငြိမ်ရေး၊ လုံခြုံရေး၊ ငြိမ်းချမ်းရေးမြှင့်တင်ရန်ရည်ရွယ်ပြီး ပူးပေါင်းဆောင်ရွက်ရေး အရှိန်အဟုန်မြှင့်တင်သည့် နိုင်ငံပေါင်းစုံ ဖိုရမ်တစ်ခုဖြစ်သည်။ အာရှနှင့် အခြားကျန်ရှိသည့် ကမ္ဘာ့နိုင်ငံများ အချင်းချင်း ငြိမ်းချမ်းတည်ငြိမ်ရေးကို အခြေခံထားသည့် အမှတ်အသားတစ်ခုလည်းဖြစ်သည်။

CICA တွင် အရောင်အသွေးစုံလင်သည့် အဖွဲ့ဝင်ပေါင်း ၂၆ ဖွဲ့ပါဝင်ပြီး အမေရိကန်နှင့် အာရပ်ပေါင်းချုပ်နိုင်ငံများအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းလေးခုနှင့် ပြည်နယ်ရှစ်ခုပါရှိကာ စောင့်ကြည့်လေ့လာမှုများ ပြုလုပ်လျက်ရှိသည်။

ထို့ပြင် အကြမ်းဖက်လုပ်ရပ်များသည် ကမ္ဘာကိုခြိမ်းခြောက်နေသည့်အတွက် နိုင်ငံတကာကိုလည်း အကြမ်းဖက်သမားများကို နှိမ်နင်းတိုက်ခိုက်ရမည်ဖြစ်ကြောင်း တီဟီရန်ဘက်မှ တိုက်တွန်းပြောကြားခဲ့သည်။ အကြမ်းဖက်သမားများ အုပ်စုလက်ထဲသို့ ဓာတုလက်နက်များ ရောက်ရှိသွားခြင်းမရှိစေရန် သတိပေးပြောကြားမှုများကို ဧပြီ ၃၀ ရက်က ဘယ်လ်ဂျီယံအထက်လွှတ်တော်အမတ်နှင့် အီရန်အကြံပေးအရာရှိတို့ တွေ့ဆုံဆွေးနွေးရာတွင် ပြောကြားသွားခဲ့သည်။

အကြမ်းဖက်သမားများသည် အာရှနှင့်အာဖရိက ဒေသအချို့တို့တွင် ရှိနေကြပြီး စက်မှုနိုင်ငံများကို အကြမ်းဖက်တိုက်ခိုက်ရန် လက်ရှိအင်အားကို ချဲ့ထွင်နေကြခြင်းလည်းဖြစ်သည်။ ယခုအချိန်တွင် အီရန်နိုင်ငံသည် အကြမ်းဖက်သမားများ၏ ပစ်မှတ်သားကောင်သဖွယ်ဖြစ်နေ၍ အကြမ်းဖက်သမားများကို ဆန့်ကျင်ပြီး လုံခြုံရေးဆိုင်ရာများ တိုးမြှင့်လုပ်ဆောင်နေရခြင်းဖြစ်သည်ဟု အီရန်ထိပ်တန်းဘာသာရေး ခေါင်းဆောင်တစ်ဦး၏ အပြောအရ သိရသည်။ အီရန်နိုင်ငံအနေဖြင့် အကြမ်းဖက်အုပ်စုကို ဆန့်ကျင်တိုက်ခိုက်ရန် ၎င်း၏အတွေ့အကြုံများကို နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ရန် အသင့်အနေအထားဖြစ်နေသည်။ အီးယူအဖွဲ့ဝင်နိုင်ငံများ အထူးသဖြင့် ဘယ်လ်ဂျီယံနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ အကန့်အသတ်မရှိ ပြုလုပ်လိုကြောင်း ပြောကြားထားသည်။

နိုင်ငံတကာ သဘောတူညီမှုများကို လက်မှတ်ရေးထိုးထားသည့်နိုင်ငံများသည် ၎င်းတို့၏ပေးပြီးသား ကတိကဝတ်များအပေါ် လေးစားလိုက်နာရမည်ဖြစ်သည်။ နျူကလီးယားသဘောတူညီမှု နားလည်မှုပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် JCPOA နှင့်ပတ်သက်ပြီး အမေရိကန်အနေနှင့် ၎င်း၏တာဝန်များကို အပြည့်အဝလုပ်ဆောင်သွားရန် ဘယ်လ်ဂျီယံနိုင်ငံဘက်မှ တိုက်တွန်းတောင်းဆိုထားရာ အဆိုပါ JCPOA သဘောတူညီချက် အကောင်အထည်ဖော်ဆောင်ရာ တွင်

အကြမ်းဖက်သမားများသည် အာရှနှင့်အာဖရိကဒေသအချို့တို့တွင် ရှိနေကြပြီး စက်မှုနိုင်ငံများကို အကြမ်းဖက်တိုက်ခိုက်ရန် လက်ရှိအင်အားကို ချဲ့ထွင်နေကြခြင်းလည်းဖြစ်သည်

ဇန်နဝါရီ ၁၆ ရက်က အီရန်နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံဖြစ်သော အမေရိကန်၊ ပြင်သစ်၊ ဗြိတိန်၊ တရုတ်နှင့် ရုရှားနိုင်ငံတို့အပြင် ဂျာမနီအပါအဝင် Joint Comprehensive Plan of Action (JCPOA)ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ယင်းမှာ နှစ်နှစ်ခွဲခန့် အပြင်းအထန်ဆွေးနွေးမှုများပြုလုပ်ပြီးနောက် ၂၀၁၅ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် နှစ်ဖက်စလုံးမှ သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။

ယင်းအစီအစဉ်အောက်တွင် အီရန်အပေါ် ဥရောပသမဂ္ဂ၊ လုံခြုံရေးကောင်စီနှင့် အမေရိကန်တို့မှ နျူကလီးယားဆက်စပ်ပိတ်ဆို့ဒဏ်ခတ်မှုအားလုံးကို တိုးမြှင့်လုပ်ဆောင်ခဲ့ပြီး အပြန်အလှန်အနေဖြင့် အီရန်က နျူကလီးယားဆောင်ရွက်အနှောင့်အယှက် အတားအဆီးမှန်သမျှကို ဘယ်လ်ဂျီယံက ဖယ်ရှားပစ်မည်ဟု ပြောကြားခဲ့သည်။

JCPOA သဘောတူညီမှုသည် အပြုသဘောဆောင်သည့် အနေအထားဖြစ်ကြောင်း အီရန်နှင့်မဟာဗျူဟာကျကျဆက်ဆံရေးရှိသော တရုတ်ကလည်း ပြောသည်။ JCPOA သည် ပြီးခဲ့သောနှစ် ဇူလိုင်လက အီရန်နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံတို့ လက်မှတ်ထိုးထားသည့် သဘောတူညီချက်ဖြစ်ပြီး ဇန်နဝါရီ ၁၆ ရက်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကိုးကား-ပရက်စ်တီဗွီ

ဆီးရီးယားငြိမ်းချမ်းရေး တိုးတက်မှုရှိရန်မျှော်လင့်ကြောင်း ကယ်ရီပြောစုရည်

ဂျီနီဗာ မေ ၂

တိုက်ခိုက်မှုများအဆုံးသတ်မည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို ပြန်လည်စတင်ပြီး ဆီးရီးယားရှိ စစ်ရေးလှုပ်ရှားမှုရပ်နားခြင်းသဘောတူညီမှုအသစ်ကို နောက်လာမည့်နှစ်ရက်အတွင်း ဂျီနီဗာ၌ ဆွေးနွေးမည်ဖြစ်ရာ ကောင်းမွန်တိုးတက်မှုရှိစေရန် မျှော်လင့်ကြောင်း အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက မေ ၁ ရက်နေ့တွင် ပြောခဲ့သည်။

ဂျီနီဗာသို့ရောက်ရှိပြီး ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီး နာဆာဂျူဒရှ်နှင့် တွေ့ဆုံစဉ်တွင် မျှော်လင့်ချက်ဟူသည် ကျွန်ုပ်တို့လုပ်ဆောင်နိုင်သော အောင်မြင်မှုဖြစ်သည်ဟု ကယ်ရီက ပြောခဲ့သည်။

အလက်ပိုမြို့ကို ပြင်းပြင်းထန်ထန် တိုက်ခိုက်ခံရပြီးနောက် အမေရိကန်နှင့် ရုရှားအနေဖြင့် ဆီးရီးယား၌ နှစ်လကြာငြိမ်းချမ်းရေးဆွေးနွေးပွဲကို လုပ်ဆောင်နိုင်ရန် ကုလသံတမန်ဆီးရီးယားသို့ လာရောက်ပြီးနောက် ကယ်ရီအနေဖြင့် ဂျီနီဗာသို့သွားရောက်ရန် အလျင်အမြန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

အယ်ခိုင်ဒါနှင့် အစ္စလာမ္မစ်စစ်သွေးကြွများကို နှင်ထုတ်ခဲ့ပြီး ဖေဖော်ဝါရီ ၂၇ ရက်က ပြုလုပ် ခဲ့သော ငြိမ်းချမ်းရေးစာချုပ်ကို မော်စကိုနှင့်ဝါရှင်တန်ဘက်က ချီးဖောက်ခဲ့ကြသည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုသည် ယာယီစစ်ပြေငြိမ်းရေးကို အဖတ်ဆယ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ဆီးရီးယားတပ်ဖွဲ့များသည် ပြီးခဲ့သည့်သောကြာနေ့က လာတီကာရှိ အနောက်မြောက်ပိုင်း ကမ်းရိုးတန်းဒေသများနှင့် ဒမတ်စကတ်အပါအဝင် ယင်းမြို့ရှိ အစွန်အဖျားဒေသများတွင် ယာယီတိုက်ခိုက်ရေးရပ်စဲကြောင်း ကြေညာခဲ့သည်။

ကယ်ရီက ဆီးရီးယားနေရာအနှံ့အပြားတွင် ငြိမ်းချမ်းရေးလိုအပ်နေကြောင်း သိသာအောင်ပြုလုပ်ခဲ့ပြီး ဂျီနီဗာဆွေးနွေးပွဲပြီးနောက် စစ်ရေးလှုပ်ရှားမှုရပ်နားခြင်းများကို အတည်ပြုနိုင်ရန် မျှော်လင့်လျက်ရှိသည်။ ယင်းကိစ္စကြောင့်ပင် ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး အဒဲအယ်ဂျူဘီယာနှင့် ဒီမီဆူရာတို့ကို မေ ၂ ရက်တွင် တွေ့ဆုံခဲ့သည်။

ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီး ဂျူဒရှ်ကလည်း ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် စစ်ရေးလှုပ်ရှားမှုများကို ရပ်ဆိုင်းထားရန် လိုအပ်ကြောင်းနှင့် လူသားချင်းဆိုင်ရာ စာနာထောက်ထားမှု အကူအညီများကိုလည်း ပြန်လည်စတင်ရန် ပြောခဲ့သည်။ ထို့ပြင် အလက်ပိုမြို့ပတ်ဝန်းကျင်တွင် သတိနှင့်နေထိုင်နေရကြောင်း ဖော်ပြခဲ့သည်။

အငြင်းပွားမှုနှင့်ပတ်သက်သော ညှိနှိုင်းရေးလမ်းကြောင်း ပျက်ကွက်မှုသည် ဒေသတွင်းတည်ငြိမ်မှုကို ခြိမ်းခြောက်နိုင်သော စိန်ခေါ်မှုတစ်ခုဖြစ်သည်ဟု ဂျူဒရှ်က ပြောခဲ့သည်။ ထို့ပြင် ကယ်ရီနှင့် ဂျူဒရှ်တို့သည် အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခများကိုလည်း ဆွေးနွေးသွားမည်ဟု ပြောခဲ့သည်။

(ရိုက်တာ)

အချိန်အခါမဟုတ် ချင်းတွင်းမြစ်ရေ တိုး၊ ရေယာဉ်များ သွားလာရေးအဆင်ပြေ

ရေစကြို မေ ၂

ယခုအခါ ချင်းတွင်းမြစ်ရေသည် အချိန်အခါမဟုတ်ဘဲ မြစ်ရေတိုးလျက်ရှိရာ ရေစကြိုမြို့တွင် တစ်ပေခန့်အထိ တိုးလျက်ရှိကြောင်း သိရသည်။

"ပုံမှန်အားဖြင့်တော့ ချင်းတွင်းမြစ်ရေက နယုန်လမှ တိုးတာဖြစ်တယ်။ အခုတော့ ရာသီဥတုကြောင့် အထက်ပိုင်းမှာ မိုးရွာသွန်းတဲ့အတွက် အခုလို အချိန်အခါမဟုတ်ဘဲ မြစ်ရေတိုးနေတာဖြစ်ပါတယ်။ ခုလိုမြစ်ရေတိုးတဲ့အတွက် အိတ် ၁၅၀/၂၀၀ တင်ဆောင်တဲ့ ရေယာဉ်တွေသွားလာရေးအတွက် အဆင်ပြေသွားပါတယ်။

"အရင်ကတော့ ကုန်အပြည့်မတင်နိုင်ဘူး။ လျှော့တင်ရတယ်။ အဲဒီတော့ ကုန်သည်လည်း မကိုက်ဘူး။ ရေယာဉ်ပိုင်ရှင်လည်း မကိုက်ဘူး။ ကုန်စည်စီးဆင်းမှုလည်း နှောင့်နှေးတာပေါ့။ အခုတော့ ကုန်သည်လည်း သူ့ကုန်တွေတင်လို့ရသလို ကျွန်တော်တို့ ရေယာဉ်တွေလည်း တစ်ခေါက်ဆိုတစ်ခေါက် တန်ရာတန်ကြေးရတယ်။ ပြီးတော့ ကုန်စည်စီးဆင်းမှုလည်း မြန်ဆန်ပြီး အကျိုးဖြစ်ထွန်းစေပါတယ်" ဟု ရေယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

ဖေထွဏ်းဇော်(ရေစကြို)

အောင်ဘာလေထီဆုကျပ်သိန်းတစ်သောင်းအထိဖွင့်လှစ်ရန်စီစဉ် ကျပ် ၅၀တန် ထီစနစ်လည်း ပေါ်ပေါက်လာမည်

ရန်ကုန် မေ ၂

ပြည်တွင်းအခွန်ဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနက လစဉ် ၁ ရက်နေ့ရောက်တိုင်း ဖွင့်လှစ်ပေးလျက်ရှိသော အောင်ဘာလေထီဆုကို ပြည်သူများ ကံစမ်းနိုင်သည့် အခွင့်အလမ်းပိုမိုရရှိစေပြီး အမြင့်ဆုံးထီဆုကျပ်ငွေသိန်းတစ်သောင်းအထိ တိုးမြှင့်သတ်မှတ်ပေးခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားရေးဘဝကိုမြှင့်တင်ပေးရန် ရည်ရွယ်လျက် ကျပ် ၂၀၀ တန် အောင်ဘာလေထီလက်မှတ်များအပြင် ကျပ် ၅၀၀ တန် ထီလက်မှတ်များ ပူးတွဲထုတ်ဝေရောင်းချပေးသွားရန်စီစဉ်လျက်ရှိကြောင်း အောင်ဘာလေထီရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"လက်ရှိ အောင်ဘာလေထီလက်မှတ်တွေကိုတော့ ဝါဇီက ရိုက်နှိပ်ပေးနေတာပါ။ ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်တွေကို ဝါဇီနဲ့ရိုက်မယ်ဆိုရင်တော့ အနည်းဆုံး ခြောက်လလောက်တော့ကြာနိုင်ပါတယ်။ လောလောဆယ်မှာတော့ ညှိနှိုင်းဆဲပါ။ ဒါပေမယ့် ဒီထက်ပိုမြန်အောင်လုပ်ပါဆိုရင်တော့ ပုဂ္ဂလိကကုမ္ပဏီတွေနဲ့တင်ဒါခေါ်ယူပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အနှေးနဲ့အမြန်ဖြစ်လာဖို့ရှိပါတယ်။ ဒီငွေကျပ် ၅၀၀ ထီကို ဘယ်အချိန် စတင်ရောင်းမယ်ဆိုတာတော့ ယတိပြတ်မပြောနိုင်သေးပါဘူး" ဟု မေ ၁ ရက် နံနက်ပိုင်းက အောင်ဘာလေထီဖွင့်ပွဲအခမ်းအနားတွင် ညွှန်ကြားရေးမှူး ဦးထွန်းထွန်းအောင်က မြန်မာ့အလင်းသို့ ပြောကြားသည်။

ထို့အပြင် ဝင်ငွေနည်းသူပြည်သူများ ထီထိုးကံစမ်းနိုင်ရန် ငွေကျပ် ၅၀ တန် အီးလက်ထရွန်နစ်ထီ (e-Lottery) စနစ်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ သို့သော်လည်း ယင်းe- Lottery ထီစနစ်ကိုလွှတ်တော်၌ အောင်ဘာလေထီဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးမှသာလျှင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းထီစနစ်ပေါ်ပေါက်လာပါက ပြည်သူများအနေဖြင့် မိုဘိုင်းဖုန်းများမှတစ်ဆင့် ထီထိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။ အောင်ဘာလေထီအမြင့်ဆုံးဆုကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစပြီး ငွေကျပ်သိန်း ၁၅၀၀အထိ အမြင့်ဆုံးထီဆုအဖြစ် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ လက်ရှိအချိန်တွင် အောင်ဘာလေမှ အထူးဆုကြီး၊ တစ်ဆုချင်းဆုမဲစနစ်နှင့် ဝေဝေဆာဆာဆုမဲစနစ်ယူ၍ ဆုအမျိုးအစားသုံးမျိုး ဖွင့်လှစ်ပေးလျက်ရှိသည်။ အထူးဆုကြီးစနစ်တွင် ငွေကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၁၀၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၅၀၀ ငါးဆု၊ ငွေကျပ်သိန်း၃၀၀ ခြောက်ဆုနှင့်ငွေကျပ်သိန်း ၂၀၀ ခုနစ်ဆု ဖွင့်လှစ်ပေးလျက်ရှိသည်။ ဝေဝေဆာဆာဆုမဲစနစ်တွင် အက္ခရာနှင့် ရှေ့ဂဏန်းနှစ်လုံးတူ ငွေကျပ် ငါးသောင်း၊ အက္ခရာနှင့် ရှေ့ဂဏန်းသုံးလုံးတူ ငွေကျပ်တစ်သိန်း၊ အက္ခရာနှင့် ရှေ့ဂဏန်းလေးလုံးတူငွေကျပ်နှစ်သိန်းနှင့် ငါးလုံးတူပါက ငွေကျပ်သုံးသိန်းဆုဖွင့်လှစ်ပေးလျက်ရှိသည်။

ထို့အတူ ဆုတစ်ဆုချင်း ယူနစ်တွင် ငွေကျပ်သိန်း ၁၀၀၊ ငွေကျပ်သိန်း ၅၀၊ ငွေကျပ် ၂၅ သိန်း၊ ငွေကျပ် ၁၀ သိန်းနှင့် ငွေကျပ်ငါးသိန်းဆုများ ပါဝင်သည်။ ပြီးခဲ့သည့်ဧပြီလအတွင်းရုံးပိတ်ရက်၊ အားလပ်ရက်များခဲ့၍ ထီအက္ခရာ ၃၅ လုံးသာ ထုတ်ဝေခဲ့သော်လည်း မေလမှစတင်ကာ ထီအက္ခရာ ၃၈လုံး၊ နောက်လများတွင် အက္ခရာအလုံး ၄၀ အထိထုတ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

သတင်း-မြင့်မောင်စိုး

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မြောက်ဖျားဒေသမိုးရွာ၍ ဧရာဝတီမြစ်ရေမြင့်တက် ပြောင်းနှင့်အခြားသီးနှံဧက ၃၀၀၀ခန့် ရေမြုပ်

မြစ်ကြီးနား မေ ၂

မြန်မာနိုင်ငံမြောက်ဖျားပိုင်းနှင့် မေခ၊ မလိခမြစ်တစ်လျှောက်တွင် ဧပြီလအတွင်း မိုးများရွာသွန်းမှုကြောင့် ဧပြီ ၂၂ ရက်မှ ၂၆ ရက်အထိ ကချင်ပြည်နယ် ဆင်ဘိုမြို့အတွင်း ဧရာဝတီမြစ်ရေမြင့်တက်ကာ ပြောင်းနှင့်အခြားသီးနှံများ ၂၇၈၄ ဒသမ ၅၀ ဧကခန့်ရေနှစ်မြုပ်ခံရသောကြောင့် ကျေးရွာများမှ ရာသီပေါ်သီးနှံလုပ်ကိုင်သူများအခက်တွေ့နေရကြောင်း သိရသည်။

ဆင်ဘိုမြို့နယ် ကျေးရွာများမှ "ပြောင်းနဲ့အခြားသီးနှံ ၄၀၂၆ ဒသမ ၅၀ ဧက စိုက်ပျိုးထားခဲ့ရာ ၂၇၈၄ ဒသမ ၅၀ ဧက ရေကြီးနစ်မြုပ်ခဲ့တယ်။ ဒီရေကြီးနစ်မြုပ်ခဲ့ရတဲ့ စာရင်းဇယားတွေကို ကောက်ယူပြီး မြစ်ကြီးနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ အစိုးရအဖွဲ့ရုံးကို တင်ပြထားပါတယ်။ ရေကျသွားရင်တော့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန မြေစာရင်းနဲ့ ကျေးရွာလယ်ယာဖွံ့ဖြိုးတိုးတက်ရေးကော်မတီနဲ့ပူးပေါင်းပြီး ပျက်စီးဆုံးရှုံးမှုစာရင်းတွေကို ကောက်ယူပြီး ထပ်မံတင်ပြပေးသွားမှာပါ။ ပျက်စီးဆုံးရှုံးတာမသိရသေးတဲ့အတွက် လောလောဆယ်တောင်သူတွေကို ကူညီဆောင်ရွက်ပေးထားတာ မရှိသေးပါဘူး" ဟု ဆင်ဘိုမြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

မင်းရာဇာ(မြစ်ကြီးနား)

ပိုလီယိုရောဂါပိုးအမျိုးအစားသုံးမျိုးပါဝင်သော tOPV ဆေးပုလင်းများစွန့်ပစ်

လားရှိုး မေ ၂

မြန်မာနိုင်ငံ၌ ပိုလီယိုရောဂါပိုး အပြီးသတ်ပပျောက်ရေးလုပ်ငန်းကို စီမံချက်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ပိုလီယိုရောဂါပိုး အမျိုးအစားသုံးမျိုးပါဝင်သော tOPV မှ ပိုလီယိုရောဂါပိုးအမျိုးအစား နှစ်မျိုးပါဝင်သော bOPV သို့ပြောင်းလဲသုံးစွဲပြီးနောက် ယခင်အသုံးပြုနေသည့် ပိုလီယိုရောဂါပိုးအမျိုးအစားသုံးမျိုးပါဝင်သော tOPV ဆေးပုလင်း ၆၁၅၁ လုံးကို လားရှိုးမြို့ ကြာကန်သုသာန်မြေနေရာ၌ ဧပြီ ၂၉ ရက်က မြေကျင်းတူး အင်္ဂတေလောင်း ဖျက်ဆီးစွန့်ပစ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဖျက်ဆီးစွန့်ပစ်ရာတွင် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာထင်လင်း၊ အထူးရောဂါနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒယ်နီလင်းနှင့် ကော်မတီဝင်များက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝေလင်းအောင်(ပြန်/ဆက်)

လူငယ်ခေါင်းဆောင်မှုနှင့်ဘက်စုံ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်မည်

ကောလင်း မေ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်လုံးဆိုင်ရာ ပရဟိတကွန်ရက်နှင့် ဝေဠုကျော်ဖောင်ဒေးရှင်းတို့ပူးပေါင်း၍ 'လူငယ်ခေါင်းဆောင်မှုနှင့် ဘက်စုံစွမ်းဆောင်ရည်မြှင့်သင်တန်း' အမှတ်စဉ်(၁)ကို မေ ၄ ရက်တွင် စတင်ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် နည်းပြဆရာများအဖြစ် ဦးနေမျိုးမောင်၊ ဦးဇေယျာလင်းနှင့် ဝေဠုကျော်ဖောင်ဒေးရှင်းအဖွဲ့ဝင်များက ကောလင်းမြို့ မြောက်အင်းရပ် မဟာဒေဝိန္ဒာရာမ ရှမ်းကုန်းကျောင်းတိုက်တွင် မေ ၄ ရက်မှ ၈ ရက်အထိ ငါးရက်ကြာ သင်တန်းပို့ချမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများအနေဖြင့် အသက် ၂၀ မှ ၃၅ နှစ်အတွင်း အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူ ကျား/မ မရွေး တက်ရောက်သင်ကြားနိုင်ပြီး ကိုကျော်ဖုန်းလှိုင်(ပြန်ကြားရေး) ၀၉-၇၉၁၀၇၁၁၇၀၊ ကိုခိုင်ထူး(စာရေး-၁) ၀၉-၇၉၄၃၄၀၀၇၀၊ ကိုထွေး(ဝေဠုကျော်ဖောင်ဒေးရှင်း) ၀၉-၂၅၆၆၆၈၈၊ ကိုအောင်မျိုးဝေ(အတွင်းရေးမှူး) ၀၉-၂၀၃၇၇၅၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

ကိုကိုညိမ်း(ကောလင်း)

ခုံငင်းကျေးရွာတွင် ပေါက်ကွဲမှုဖြစ်ပွားခြင်းကြောင့် နှစ်ဦးသေဆုံး

ကျောက်မဲ မေ ၂

ကျောက်မဲမြို့နယ် ခုံငင်းကျေးရွာအနီးတွင် မေ ၁ ရက် နံနက် ၈ နာရီခွဲက ပေါက်ကွဲမှုတစ်ခု ဖြစ်ပွား၍ နှစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန်ခေါက်ကျေးရွာနေ ဦးအိုက်ကျော် သည် သားဖြစ်သူအတွက် မိန်းမတောင်းရန် မန်ခေါက်ကျေးရွာမှ ရပ်မိရပ်ဖများနှင့်အတူ ဆိုင်ကယ် ၁၁ စီးဖြင့် မေ ၁ ရက် နံနက် ၈ နာရီက ကွန်ကော်ကျေးရွာအုပ်စုတော့ဖယ်ကျေးရွာသို့ သွားရောက်ရာ မန်ခေါက်ကျေးရွာအုပ်စု ခုံငင်းကျေးရွာအနီးသို့ ရောက်ရှိစဉ် လမ်းယာဘက်ဘေးနှစ်ပေခန့်မှ ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် ဦးအိုက်ကျော်တွင် (မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ပြီး **(ဝဲပုံ)** အတူလိုက်ပါလာသူ မန်ခေါက်ကျေးရွာနေ စိုင်းကံ (၂၀)နှစ်မှာ ရင်ဘတ် ခဲသီးဖောက်ဝင်ဒဏ်ရာဖြင့်လည်းကောင်း၊ မနန်းအေးထီး (၂၂)နှစ်မှာ ဒဏ်ရာများရရှိ၍ လည်းကောင်းနေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

သိန်းသန်း (ပြန်/ဆက်)

ကွမ်ဟယ်ဘုန်းတော်ကြီးကျောင်း မီးလောင်မှုဖြစ်ပွား

နမ့်ဆန် မေ ၂

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်၊ ကွမ်ဟယ်ကျေးရွာအုပ်စု၊ ကွမ်ဟယ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ မေ ၁ ရက် ည ၁၀ နာရီ ၅ မိနစ်က ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

မီးလောင်ကျွမ်းသည့်နေရာသို့ နမ့်ဆန်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ယာဉ် သုံးစီးတို့ဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ ည ၁၁ နာရီ မိနစ် ၂၀ ခန့်တွင် မီးညွန့်ကျိုးသွားခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း (ရှေးဟောင်းအဆောက်အအုံ) များဖြစ်သော ဘုန်းတော်ကြီးကျောင်း ပင်မဆောင် တစ်ဆောင်၊ သိမ်၊ ဇရပ်နှင့် သီလရှင်ကျောင်းဆောင် တစ်ဆောင်တို့ မီးလောင်ဆုံးရှုံးခဲ့သည်။

မီးဘေးသင့်ခဲ့သော သံဃာ သုံးပါး၊ ကိုရင် နှစ်ပါး၊ သီလရှင် လေးပါးတို့သည် မန်ဝိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ယာယီပြောင်းရွှေ့ သီတင်းသုံးနေထိုင်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေဘုရားတစ်ဆူ၊ သံချိတ် ကြိုးတို့နှင့်အတူ တွေ့ရှိသူအား မသင်္ကာ၍ အမှုဖွင့်စစ်ဆေး

ဝန်းသို မေ ၂

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် မေ ၁ ရက်က ရွှေဘုရားတစ်ဆူကို သံချိတ်ကြိုးတို့နှင့် အတူသယ်ဆောင်လာသူကို မသင်္ကာ၍ ဝန်းသိုမြို့မရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁ ရက်နေ့ မွန်းလွဲ ၂ နာရီခွဲက ဝန်းသိုမြို့နယ် ဂျိုးတောင် ရဲကင်းစခန်းမှ ရဲကင်းမှူး ရဲအုပ် ဝင်းကျော်သူနှင့် တပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်း မှုခင်းကျဆင်းရေးအတွက် လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် ဂျိုးတောင်တောင်မကြီးပေါ်ရှိ ရွှေခေမာစေတီ ကုန်းတော်ပေါ်မှ လူတစ်ဦး ဆင်းလာသည်ကို တွေ့ရှိရသည်။ ထို့နောက်မသင်္ကာ၍ စစ်ဆေးခဲ့ရာ ၎င်းမှာ ဝန်းသိုမြို့နယ် ဂျိုးတောင်အုပ်စု ရွာမရွာနေ ဇော်ဇော်အောင် (၃၄) နှစ်ဆိုသူဖြစ်ကြောင်း သိရပြီး ဆက်လက်ရှာဖွေ ခဲ့ရာ အလျား တစ်လက်မ၊ အနံ တစ်လက်မခန့်ရှိ ဦးခေါင်းမပါ ၁၅ ပဲရည်အလေးချိန် ၈၇ ရွေးခန့်ရှိ ရွှေဘုရား တစ်ဆူ၊ ချိတ်နှစ်ဖက်ပါနှစ်ပေခန့်ရှိ ခြောက်မူးလုံးခန့် သံချိတ်တစ်ချောင်း၊ ချိတ်တစ်ဖက်ပါ တစ် ပေခန့် တစ်မတ်လုံးခန့်ရှိ သံချိတ်တစ်ချောင်းတို့ကို တွေ့ရှိခဲ့သည်။

အဆိုပါ ပစ္စည်းများနှင့်ပတ်သက်၍ စစ် ဆေးခဲ့ရာ ပိုင်ဆိုင်ကြောင်းအထောက်အထား တစ်စုံတစ်ရာပြောဆိုပြသနိုင်ခြင်းမရှိ၍ ဘုန်းကြီးကျောင်း၊ ဘုရား တစ်ခုခုမှ ခိုးယူလာသည်ဟု မသင်္ကာသဖြင့် အရေးယူပေးရန် တိုင်တန်းခဲ့ကြောင်း သိရသည်။

ဦးရဲ(ကသာ)

မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွား

မိုင်းဖြတ် မေ ၂

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် အိုက်လုံကျေးရွာအုပ်စု ဟာကြားဒီပ(အောက်)ကျေးရွာ၌ ဧပြီ ၃၀ ရက် ည ၁၁ နာရီက လူနေအိမ်တစ်လုံး မီးလောင်ကျွမ်းမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုင်းဖြတ်မြို့နယ် ဟာကြားဒီပ(အောက်)ကျေးရွာနေ အိမ်ရှင် အဘဦးအားချာ၏ သားဖြစ်သူဦးအားသဲ နေအိမ်မှ မီးဖိုဆောင်ရှိ မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်ပြီး မီးလောင်ကျွမ်းမှုကို ကျေးရွာရှိ ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ခြင်းကြောင့်ည ၁၂ နာရီခန့်တွင် မီးလုံးဝငြိမ်းသွားကာ အခြား နေအိမ်များသို့ မီးကူးစက်လောင်ကျွမ်းခြင်းမရှိကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့်လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့်မီးလောင်ကျွမ်းခဲ့သည့် အိမ်ပိုင်ရှင် ဦးအားသဲအား မိုင်းဖြတ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဘဝသစ်အကျဉ်းစခန်း၌ အကျဉ်းသားအချင်းချင်း စကားများရာမှ ဓားထိုးမှုဖြစ်

တိုက်ကြီး မေ ၂

တိုက်ကြီးမြို့နယ် အကျဉ်းဦးစီးဌာန အိုင်ကလောင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အသက်မွေးမှုအတတ်သင်စခန်းဌာနချုပ် နောက်တန်းဆူးကြိုး၌ ဧပြီ ၃၀ ရက် နံနက် ၆ နာရီက နံနက်ထောင်ဖွင့်သစ္စာဆိုပြီး ဘုတ်အလိုက် တန်းစီစဉ် ဖြိုးဝေလင်း(ခ) ဖြိုးဝေ၊ မျိုးမင်းဖြိုးတို့နှစ်ဦးနှင့် ထက်ရာဇာလင်း (ခ)တာတီးတို့ စကားများရန်ဖြစ်ရာ ဖြိုးဝေလင်းနှင့် မျိုးမင်းဖြိုးတို့က ထက်ရာဇာလင်းအား အရိုးအသွား လေးလက်မခန့်ရှိ ကြက်သွန်လှီးဓားနှင့် အရိုးအသွား ၃လက်မခွဲခန့်ရှိ တံစဉ်ကျိုးတို့ဖြင့် ရုတ်တရက်ထိုးလိုက်ရာ ထက်ရာဇာလင်း၏ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်မှ ထက်ရာဇာလင်းအား တိုက်ကြီးဆေးရုံမှတစ်ဆင့် ရန်ကုန်ဆေးရုံကြီးသို့ ဆက်လက်ပို့ဆောင်ထားရာ မေ ၂ ရက် အထိ စိုးရိမ်ရလူနာအဖြစ် ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

ထွန်းလှိုင် (မြိုင်)

ဘူတာတွင် ဖော့စ်ဘွတ်ခ်သုံးနေသူ အမျိုးသား ရထားတိုက်ခံရ

နေပြည်တော် မေ ၂

နေပြည်တော် လယ်ဝေးမြို့နယ် လောဘူတာ ပလက်ဖောင်းတွင် မေ ၁ ရက် ည ၁၀ နာရီ မိနစ် ၅၀ ခန့်က လူတစ်ဦးအား ရထားစက်ခေါင်းဖြင့် တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အမှတ် ၅ အဆန် အထူးအမြန်ရထားသည် ပျဉ်းမနားဘူတာ မရောက်မီ လောဘူတာသို့ ဖြတ်ကျော်သွားစဉ် ဘူတာ၏ရှေ့မျက်နှာစာ ပလက်ဖောင်းသံလမ်းပေါ်တွင် ထိုင်၍ ဖော့စ်ဘွတ်အသုံးပြုနေသည့် အမည်မသိအမျိုးသားတစ်ဦး အသက် (၃၀ နှစ်) ခန့်ကို ဝင်ရောက်တိုက်မိရာ ရထားမှာ ရပ်တန့်လိုက်သော်လည်း အတိုက်ခံရသော အမျိုးသားမှာ ပြင်းထန်ဒဏ်ရာရရှိပြီး ဆေးရုံသို့ သယ်ဆောင်သွားကြောင်း သိရသည်။

ရွှေလင်းပြည့်စုံ

ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၆၊ မြေကွက်အမှတ်-၁၁၆၈၊ မြေကွက်တည်နေရာ အမှတ်-၁၁၆၈၊ ရွှေပါသွန်းလမ်း၊ ၄၆-ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်၊ (ဦးဇော်ဝင်းမောင်- AC-၁၄၀၅၃၄)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအား ဦးဇော်ဝင်းမောင်ကွယ်လွန်သဖြင့်ဒေါ်သန်းသန်းမြင့် (၁၂/ကမရ(နိုင်)၀၁၃၃၆၃)မှစွန့်လွှတ်ကြောင်း ကျမ်းကျိန်လွှာ၊ ဆင့်ပွားလေးစာရင်းနှင့် ပုံစံ(၁၀)တို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းမြေပုံကူး လျှောက်ထားလာရာ တရားဝင်နိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံး၊ လုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဌာနမှူး(ကိုယ်စား)
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၁၄၃-စက်မှုဇုံ)၊ မြေကွက်အမှတ်(၁၀၇)၊ မြေကွက်တည်နေရာ-အမှတ်(၁၀၇)၊ တပင်ရွှေထီးလမ်းနှင့် စက်မှုဇုတ်ဝန်ဆောက်လမ်းထောင့်၊ ဦးတင်ထွေ (၁၂/သဃက(နိုင်)၀၁၈၂၀၀)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအားအမည်ပေါက် ဦးတင်ထွေ ကွယ်လွန်သွားသောကြောင့် ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ဆေ (၁၂/သဃက(နိုင်)၀၁၁၂၀၁)မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်နိုင်လုံသောအထောက်အထားများ ဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

ရေနံချောင်းမြို့ အလက (သုံးဆယ့်) ခြောက်ကျေးရွာ အငွမတန်းမှ မရွှေစင်၏ဖခင်အမည်မှာ ဦးကျော်ဝင်းနိုင် ၈/ရနခ(နိုင်)၀၀၉၇၃၄ ဖြစ်ပါကြောင်း။

ဦးကျော်ဝင်းနိုင်

ဖခင်အမည်မှန်

မော်လမြိုင်မြို့ အထက(၃) ဒုတိယတန်းအောင်မှ မသီရိမျိုးခင်၏ ဖခင်အမည်မှန်မှာ ဦးဂနေးဆား ၁၀/မလမ(နိုင်)၀၈၂၀၂၆ ဖြစ်ပါကြောင်း။

ဦးဂနေးဆား

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁နှင့် ၅)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂၃

ဒေါ်သူဇာထွန်း(ခ)နစီမား — ဦးမောင်မောင်သိန်း(ခ)အစ်ဒရစ်ဘိုင်
တရားလို **နှင့်** တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ၄၅လမ်း၊ အမှတ် ၁၆၆၊ ရှစ်လွှာနေဦးမောင်မောင်သိန်း (ခ)အစ်ဒရစ်ဘိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။ သင့်အပေါ်၌ တရားလို ဒေါ်သူဇာထွန်း(ခ)နစီမားက လင်မယားကွာ ရှင်းပြတ်စဲပေးစေလိုမှုနှင့်နှစ်ဦးပိုင်ငွေကြေးဖြင့် ဝယ်ယူထားသောတိုက်ခန်းအား ခွဲဝေပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ်၊ မေ၁၇ ရက် (၁၃၇၈ခုနှစ်၊ ကဆုန်လဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ်၊ မေ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နိုင်နိုင်အောင်)
ဒုတိယခရိုင်တရားသူကြီး(၉)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
ရုံးသုံးနှင့် စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါရုံးသုံးနှင့် စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က)	Generator 500 KVA	-	2 Nos
(ခ)	Air Conditioner (1.5 HP) Split Type	-	20 Nos
(ဂ)	Air Conditioner (2.0 HP) Split Type	-	10 Nos
(ဃ)	Duct Line Air Conditioner (40 HP)	-	4 Nos
(င)	Mail Box Car	-	3 Nos
(စ)	Digital Camera D-7200 (with Lens)	-	5 Nos
(ဆ)	Computer Core i7	-	20 Nos
(ဇ)	Printer A3 with Scanner	-	10 Nos
(ဈ)	Recorder	-	25 Nos
(ည)	Portable Printer	-	10 Nos
(ဋ)	Card Printer XID 8100	-	2 Nos
(ဌ)	**ရုံးသုံးပရိဘောဂမျိုးစုံ**	-	1 Lot

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၄-၅-၂၀၁၆ရက်မှ ၃-၆-၂၀၁၆ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၄း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃-၆-၂၀၁၆ရက် နံနက် ၉နာရီမှ ညနေ ၄း၃၀နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ် (၇)ရှိ တင်ဒါ အဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈တို့သို့ ရုံးချိန် အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန် လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ် (၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈

တင်ဒါတင်သွင်းရန်လိပ်စာ
ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ် (၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၃)
ကျောင်းဆင်းအရာရှိများ နှစ်ပတ်လည်နေ့
ဆွမ်းကျွေး ဖိတ်ကြားလွှာ

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၃) သူရတပ်ခွဲ ကျောင်းဆင်းသူငယ်ချင်းများ၏ ၅-၅-၂၀၁၆ရက်တွင် ကျရောက်သည့် (၁၆)နှစ်ပြည့်နှစ်ပတ်လည်နေ့ တွေ့ဆုံပွဲကို နေပြည်တော် မိသားစုစားသောက်ဆိုင်တွင် ယင်းနေ့ညနေ ၆နာရီ၌ တွေ့ဆုံမည်ဖြစ်ပါသည်။

တိုင်းပြည်တာဝန်ထမ်းဆောင်ရင်းကျဆုံးသွားသော သူငယ်ချင်းများနှင့် သေဆုံးသွားသော သူငယ်ချင်းများအတွက် ရည်စူး၍ ၇-၅-၂၀၁၆ရက်(စနေနေ့)တွင် ပျဉ်းမနားမြို့ ဈေးကုန်းကျောင်းတိုက်၌ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းပြီး အမျှအတမ်းပေးဝေမည်ဖြစ်ပါသဖြင့် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - ဦးမြင့်ကျော် ဖုန်း-၀၉-၅၀၃၄၅၀၈၊
ဦးထွန်းလင်းဦး ဖုန်း-၀၉-၄၉၂၂၄၇၉၃၊
ဦးစိုးမင်းကျော် ဖုန်း-၀၉-၅၁၀၃၉၁၀

ပြင်ဦးလွင်မြို့(မေမြို့)အထက(၁) ၂၃ ကြိမ်မြောက်ဆရာကန်တော့ပွဲ ဖိတ်ကြားလွှာ

ပြင်ဦးလွင်မြို့ ၊ အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများမှ ၂၃ ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲ အစမ်းအနားဖြင့် သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့မည်ဖြစ်ပါသဖြင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ အားလုံး ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေတက်ရောက်ကြပါရန်လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် ။ ။ မေလ ၇ရက်၊ ၂၀၁၆ ရက် (စနေနေ့) (၁၃၇၈ ကဆုန်လဆန်း ၁ ရက်)
အချိန် ။ ။ မနက် ၉ နာရီ အရောက်လာရန်၊
မနက် ၁၀ နာရီတွင် ဆရာများအားကန်တော့ပြီး
နေ့လည် ၁၂ နာရီတွင် နေ့လည်စာဖြင့် တည်ခင်းဧည့်ခံပါမည်။
နေရာ ။ ။ ရောဂတီခန်းမ၊ အ.ထ.က(၁)၊ ပြင်ဦးလွင်မြို့။

၂၃ ကြိမ်မြောက်အထက(၁)မေမြို့ ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ဆင်ပေါင်ဝဲမြို့ အထက(၁) စတုတ္ထတန်းမှ မမျိုးမြတ်ဖြူစင်၏ ဖခင်အမည်မှန်မှာ ဦးတင်ထွေး ဖြစ်ပါသည်။

လေးနိုင်ငံဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ မြန်မာ၊ ဗီယက်နမ်၊ စင်ကာပူနှင့်ဟောင်ကောင်တို့ယှဉ်ပြိုင်မည်

ရန်ကုန်   မေ   ၂

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် လေးနိုင်ငံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်မည့်အသင်းများ ထွက်ပေါ်လာပြီဖြစ်သည်။ ယင်းပြိုင်ပွဲကို အိမ်ရှင်မြန်မာအသင်း အပါအဝင် ဗီယက်နမ်၊ စင်ကာပူ၊ ဟောင်ကောင်အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

AYA Bank က စပွန်ဆာပေးမည့် လေးနိုင်ငံဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကို ဇွန်လဆန်းပိုင်းတွင် သုဝဏ္ဏကွင်း၌ကျင်းပမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံဆုဇူကီးဖလားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် ပြိုင်ပွဲအကြို ပြင်ဆင်မှုများစွာ ပြုလုပ်မည်ဖြစ်ပြီး လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲသည် ပြိုင်ပွဲအကြို ပြင်ဆင်မှုများထဲမှ တစ်ခုဖြစ်သည်။ ယခုပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်းများမှာ အာဆီယံဒေသတွင်းမှ ထိပ်သီးအသင်းများဖြစ်သလို ဟောင်ကောင်အသင်းမှာလည်း အာရှဒေသတွင်း၌ တိုးတက်မှုရှိလာသည့်အသင်းဖြစ်သည်။ မြန်မာအသင်းနှင့် ဟောင်ကောင်အသင်းတို့သည် ၂၀၁၅ ခုနှစ် ကုန်ခါနီးက ဟောင်ကောင်၌ ခြေစမ်းကစားခဲ့ရာ ဂိုးပြတ်ရှုံးနိမ့်ထားခဲ့ပြီး ယင်းခြေစမ်းပွဲမှာ လက်ရှိမြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်၏ ပထမဆုံး နိုင်ငံတကာခြေစမ်းပွဲလည်းဖြစ်သည်။ စင်ကာပူအသင်းနှင့် မတ် ၂၄ ရက်က စင်ကာပူနိုင်ငံ၌ ပုပုဆွေးဆွေး ခြေစမ်းကစားထားခြင်းဖြစ်ပြီး မြန်မာအသင်းသည် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့သည် သက်တန်းအလိုက်အသင်းများတွင် တွေ့ဆုံလျက်ရှိသော်လည်း လက်ရွေးစင်အဆင့်တွင် ယခုနှစ်ပိုင်းအတွင်း တွေ့ဆုံဖူးခြင်း မရှိပေ။

မြန်မာနိုင်ငံအနေဖြင့် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲများကို ကျင်းပခဲ့ဖူးသော်လည်း နှစ်ပေါင်းများစွာကြာမှ ပြန်လည်ကျင်းပခြင်းဖြစ်သည်။ ယခုအကြိမ်တွင် ဆုဇူကီးဖလားပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး လက်ရွေးစင်အသင်းများ ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် ဆုဇူကီးဖလားပြိုင်ပွဲမတိုင်မီ ခြေစွမ်းမြင့်မားသည့် အသင်းများဖြစ်သည့် ဗီယက်နမ်၊ စင်ကာပူအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ အတွေ့အကြုံကောင်းများ ရရှိနိုင်မည့်ပြိုင်ပွဲလည်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲမတိုင်မီ မလေးရှားအသင်းနှင့် ခြေစမ်းပွဲကစားမည်ဖြစ်ပြီးယင်းပြိုင်ပွဲအပြီးတွင် ဥရောပခရီးစဉ်၊ တောင်ကိုရီးယားခရီးစဉ်နှင့် နိုင်ငံတကာ ခြေစမ်းပွဲများစွာ ယှဉ်ပြိုင်ကစားရန် စီစဉ်ထားရာ ဆုဇူကီးပြိုင်ပွဲအကြို လုံလောက်မှုရှိသည်ဟု ဆိုရမည်ဖြစ်သည်။

ညီမြတ်သော်တာ

❖ *ကျောဖုံးမှ*

အနိုင်ရခဲ့သည်။ တစ်ဖန် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲ ဒုတိယပွဲစဉ်တွင် ညဏ်လင်းအောင်(မြိုင်ကလေး ဘိလပ်မြေစက်ရုံ)နှင့် ဂျပန်နိုင်ငံမှ လက်ဝှေ့ကျော် ဒိုင်ခိကာနီကိုတို့ ယှဉ်ပြိုင် ထိုးသတ်ခဲ့ရာ ပထမအချီပွဲစသည်နှင့် သူတစ်ပြန်ကိုယ်တစ်ပြန် အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း အနိုင်အရှုံးမပေါ်ခဲ့ပေ။ ဒုတိယအချီပွဲစသည်နှင့် ကာနီကိုက မြန်မာ့ရိုးရာ လက်ဝှေ့စွမ်းပကားအသွင်ဖြင့် ညဏ်လင်းအောင်အား ခေါင်းတိုက်ခဲ့သဖြင့် အဆိုပါခေါင်းတိုက်ချက်ကို ညဏ်လင်းအောင် ခေါင်းနှင့်ပင် တန်ပြန်ခုခံလိုက်ရာ ကာနီကို သုံးမိနစ် အနားတောင်းခဲ့ရသည်။ အနားတောင်းပြီးပြန်အတည်တွင် ညဏ်လင်းအောင်၏ ညာဒူးတိုက်ချက်ကြောင့် ဒုတိယအကြိမ်အနားတောင်းခဲ့ရပြန်သည်။ ဒုတိယအကြိမ် အနားတောင်းပြီး ပြန်အတည်မှာပင ညဏ်လင်းအောင်၏ ညာလက်သီးကြောင့် ကာနီကို ပြန်မထနိုင်တော့ဘဲ အလဲထိုးဖြင့် ရှုံးနိမ့်ခဲ့၍ မြန်မာနှစ်ဦးစလုံး အလဲထိုးဖြင့် အနိုင်ရခဲ့သည်။

ယင်းအပြည်ပြည်ဆိုင်ရာလက်ဝှေ့ပြိုင်ပွဲတွင် လာရောက်ကြည့်ရှုအားပေးသည့် လက်ဝှေ့ဝါသနာရှင်များက မြန်မာ့ရိုးရာ လက်ဝှေ့စွမ်းပကားကို ကြည့်ရှုခွင့်ရသဖြင့် နှစ်သက်သဘောကျကြပြီး သွားရောက်ယှဉ်ပြိုင်သည့် မြန်မာ့ရိုးရာ လက်ဝှေ့သမားများအနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကာ ကမ္ဘာသို့ပင် မြန်မာ့လက်ဝှေ့ကို ထိုးဖောက်နိုင်စွမ်းရှိသည့် စွမ်းပကားကို ပြသနိုင်ခွင့်ရခဲ့ကြသည်။ ယင်းနိုင်ငံတကာ လက်ဝှေ့ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်သည့် အားကစားအဖွဲ့သည် ယနေ့ညနေ ၅ နာရီတွင် ဂျပန်လေကြောင်းလိုင်းဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်းသိရသည်။

(မြန်မာ့အလင်း)

ထူးခြားသည့်နေ့အပူချိန်

၂-၅-၂၀၁၆

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် ပေါက်မြို့တို့၌ ၄၂ ဒီဂရီစင်တီဂရိတ်စီ၊ အောင်လံမြို့နှင့် တောင်တွင်းကြီး မြို့တို့၌ ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

(မိုး/ဇလ)

မြန်မာ ယူ-၁၉အသင်းဖွဲ့စည်းရန် လူရွေးပွဲများ စတင်ကျင်းပ

ရန်ကုန်   မေ   ၂

နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၉ အသင်းဖွဲ့စည်းရန် လူရွေးပွဲများကို ယနေ့ညနေပိုင်းက သုဝဏ္ဏလေ့ကျင့်ရေးကွင်း(၁)၌ စတင်ကျင်းပသည်။

လူရွေးပွဲကို သုံးရက်ကြာကျင်းပမည်ဖြစ်ပြီး ပထမနေ့လူရွေးပွဲကို ကစားသမား ၆၀ ဝန်းကျင် လာရောက်ရွေးချယ်ခံခဲ့သည်။ ယင်းလူရွေးပွဲကို မြန်မာ ယူ-၁၉ အသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်း၊ လက်ထောက်နည်းပြ ဦးအောင်ကျော်ထွန်း၊ ဂိုးနည်းပြ ဦးဇော်ဝင်းနိုင်တို့ အပါအဝင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီဝင်များ လာရောက်ကြည့်ရှု ရွေးချယ်ခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းကို ကစားသမား ၄၃ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သော်လည်း အသက်မီသည့် ကစားသမားများကို ရွေးချယ်ခဲ့သောကြောင့် ကစားသမား ၆၀ ဝန်းကျင်အထိရှိသွားခြင်းဖြစ်သည်။ လာရောက်ရွေးချယ်ခံခဲ့သည့် ကစားသမားများထဲတွင် ၂၀၁၅ ခုနှစ်အတွင်းက ဖွဲ့စည်းခဲ့သည့် မြန်မာ ယူ-၁၉ အသင်းမှ ကစားသမားများ ပြန်လည်ပါဝင်လာပြီး လက်ရှိ ၂၀၁၆ ရာသီ MNL လူငယ်ပြိုင်ပွဲတွင် ခြေစွမ်းပြနေသည့် ကစားသမားများကို ရွေးချယ်ထားခြင်းဖြစ်သည်။ လူရွေးပွဲ ဒုတိယနေ့ပွဲစဉ်ကို မေ ၃ရက် ညနေပိုင်းတွင် သုဝဏ္ဏလေ့ကျင့်ရေးကွင်း(၁)၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းဖွဲ့စည်းရန် လူရွေးပွဲကျင်းပနေစဉ်
ဓာတ်ပုံ-ဖိုးသော်ဇင်

မြန်မာ ယူ-၁၉ အသင်းသည် လူရွေးပွဲအပြီးတွင် ကစားသမား ၂၅ ဦး ရွေးချယ်ကာ မေ ၈ ရက်မှစ၍ စခန်းဝင်လေ့ကျင့်သွားမည်ဖြစ်သည်။ မြန်မာ ယူ-၁၉အသင်းသည် ယခုနှစ်အတွင်း ပထမဆုံး နိုင်ငံတကာပြိုင်ပွဲအဖြစ် စက်တင်ဘာလတွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် အာဆီယံယူ -၁၉ ပြိုင်ပွဲကို ယှဉ်ပြိုင်ရမည်ဖြစ်သည်။

သတင်း-ညီမြတ်သော်တာ

ဝန်ထမ်း အမြန်အလိုရှိသည်

ရေ၊ မီး ကျွမ်းကျင် - ၁၀ ဦး
အကူလုပ်သား - ၂၀ ဦး
နေစရာပေးမည်။ ဖယ်ရီရှိသည်။ ခြောက်လတစ်ခါ လစာတိုးရှိသည်။ နှစ်စဉ်ဆုကြေးရှိသည်။
ဆက်သွယ်ရန် -
ဖုန်း-၀၉-၂၅၀၄၁၂၂၅၅
၀၉-၂၆၀၃၆၀၀၃၃

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မင်းစံ (၉/ပဘန(နိုင်)၂၁၅၉၂၉) ၏ CDC-101917 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း- ၀၉ ၂၅၀၆၅၁၈၂၅

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/6706 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/8955 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (မွေးရေ/ကျေးလက်) ဝန်ကြီးရုံးတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ရုံးသုံးစက်ပစ္စည်းများနှင့် ရုံးသုံးပရိဘောဂများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	အကြောင်းအရာ	အရေအတွက်
(၁)	Air-Conditioner (1.5 HP)	၃
(၂)	LCD Projector	၁
(၃)	Projector Screen (EURO)	၁
(၄)	Multifunction Laser Printer (B/W)	၅
(၅)	Fax Machine (Thermal)	၁
(၆)	Color Printer (Canon)	၃
(၇)	UPS (650W, 230V, 265V)	၄
(၈)	Digital Multifunction Copier (Canon)	၃
(၉)	Shredders (GBC)	၅
(၁၀)	Desktop Computer	၃
(၁၁)	Binding Machine	၁
(၁၂)	Computer table & Chair	၂၀

၃။ အိတ်ဖွင့်တင်ဒါများကို ၂၇-၅-၂၀၁၆ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ဖွင့်ဖောက်ပါမည်။ တင်ဒါပုံစံများကို ၆-၅-၂၀၁၆ရက်မှစ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန (မွေးရေ/ကျေးလက်)၊ ဝန်ကြီးရုံး (နေပြည်တော်၊ ရုံးအမှတ် ၃၆)တွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ရုံးဖုန်း-၀၆၇-၄၀၈၂၁၂၊ ၀၆၇-၄၀၈၀၅၈ တို့သို့ စုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၂၊ ကံဘဲ့၊ မြေကွက်အမှတ် ၅/ခ၊ မြေကွက်တည်နေရာ အမှတ် ၂၀၊ ကန်ရိပ်သာလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဦးမြတ်သင်းအောင်)အမည်ပေါက် မြေပိုင်မြေ၊ လ/န ၃(ခ)မြေအား အမည်ပေါက် ဦးမြတ်သင်းအောင် ၁၂/ကတတ(နိုင်)၀၀၇၆၇၂ ကိုယ်တိုင်မှ အမည်ပေါက်သည့် ရန်ကုန်တိုင်းတရားရုံး၏ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ရောင်းကြောင်းလက်မှတ်စာ၊ ၂၀၀၉ ခုနှစ် အရောင်းမြေပုံမူရင်း ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတို့ တင်ပြ၍ အဆောက်အအုံဆောက်ရန် မြေပုံကူးနှင့်မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
သစ်တောဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့

၁။ သစ်တောဦးစီးဌာန၊ မုံရွာခရိုင်၊ မုံရွာ၊ ကနီ၊ ဘုတလင်မြို့နယ်တို့ရှိ အောက်ဖော်ပြပါ ပုံစံ(၈)ဝင်(သစ်လုံး/ခွဲသား၊ ကျွန်းတံခါးချပ်)များအား မုံရွာခရိုင် သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၁၀-၅-၂၀၁၆ ရက် နံနက် ၁၀:၀၀ နာရီတွင် တိုင်းကျော်သယ်ယူခွင့်မပြုကြောင်း စည်းကမ်းသတ်မှတ်ချက်ဖြင့် လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

စဉ်	အမျိုးအမည်	အရေအတွက် လုံးတန်	အရေအတွက် ခွဲသားတန်	စုစုပေါင်း (တန်)
၁။	ကျွန်း	၃၅.၆၈၇၆	၂.၀၁၈၄	၃၇.၇၀၆၀
၂။	သစ်မာအုပ်စု(၁) (ပိတောက်၊ တမလန်း၊ ပျဉ်းကတိုး၊ အင်ကြင်း၊ သစ်ယာ)	၈.၈၉၁၀	၅၆.၃၇၇၄	၆၅.၂၆၈၄
၃။	ကျွန်းတံခါး(၆၇)ချပ်	-	၁.၉၄၇၂	၁.၉၄၇၂
	စုစုပေါင်း	၄၄.၅၇၈၆	၆၀.၃၄၃၀	၁၀၄.၉၂၁၆

၂။ လေလံလျှောက်လွှာနှင့် လေလံစည်းကမ်းချက်များကို မုံရွာခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် တစ်စောင်လျှင် ၅၀၀၀ိ/(ကျပ်ငါးထောင်တိတိ) ဖြင့် ၂-၅-၂၀၁၆ ရက်မှ ၆-၅-၂၀၁၆ ရက်အထိ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၁-၂၁၅၃၀တွင် စုံစမ်းနိုင်ပါသည်။
ဥက္ကဋ္ဌ
လေလံတင်ရောင်းချရေးကော်မတီ

ဖခင်အမည်မှန်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပညာ့ပန်းတိုင် အထက်တန်းကျောင်း ဒသမတန်းမှ မပြည့်ဖြိုးသင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းဌေး ၉/ပမန(နိုင်)၀၀၃၅၉ ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကောင်းချစ်သွေး ၉/ခမစ(နိုင်)၀၂၁၃၉၉၏ Passport (No-M 061973) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၀၅၅၇၀၇**

ဆရာဒွေး နှင့် သမီး- ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတာကိုရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
မေလ (၇/၉)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

မြန်မာ့သံသီချင်းများကို လေ့ကျင့်တီးခတ်လိုသူများအတွက်...
ဦးကံကောင်း B.E(Mech)
ဂီတဘုတ် နှင့် စန္ဒရားဂီတကွက်များ
မြန်မာသံ သီချင်း(၃၀)စာအုပ် သရုပ်ပြပို့ချချက် DVD ခွေနှင့် အတူ ဖြန့်ချိလိုက်ပါပြီ။ ၂၅၀၀ိ
ထွက်ပြီ
ဖြန့်ချိရေး - ခင်မြတ်သူစာပေ 01-552437, 09-73082164

အများသိစေရန်ကြေညာချက်

ပြည်မြို့၊ ရွာတဲရပ်ကွက်၊ ဇိုလ်ချုပ်လမ်း၊ အမှတ်(၁၆၂)နေ ဦးဝင်းမြင့်သည် ၎င်း၏တူဖြစ်သူ မောင်ဖြိုးဝေလတ်အား လွန်ခဲ့သော ၁၉၈၇ ခုနှစ်တွင် နေအိမ်သို့ခေါ်ယူပြီးပညာသင်ကြားပေးကာ မိသားစုအရင်းကဲ့သို့ကျွေးမွေးပြုစုစောင့်ရှောက်ထားခဲ့ပါသည်။ မောင်ဖြိုးဝေလတ်သည် ဦးဝင်းမြင့်၏နေအိမ်၌ နေထိုင်လာခဲ့ရင်း နေအိမ်ရှိပစ္စည်းများကို မိသားစုမသိအောင် ယူဆောင်ရောင်းချအသုံးပြုခြင်း၊ ဂုဏ်သိက္ခာနှင့် ပတ်သက်သော ပြစ်မှုများကျူးလွန်၍ ပြစ်ဒဏ်ချခံခဲ့ရခြင်း၊ ဦးဝင်းမြင့်အပေါ် စိတ်ဆင်းရဲမှုဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်လာခဲ့သည့်အပြင် (၃-၄-၂၀၁၆)ရက်နေ့ညပိုင်း၌ ဦးဝင်းမြင့်၏သမီးဖြစ်သူ မခင်ခက်ခက်ခိုင်ကိုပါ ကိုယ်ထိလက်ရောက် ရိုက်ပုတ်ခြင်းတို့ကိုပြုလုပ်လာခဲ့သဖြင့် ၎င်းနှင့်ပတ်သက်၍ ဦးဝင်းမြင့်တွင် စိတ်ဆင်းရဲဒုက္ခအမျိုးမျိုး ကြုံတွေ့ခဲ့ရပါသဖြင့် မိသားစုဝင်အဖြစ်မှ ရပ်စဲပါကြောင်းနှင့် မည်သည့်ကိစ္စရပ်ဖြစ်စေ ပေါ်ပေါက်လာပါက ဦးဝင်းမြင့်နှင့် မသက်ဆိုင်တော့ပါကြောင်းနှင့် မောင်ဖြိုးဝေလတ်အား မိသားစုဝင်အဖြစ်မှ ထုတ်ပယ်လိုက်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
ဦးဝင်းမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်လင်း (စဉ်-၁၀၁၃၄)
တရားလွှတ်တော်ရှေ့နေ

ဥပဒေအတွေးရေးပါရစေ၊ အပိုင်း(၁၆)

ကျမ်းမျိုးစုံမှ ဉာဏ်ဟုန်ပြင်းသည်

ဦးဟန်ညွန့်(ဥပဒေ)

"ကျမ်းမျိုးစုံမှ ဉာဏ်ဟုန်ပြင်းသည်" "နည်းမျိုးစုံမှ ရန်ပုန်ခွင်းသည်" ဟူသော ဆောင်ပုဒ်ကို ဥပဒေဝန်ထမ်းဖြစ်ခါစ ကျွန်တော်တို့အား ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်မောင် (နိုင်ငံခြားရေးဝန်ကြီးဟောင်း)က မကြာခဏ ရွတ်ဖတ်စေပါသည်။ ရွတ်ဖတ်ရုံနှင့် မလုံလောက်သေး။ လက်တွေ့စာမေးပွဲစစ်သည်။ တရားခွင်အလုပ်ဆင်းသည့်အခါ ကြီးကြပ်သူဆရာက လိုက်လံစစ်ဆေးသည်။ ဥပဒေ စာအုပ်တွေဖတ်ရဲ့လား။ ကျမ်းကိုး၊ ကျမ်းကားပြည့်စုံရဲ့လား။ တစ်ဖက်ကရှေ့နေ၏ လျှောက်လဲချက်ကို တိတိပပ ပြန်လည်ချေဖျက်နိုင်ရဲ့လား။ တရားသူကြီး၏ သဘောထားက ဘယ်လိုလဲ၊ စာမဖတ်ဘဲ၊ တာဝန်ကျေရုံသက်သက်၊ လခယူရုံ သက်သက် ဥပဒေဝန်ထမ်းဖြစ်နေသလား။ ကျင့်ထုံး၊ နည်းဥပဒေ၊ စာပေကျမ်းဂန်၊ စီရင်ထုံးအဖုံဖုံတွေကို ပြည့်ပြည့်စုံစုံ လေ့လာမှတ်သားသူအဖြစ် တရားခွင်မှာ ပွဲလယ်တင့်ပါရဲ့လား။ ဥပဒေဉာဏ်ပညာ ကြွယ်ဝသူဖြစ်အောင် လေ့ကျင့်စေခဲ့သည့် အချိန်များ...။ ယနေ့တိုင်မမေ့နိုင်...။

ရှေးအစဉ်အဆက်ဓမ္မသတ်များ

မြန်မာနိုင်ငံတွင် ရှေးအစဉ်အဆက် ဓမ္မသတ်များရှိပါ၏။ ရာဇသတ်များရှိပါ၏။ ဖြတ်ထုံးများရှိပါ၏။ ဖြတ်ပုံများ၊ ခွဲပုံများ၊ မိန့်စာများ၊ မှာစာများ၊ ကြားစာများသည်လည်း တရားဥပဒေ၏ ပင်စည်အရင်းအမြစ်များဖြစ်ပါ၏။ နည်းယူစရာ၊ ပညာယူစရာ၊ မှတ်သားစရာ၊ စံပြုစရာ၊ ရိုးရာဓလေ့ထုံးတမ်းများလည်းဖြစ်ကြပါ၏။ တရားရုံးများတွင် ကိုးကားပါ၏။ စံပြုလျှောက်လဲကြပါ၏။

ကောင်းမြတ်သော ရှေးထုံး

ကောင်းမြတ်သော ရှေးထုံးကို မပယ်ကောင်း။ ရှေးထုံးကိုချည်း ရင်ဝယ်ပိုက်နေပြန်လျှင်လည်း နောက်ချန်ကျန်ရစ်မည့်သတိ၊ အသိရှိရန်လိုကြောင်း တရားသူကြီး အဆက်ဆက်တွင် ညွှန်ပြခဲ့ပြီ။ သဘာဝယုတ္တိနှင့် ညီညွတ်သော စီရင်ထုံးကိုသာ အောက်ရုံးတို့က လိုက်နာကြဖို့၊ ခေတ်နှင့်မလျော်ဖြစ် နေလျှင် ဆင်ဆင်ခြင်ခြင်သုံးသပ်ဖို့လည်း မှတ်ချက်အလီလီ ပြုခဲ့ပြီဖြစ်ပါသည်။

စီရင်ထုံးကျမ်းအစောင်စောင်

ကျမ်းမျိုးစုံအောင်၊ ဥပဒေပညာ ကြွယ်ဝအောင်၊ လေ့လာဆည်းပူးကြကုန်သော အမောင်၊ အမိ ဥပဒေပညာရှိတို့သည် စီရင်ထုံး၏ အစိတ်အပိုင်းများဖြစ်ကြသော

(က)အကြောင်းခြင်းရာ (FACT)

(ခ) ကောက်ချက် (ISSUE)

(ဂ)လျှောက်လဲချက် (ARGUMENT)

(ဃ) ဆုံးဖြတ်ချက်(DECISION)

(င) ကျိုးကြောင်းပြဆိုချက်(REASON) တို့ကို ထင်ရှားစွာ ပိုင်းခြားသိမြင်ကြသည်။

စုစည်းခွဲခြားမှု

အောက်မြန်မာပြည်စီရင်ထုံး၊ အထက်မြန်မာပြည်စီရင်ထုံးစသည်ဖြင့် ၁၈၇၂၊ ၁၈၉၂၊ ၁၉၀၀ ၊ ၁၉၂၂ ခုနှစ်များက အမှုတွဲများအကြောင်း၊ B.L.T မှ B.L.J အတွဲများ၊ ၁၉၃၇ အိန္ဒိယပြည်၏ ပြည်နယ်တစ်ခုအဖြစ်မှ ခွဲထွက်ပြီး မြန်မာပြည်မှ စီရင်ထုံးများ (၁၉၃၇မှ ၁၉၄၇ အထိ) စသည်ဖြင့် နောက်ခံသမိုင်းများ လေ့လာနိုင်ကြသည်။ စုစည်းခွဲခြားမှုပြုထားသည်။

လွတ်လပ်ရေးရပြီး စီရင်ထုံးများ

၁၉၄၈ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် မြန်မာနိုင်ငံ စီရင်ထုံးများ (Burma Law Reports) အဖြစ်၊ နှစ်စဉ်ထုတ်ဝေသည်။ ဥပဒေပညာနှံ့စပ်စွာလေ့လာသူများသိသည်။ ထဲထဲဝင်ဝင်လေ့လာလျှင် ပို၍ပို၍သိမည်။ တရားခွင်ရှေ့ လျှောက်လဲချက် တင်ဆက်သည့်အခါ ကျမ်းမျိုးစုံသူက ဉာဏ်ဟုန်မြင့်ပြီး အလေးအနက်၊ ပိုင်ပိုင်နိုင်နိုင် တင်ပြနိုင်သည်။ တရားသူကြီးကပင် မှတ်မှတ်သားသားပြုသည်။ ဂရုမူသည်။ အပေါ်ယံတင်ပြသူများမှာမူ သိသာလှသည်။ ဉာဏ်ပညာအရာတွင် "စံ" တင်သူဖြစ်စေချင်သည်။ အမှုသည်များအားကိုးသော ရှေ့နေ၊ အောင်မြင်သောရှေ့နေ၊ ဥပဒေပညာကျွမ်းကျင်သောရှေ့နေ၊ စီရင်ထုံး ဖတ်မှတ်သောရှေ့နေအဖြစ် ပညာရဲရင့်ပွဲလယ်တင့်ပေသည်။

တရားခွင်ရှေ့ လျှောက်လဲချက် တင်ဆက်သည့်အခါ ကျမ်းမျိုးစုံသူက ဉာဏ်ဟုန်မြင့်ပြီး အလေးအနက်၊ ပိုင်ပိုင်နိုင်နိုင် တင်ပြနိုင်သည်။ တရားသူကြီးကပင် မှတ်မှတ်သားသားပြုသည်။ ဂရုမူသည်။ အပေါ်ယံ တင်ပြသူများမှာမူ သိသာလှသည်။ ဉာဏ်ပညာအရာ တွင် "စံ" တင်သူဖြစ်စေချင်သည်။

ထာဝစဉ်ပြောင်းလဲနေသည်

ခေတ်ကြီးသည် ထာဝစဉ်ပြောင်းလဲနေသည်။ ခေတ်ဟောင်း၊ ခေတ်သစ်၊ ဖြတ်သန်းခဲ့သောအတွေ့အကြုံ၊ မူဝါဒ၊ စနစ်၊ အယူအဆ၊ အတွေးအမြင်တို့သည်လည်း ထာဝစဉ်ဆန်းသစ်နေပေသည်။ ခေတ်ဟောင်းဥပဒေများ၊ ပြင်ဆင်သောဥပဒေများ၊ ရုပ်သိမ်းပြီးဥပဒေများ၊ အယူအဆပြောင်းလဲစီရင်ဆုံးဖြတ်ခဲ့သော စီရင်ထုံးများ၊ အသွင်သစ်၊ အမြင်သစ်၊ အတွေးသစ်များဖြင့် အစားထိုးကြရသည်။ သတိလစ်၍ မဖြစ်။ လေ့လာမှုပြတ်တောက်၍ မရ။ ခုနှစ်သက္ကရာဇ်၊ နေ့ရက်၊ အပိုင်းအခြားပြင်ဆင်ချက်များ၊ အစားထိုးဥပဒေများကို မပြတ်သတိထားရသည်။ မှတ်သားရသည်။ ဟောင်းနွမ်းသောအတွေးအခေါ်ကျော်ခဲ့ပြီလေ။ အတွေးသစ်အမြင်သစ် စီရင်ထုံးအသစ်များဖြင့် ပြည်သူ့တရားဥပဒေ ပီပြင်စေရမည်ဖြစ်သည်။ အပြောင်းအလဲမှာ ကျန်မနေသင့်ပါ။

မြန်မာအဘိဓာန်၏ဖွင့်ဆိုချက်

အမှန်=မှန်

မှန်-နဝိ/ မှန်/၁။ ဖောက်ပြန်ယွင်းမှားခြင်းကင်းသော၊ မမှားယွင်းသော၊ တော်တည့်သော၊ ၂။ အစဉ်ဖြစ်မြဲအတိုင်းဖြစ်သော (ဓမ္မတာမှန် ၊ မိုးလေမှန်၊ ကျောင်းတက်မှန် စသည် အသုံးရှိသည်)

(မြန်မာအဘိဓာန်- ၁၉၇၉ ၊ စာ -၂၀၇)

အမှား=မှား-မမှန်

မှား-နဝိ/မှား/အမှန်မဟုတ်သော (မမှန်ကန်သော၊ မသင့်မရာသော၊ ချွတ်လွဲသော **(မြန်မာအဘိဓာန်၊ ၁၉၇၉၊ စာ-၂၀၂)**

သက်သေပြသည်

သက်သေပြခြင်း (PROVE) **၏အနက်အဓိပ္ပာယ်**

အင်္ဂလိပ်မြန်မာအဘိဓာန် (၂၀၁၁၊ ပထမအကြိမ်၊ စာမျက်နှာ ၁၀၉၂) တွင် PROVE ကိုသက်သေပြသည်ဟု ဖွင့်ဆိုသည်။ အင်္ဂလိပ်ဘာသာဖြင့် ဤသို့ရေးပြသည်။ (No body will believe you unless you have Evidence **to prove** your ease)

ဥပဒေပညာရှင်များ၏ ဂုဏ်ဒြပ်

တရားသူကြီး၊ ရှေ့နေရှေ့ရပ်၊ ဥပဒေအရာရှိစသည့် ဥပဒေပညာရှင်များသည် အမှန်နှင့် အမှားကို ပိုင်းခြားသက်သေပြသူများဖြစ်ဘိသည်။ ဤကား အမှန်၊ ထိုကား အမှားထင်ရှားသော ပြယုဂ်များဖြင့် သက်သေပြသူများ လည်းဖြစ်ကြသည်။ ထိုသူအပေါင်းသည် ကြီးမားသော ဂုဏ်ဒြပ်နှင့် ပြည့်စုံသော ဥပဒေပညာရှင်များ ဖြစ်ထိုက်သည်။ ထိုသို့ဖြစ်ရန် ကျမ်းဂန်ဥပဒေ၊ တရားဖြတ်ထုံး၊ ကျင့်ထုံးအမှာစာ၊ စုံလင်စွာဖြင့် ဂုဏ်အင်္ဂါပြည့်စုံကြမှသာ သီလစင်ကြယ်သူ၊ ပြဿနာအရပ်ရပ် ဆုံးဖြတ်နိုင်သူဖြစ်ပေလိမ့်မည်။ မြင့်မြတ်သော ဂုဏ်ဒြပ်ပိုင်ဆိုင်နိုင်ကြပါစေ။

ဓမ္မကျမ်းလာ တရားသူကြီးဂုဏ်အင်္ဂါများ

မနုဓမ္မသတ်တွင် တရားသူကြီး၏ ဂုဏ်အင်္ဂါရှစ်ပါးမှာ

(၁) အမျိုးကောင်းသည်။

(၂) သီလရှိသည်။

(၃) တရားသူကြီးဖြစ်ထိုက်သည်။

(၄) မှန်သော စကားပြောသည်။

(၅) ဓမ္မသတ်ကျမ်းဂန် လဲလျောင်းသည်။

(၆) ဌာနာ၊ ဌာန၊ ကောသလ္လပညာရှိသည်။

(၇) ချစ်ဖွယ်သောစကားကို ဆိုတတ်သည်။

(၈) ဓမ္မသတ်၊ ရာဇသတ်၊ ဖြတ်ထုံး၊ ဖြတ်ပုံတို့၌ လိမ္မာသည်ဟု ပြဆိုထားသည်။

ဂုဏ်အင်္ဂါရှစ်ပါးအနက် **"ဓမ္မသတ်၊ ရာဇသတ်ဖြတ်ထုံး ဖြတ်ပုံတို့၌ လိမ္မာသည်"** ဟူသောအချက်မှာ ကျမ်းမျိုးစုံစွာလေ့လာဆည်းပူးမှု၊ ဉာဏ်ပညာကြွယ်ဝမှုကို အခြေပြုကြောင်း ထင်ရှားပေသည်။

မည်ကဲ့သို့ ထင်ရှားအောင်ပြုလုပ်မည်

မူရင်းသက်သေခံချက်များကို မည်ကဲ့သို့ သက်သေထင်ရှား အောင်ပြုလုပ်ရမည်ဖြစ်ကြောင်း သက်သေခံ ဥပဒေပုဒ်မ ၆၇ မှ ၉၀ အထိ နည်းလမ်းများပြဋ္ဌာန်းထားသည်။ **မည်သည့်အခါတွင် မှန်သည်ဟု မှတ်ယူနိုင်သည်**(May Presume)။ **မှန်သည်ဟု မှတ်ယူရသည်။** (Shall Presume)။ **မုချမှန်သည်ဟု ထင်ရှားခြင်း** (Conclusive Proof)များမှာ တရားသူကြီးများ၏ သတိပြုအပ်သော ပြဋ္ဌာန်းချက်များ ဖြစ်သည်။ ဤပြဋ္ဌာန်းချက်များက ဂုဏ်ဒြပ်ကို ဖော်ညွှန်းနိုင်သည်။

စာဖတ်ရသည်

အထက်တွင် တင်ပြခဲ့သည့်အတိုင်း တရားသူကြီးများ စာဖတ်ရသည်။ ရှေ့နေရှေ့ရပ်များ စာဖတ်ရသည်။ ဥပဒေအရာရှိများ စာဖတ်ရသည်။ **စာဖတ်ရသည်** ဟူသော ဂုဏ်ပုဒ်ကို တစ်ဆင့်တက်၍ ရေးရလျှင် **ကျမ်းမျိုးစုံဖတ်ရသည်**ဟု ရေးနိုင်သည်။ ဆိုနိုင်သည်။

မဏ္ဍိုင်သုံးရပ်

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင် (၃)ရပ် တွင် ဥပဒေပြုရေးမဏ္ဍိုင်သည် အဓိက ကနဦးကျသည် ဆိုနိုင်သည်။ ဥပဒေတွေမည်မျှ ပြုထားသလဲ။ အရေအတွက်မည်မျှရှိသလဲ။ ခေတ်အဆက်ဆက်ဥပဒေပြုစာရင်းလေ့လာမှတ်သားသင့်သည်။ ဟောင်းနွမ်းသော၊ ရှားပါးသော ဥပဒေအဟောင်းများ ကို ယနေ့လူငယ်တို့မကြားဖူးကြပါ။ ကြားဖူးလျှင်လည်း မမှတ်ဖူး၊ မဖတ်ဖူးကြပါ။ ဘယ်စာကြည့်တိုက်မှာ သွားရှာကြမည်လဲ။ အသင့်ပြုစုထားသောရုံး၊ ပုဂ္ဂိုလ်၊ နောက်ခံသမိုင်း၊ ကျိုးကြောင်းဖော်ပြချက်၊ ရှင်းလင်းချက်၊ ဆက်စပ်ပုံ၊ ပယ်ဖျက်၊ ရုပ်သိမ်း၊ ပြင်ဆင်၊ အသစ်ရေးစသည့်ဇယား၊ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းချက်။ တရားဝင်ဘာသာပြန်ချက်၊ တက္ကသိုလ်ဥပဒေပညာဌာန စာကြည့်တိုက်တွင် ပြုစု မှတ်တမ်း တင်ထားသော ဥပဒေပေါင်းချုပ်စာရင်း။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ရှေ့နေအသင်းများမှ စာကြည့်တိုက်အသီးသီးရှိ စုံလင်သော ဥပဒေများ၊ မှတ်တမ်းများ၊ **(ဥပဒေအချို့ ပြင်ဆင်ပြီးပါလျက် မူရင်းမှတ်တမ်းတွင် မပြင်ဆင်မိ။ စာကြည့်တိုက်ဝန်ထမ်းများ၏ တာဝန်ကျေမှုအပေါ် မူတည်သည်)** စသည်ဖြင့် လူငယ်ဥပဒေပညာရှင်များ၏ ရှေ့ခရီးအားကိုးမိသည်။ ကျမ်းမျိုးစုံစေ။ ဉာဏ်ဟုန်ပြင်းစေ။

ပြည်သူ့လွှတ်တော်အဆင့်ဆင့်

ဥပဒေပြုရေးမဏ္ဍိုင်ကို အဓိကဆောင်ရွက်လျက်ရှိသော ပြည်သူ့လွှတ်တော်အဆင့်ဆင့် ၏ ဥပဒေပြုစာရင်း (ပြဋ္ဌာန်း၊ ရုပ်သိမ်း၊ တည်ဆဲ၊ ပြင်ဆင်စသည်) များကိုလည်းရှေ့မီ၊ နောက်မီ၊ စဉ်ဆက်မပြတ်လေ့လာအပ်ပါကြောင်း။

ငြိမ်းချမ်းရေးနှင့် အရပ်သားအပစ်အခတ်ရပ်စဲရေးအမြင်ဖွင့်ဆွေးနွေး

သီပေါ မေ ၂

ရှမ်းပြည်နယ်မြောက်ပိုင်း အရပ်သား အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်လေ့လာရေး လုပ်ငန်းကော်မတီကကြီးမှူး၍ ငြိမ်းချမ်းရေးနှင့် အရပ်သား အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်လေ့လာခြင်းဆိုင်ရာ အမြင်ဖွင့် ဆွေးနွေးပွဲကို ဧပြီ ၃၀ ရက်က သီပေါမြို့ ဇာတ်စုရပ်ကွက်ဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် လက်ရှိမြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဆွေးနွေးတင်ပြပြီး အရပ်သားပြည်သူများက မဖြစ်မနေပါဝင်ရမည့် အရေးကြီးအခန်းကဏ္ဍများနှင့် အရပ်သားအပစ်အခတ်ရပ်စဲရေး စောင့်ကြည့်လေ့လာခြင်းဆိုင်ရာ အခြေခံသဘောတရားများကို ဆွေးနွေးကြကြောင်း သိရသည်။ **(ယာပုံ) စိုင်း(သီပေါ)**

KG သူငယ်တန်းသင် ဆရာ ဆရာမများ လေ့ကျင့်ရေးသင်တန်းဖွင့်

ကန်ပက်လက် မေ ၂

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန KG သူငယ်တန်းသင် ဆရာ ဆရာမများလေ့ကျင့်ရေးသင်တန်း မြို့နယ်အဆင့်ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို ကန်ပက်လက်မြို့ အထက ဇလပ်ဝါခန်းမ၌ ဧပြီလ စတုတ္ထပတ်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဦးဆွေကအမှာစကားပြောကြား ပြီး မြို့နယ်ဒုတိယပညာရေးမှူး ဦးထန်းမနားက KG သူငယ်တန်းသင် ဆရာ ဆရာမများအား သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းနှင့် သင်တန်းကြီးကြပ်ရေးမှူး ဦးလေ့နိုင်းက သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ခင်ဘကုန်း ရွှေပေလွှာများ

မောင်သာ
(ရှေးဟောင်းသုတေသန)

ခင်ဘကုန်းသည် သရေခေတ္တရာမြို့ဟောင်း နန်းတော်ရာ၏ အရှေ့တောင်ဘက်၊ ကုလားကန်ကျေးရွာမှ အနောက်တောင်သို့ ပေ ၂၀၀ ခန့်အကွာတွင်တည်ရှိသည့် ကုန်းတစ်ခုဖြစ်ပြီး ကုန်းပိုင်ရှင်အမည်ကို အစွဲပြုလျက် ခင်ဘကုန်းဟု ခေါ်ဆိုကြသည်။ ခင်ဘကုန်းသည် သာယာဝတီတံခါးပေါက်အနီး၊ သရေခေတ္တရာမြို့ရိုးအတွင်း၌တည်ရှိကာ ပျူမြို့ဟောင်းများ၏ အရေးပါသော ရှေးဟောင်းသုတေသနဆိုင်ရာအထောက်အထားများ တွေ့ရှိခဲ့သည့် ကုန်းတစ်ခုအဖြစ် ပညာရပ်နယ်ပယ်အသီးသီးတွင် အလွန်ထင်ရှားသည့် နေရာဖြစ်သည်။

ရှေးဟောင်းသုတေသန တူးဖော်မှုများတွင် ကုန်းများသည် အလွန်တန်ဖိုးရှိသော ရတနာသိုက်များဖြစ်ကြပြီး မြေကြီးများ ဖုံးလွှမ်းနေသည့် ကုန်းများထဲ၌ တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းအထောက်အထားများ၊ ရုပ်ဝတ္ထုပစ္စည်းများ ရှိနေသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာက မြေပြင်ပေါ်တွင် တည်ရှိခဲ့သည့် အဆောက်အအုံများသည် နှစ်ပရိစ္ဆေဒကြာမြင့်လာချိန်တွင် မြေကြီးများဖုံးလွှမ်းကာ ကုန်းမို့များဖြစ်လာခဲ့သည်။ ရှေးဟောင်းသုတေသန ပညာရှင်များက ထိုကုန်းများကို စိစစ်တူးဖော်ကာ ရှေးဟောင်းအထောက်အထားများစွာကို ဖော်ထုတ်နိုင်ခဲ့ကြသည်။

ခင်ဘကုန်းကို ၁၉၂၆-၁၉၂၇ ခုနှစ်များတွင် ကျောက်စာဝန် မစ္စတာ ဒူရွိုင်ဇယ် ဦးဆောင်သောအဖွဲ့က တူးဖော်မှုများ ဆောင်ရွက်ခဲ့ရာ ရွှေသား စစ်စစ်ဖြင့်ပြုလုပ်ထားသော ရွှေပေလွှာအချပ် ၂၀ အပါအဝင် ရှေးဟောင်း ရုပ်ဝတ္ထုပစ္စည်း ၄၃၀ ကျော် စုဆောင်းရရှိခဲ့သည်။ ခင်ဘကုန်းသည် လေးထောင့် အဆောက်အအုံပုံသဏ္ဌာန်ရှိပြီး ကုန်း၏အလယ်တွင် အုတ်စီထားသော ဌာပနာတိုက်တစ်ခုကို တွေ့ရှိခဲ့ကြသည်။ ယင်းဌာပနာတိုက်မှ ဌာပနာတိုက်ဖုံး ကျောက်ပြား အကောင်းနှစ်ချပ်၊ သုံးပိုင်းကျိုးနေသော ကျောက်ပြားတစ်ချပ်၊ ဗောဓိပလ္လင်ပုံစံ ငွေဖြင့်ပြုလုပ်ထားသော ခေါင်းပွကြုတ်အဝိုင်းတစ်ခု၊ ရွှေ၊ ငွေ၊ ကြေး ဗုဒ္ဓဆင်းတုတော်များ အပါအဝင် ရှေးဟောင်းရုပ်ဝတ္ထုပစ္စည်းများကို တွေ့ရှိခဲ့သည်။

ယခုအခါတွင် ခင်ဘကုန်းကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ထိန်းသိမ်းထားကာ ကုန်းအနီးတွင် ကုန်းနှင့်သက်ဆိုင်သည့် အချက်အလက်များကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ရေးသားစိုက်ထူထားသည်။ ခင်ဘကုန်းသည် ကမ္ဘာ့အမွေအနှစ် နေရာဒေသကို သက်သေပြဖော်ညွှန်းသည့် ကမ္ဘာလုံးဆိုင်ရာစံတန်ဖိုး(OUV) အမှတ်(၂) ဖြစ်သော 'ဘာသာရေးဆိုင်ရာ အဆောက်အအုံအတွင်း ယုံကြည်ကိုးကွယ်မှုအရ ဖန်တီးပြုလုပ်ထားသော ရုပ်လုံးရုပ်ကြွဝတ္ထုပစ္စည်းများ မြှုပ်နှံမှုဓလေ့ရှိကြောင်း အထောက်အထား'ကို တွေ့ရှိရသည့် နေရာဖြစ်သည်။ ရှေးဟောင်းသုတေသနဦးစီးဌာနက ခင်ဘကုန်းကို ၁၉၆၄ ခုနှစ်တွင် ပြန်လည်တူးဖော်သုတေသနပြုခဲ့သည်။ ထို့အတူပင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် အီတလီနိုင်ငံမှ Lerici Foundation တို့ပူးပေါင်းလျက် ခင်ဘကုန်း ထိန်းသိမ်းရေးလုပ်ငန်းနှင့် အသေးစိတ် မှတ်တမ်းပြုပုံဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

သရေခေတ္တရာမှ ရရှိခဲ့သည့် ရှေးဟောင်းပစ္စည်းများတွင် မြင်တွေ့ရသည့် ကမ္ပည်းစာများကို အကြမ်းအားဖြင့် ပျူစာပေနှင့် ပိဋကတ်စာပေဟု ခွဲခြားနိုင်သည်။ "ပိဋကတ်စာပေဆိုသည်မှာ မြတ်စွာဘုရားဟောကြားတော်မူခဲ့သော သုတ္တ၊ ဝိနယ၊ အဘိဓမ္မာစသော ပိဋကတ်သုံးပုံမှ ကောက်နုတ်ချက်များဖြစ်သည်။ ပျူစာပေဆိုသည်မှာ ပျူတို့ဘာသာစကားဖြင့် ရေးထိုးထားသော စာပေဖြစ်သည်"ဟု ဆရာကြီးဦးစိန်မောင်ဦးက သရေခေတ္တရာမြို့ဟောင်း စာတမ်းတွင် ရေးသားခဲ့သည်။

ခင်ဘကုန်းရွှေပေလွှာ အချပ် ၂၀ သည် မြန်မာနိုင်ငံတွင် ဗုဒ္ဓပိဋကတ်တော် ကောက်နုတ်ချက်များကို ရှေးအကျဆုံးရေးသားထားသည့် ရွှေသားစစ်စစ် ကမ္ပည်းစာများ ဖြစ်သည်။ ယင်းရွှေပေလွှာများသည် ရှေးဟောင်းသုတေသန၊ သမိုင်း၊ မြန်မာစာ၊ အရှေ့တိုင်းပညာ အစရှိသည့် ပညာရပ်နယ်ပယ်အသီးသီးတွင် များစွာ အကိုးအကားပြုကြရသည့် တန်ဖိုးကြီးမားသော ပျူခေတ်အထောက်အထားများ ဖြစ်ကြပေသည်။

ခင်ဘကုန်းရွှေပေလွှာ တစ်ချပ်စီသည် အလျား ၆ ဒသမ ၅ လက်မ၊ အနံ ၁ ဒသမ ၂၅ လက်မရှိကာ ထိုရွှေပေလွှာ အချပ် ၂၀ ကို တစ်ချပ်စီထပ်၍ အပေါ်နှင့်အောက်မှ အရွယ်တူ ရွှေပေလွှာနှစ်ချပ်အကြား၌ညှပ်ပြီး ရွှေကြိုးဖြင့် စည်းထားသည်။ အပေါ်အောက်ညှပ်ထားသည့် ရွှေပေချပ်နှစ်ခုအပါအဝင် ရွှေပေလွှာ ၂၂ ချပ်၏ အလေးချိန်သည် ၂၃ ကျပ်၊ ၁၄ ပဲနှင့် ၂ ရွေးရှိသည်။ ယင်းရွှေပေလွှာများကို လေ့လာသုတေသနပြုကာ မြန်မာစာ ပါမောက္ခ ဆရာမကြီးဒေါ်သန်းဆွေက ပျူစာခင်ဘရွှေပေချပ် ဓာတ်ပုံများ စာအုပ်နှင့် ပျူစာ ခင်ဘရွှေပေ လေ့လာချက်စာအုပ်တို့ကို ပြုစုထုတ်ဝေခဲ့သည်။ ထို့အတူပင် ခင်ဘကုန်းရွှေပေလွှာများကို ဦးလူဖေဝင်းက ၁၉၄၀ ပြည့်နှစ်တွင်လည်းကောင်း၊ ဦးသာမြတ်က ၁၉၆၃ ခုနှစ်တွင်လည်းကောင်း သုတေသနပြုလုပ်ခဲ့ကြသည်။

ယင်းရွှေပေလွှာများအနက် အချပ်(၁) မှ (၁၈) အထိ ရွှေပေလွှာများပေါ်တွင် စာကြောင်းရေသုံးကြောင်းစီ ရေးသားထားပြီး အချပ်(၁၉)တွင် စာကြောင်းလေးကြောင်း၊ အချပ်(၂၀)တွင် စာကြောင်းနှစ်ကြောင်း ပါရှိကာ ရွှေပေအချပ် ၂၀ တွင် စာကြောင်းရေ စုစုပေါင်း ၆၀ ရေးသားထားသည်။

ခင်ဘကုန်းရွှေပေလွှာတွင် ဗုဒ္ဓဘုရားရှင်၏ ပါဠိတော်များမှ ကောက်နုတ်ချက်ရှစ်ခု ပါဝင်သည်။ ကောက်နုတ်ချက် ပထမအပိုဒ်သည် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၊ ဒုတိယအပိုဒ်သည် ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် အဘိဓမ္မတ္ထသင်္ဂဟကျမ်း၊ တတိယအပိုဒ်နှင့် စတုတ္ထအပိုဒ်သည် မဇ္ဈိမနှင့် အင်္ဂုတ္တရနိကာယ်၊ ပဉ္စမအပိုဒ်သည် ခုဒ္ဒကနိကာယ်၊ ဆဋ္ဌမအပိုဒ်သည် ဓမ္မပဒ၊ သတ္တမအပိုဒ်သည် ဇာတကအဋ္ဌကထာနှင့် အဋ္ဌမအပိုဒ်သည် ဝိနည်းမဟာဝါ ပါဠိတော်များမှ ကောက်နုတ်ရေးသားထားသော ဗုဒ္ဓစာပေများဖြစ်ကြကာ နဝမအပိုဒ်သည် ဗုဒ္ဓဂုဏ်တော်ကိုးပါး ပါဠိတော်စာသားများဖြစ်ကြောင်း ဆရာကြီး ဦးသာမြတ်က ထုတ်နုတ်ပြခဲ့သည်။

ရွှေပေလွှာတွင် ရေးသားထားသည့် လက်ရေးများသည် အက္ခရာပုံသွင်အားဖြင့် အိန္ဒိယနိုင်ငံတောင်ပိုင်း၊ ရှေးဟောင်း တေလဂူကနဒီ အက္ခရာများနှင့် တူညီကြောင်း ဆရာကြီးဦးစိန်မောင်ဦးက သရေခေတ္တရာမြို့ဟောင်းစာတမ်းတွင် ရေးသားခဲ့သည်။ ရွှေပေလွှာများရေးသားခဲ့သော ခေတ်ကာလအပိုင်းအခြားကို ခရစ်နှစ် လေးရာစုနှင့် ငါးရာစုအကြားဟု ခန့်မှန်းသတ်မှတ်နိုင်ကြောင်း သီရိပျံချီဦးမြက ရှေးဟောင်းမြန်မာအက္ခရာ စာတမ်းတွင် သုံးသပ်ထားသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ခင်ဘကုန်းတွင် စိုက်ထူပြသထားသော ခင်ဘကုန်းဆိုင်ရာ အချက်အလက်များ၌ ရွှေပေလွှာ

ဗောဓိပလ္လင်ပုံသဏ္ဌာန်ငွေကြုတ်

ပညာရှင်များပါဝင်သည့် နီးနှောဖလှယ်ပွဲက ခင်ဘကုန်းရွှေပေလွှာများအား အေဒီငါးရာစု အစောပိုင်း သို့မဟုတ် အလယ်ပိုင်းလက်ရာများဖြစ်ကြောင်း လက်ခံသဘောတူခဲ့ကြသည်။ ထို့ကြောင့် ခင်ဘကုန်း ရွှေပေလွှာများသည် ယခင်က ကမ္ဘာပေါ်တွင် ရှေးအကျဆုံး ပါဠိတော်အထောက်အထားများဟု ယူဆထားခဲ့သော နီပေါနိုင်ငံ ခတ္တမန္ဒူအမျိုးသားပြတိုက်ရှိ အေဒီရှစ်ရာစုနှင့် ကိုးရာစုလက်ရာ ပေချပ်များထက် ခေတ်ကာလ ပိုစောနေသဖြင့် ကမ္ဘာပေါ်တွင်တွေ့ရှိထားသမျှ ပါဠိစာပေအထောက်အထားများတွင် ခင်ဘကုန်းရွှေပေလွှာများသည် ရှေးအကျဆုံး ဖြစ်လာခဲ့ပေသည်

ခင်ဘကုန်းရွှေပေလွှာများ

ပေါ်တွင် ရေးသားထားသော အက္ခရာများသည် အိန္ဒိယတောင်ပိုင်း ကဒ္ဒမ္ဗဝါကုမင်းဆက်သုံး ဖြဟ္မီအက္ခရာမှ ပြောင်းလဲတီထွင်ထားသော ပျူ အက္ခရာများဖြင့် ရေးသားထားသည်ဟု ဖော်ပြထားသည်။

ခင်ဘကုန်းမှပင် တူးဖော်ရရှိခဲ့သည့် ရှေးဟောင်းပစ္စည်းတစ်ခုမှာ ရွှေပေလွှာအချပ် ၂၀ ထက် ခေတ်အနည်းငယ်နောက်ကျသော ပိဋကတ်တော် ကောက်နုတ်ချက်များ ရေးထိုးထားသည့် ဗောဓိပလ္လင်ပုံသဏ္ဌာန်ရှိသည့် ခေါင်းပွငွေကြုတ်အဝိုင်း ဖြစ်သည်။ ငွေဗောဓိပလ္လင်ကြုတ်သည် အမြင့် ၇၂ ဒသမ ၅ စင်တီမီတာ (၂ ဒသမ ၃၇ ပေ)ရှိပြီး ငွေကြုတ်ဝိုင်းပေါ်၌ ဗောဓိပင်ပတ်လည်ရှိ ကြာပလ္လင်များပေါ်တွင် သီတင်းသုံးနေသည့် ထိုင်တော်မူ ဗုဒ္ဓဆင်းတုတော် လေးဆူပုံကို ရုပ်ကြွထုလုပ်ထားသည်။ ဗုဒ္ဓရုပ်ပွားတော်များကို ဘူမိဖဿမုဒြာ(လက်တော်မြေထိဟန်)ထုလုပ်ထားပြီး ရုပ်ပွားတော် တစ်ဆူနှင့်တစ်ဆူကြားတွင် သာဝကတစ်ပါးစီက မတ်တတ်ရပ်နေကြသည်။

ကြုတ်အဖုံး အပေါ်နှုတ်ခမ်းပတ်လည်တွင် ဤကမ္ဘာပေါ်တွင် ပွင့်တော်မူပြီးခဲ့သော ဘုရားရှင်လေးဆူ၏ ဘွဲ့တော်များကို ပျူဘာသာ၊ ပါဠိဘာသာများဖြင့် ရေးထိုးထားကာ ပိဋကတ်တော် ကောက်နုတ်ချက်များကို အိန္ဒိယနိုင်ငံတောင်ပိုင်း ရှေးဟောင်းအက္ခရာများဖြင့် ရေးထိုးထားသည်။ ကြုတ်၏ အောက်နှုတ်ခမ်းတွင် သာဝကအမည်များနှင့် အလှူရှင် သီရိပရာဘူဝါမန်နှင့် သီရိပရာဘူဒေဝီ ဟူသော သက္ကဋအမည်များကို ရေးထားသည်။

ပိဋကတ်တော် ပါဠိကောက်နုတ်ချက်များ ရေးသားထားသည့် ရွှေပေလွှာများကို ဌာပနာတိုက်၏ အလယ်တွင် တွေ့ရှိခဲ့ရပြီး ငွေဗောဓိပလ္လင်ကြုတ်ကို ဌာပနာတိုက်၏ အလယ်တည့်တည့်မှ ရရှိခဲ့သည်။ အင်္ဂလန်နိုင်ငံ၊ ကိန်းဘရစ်တက္ကသိုလ်တွင် ၁၉၉၅ ခုနှစ်က ကျင်းပခဲ့သော ပညာရှင်များပါဝင်သည့် နီးနှောဖလှယ်ပွဲက ခင်ဘကုန်း ရွှေပေလွှာများအား အေဒီငါးရာစု အစောပိုင်း သို့မဟုတ် အလယ်ပိုင်း လက်ရာများဖြစ်ကြောင်း လက်ခံသဘောတူခဲ့ကြသည်။ ထို့ကြောင့် ခင်ဘကုန်းရွှေပေလွှာများသည် ယခင်က ကမ္ဘာပေါ်တွင် ရှေးအကျဆုံး ပါဠိတော်အထောက်အထားများဟု ယူဆထားခဲ့သော နီပေါနိုင်ငံ ခတ္တမန္ဒူအမျိုးသားပြတိုက်ရှိ အေဒီရှစ်ရာစုနှင့် ကိုးရာစုလက်ရာ ပေချပ်များထက် ခေတ်ကာလ ပိုစောနေသဖြင့် ကမ္ဘာပေါ်တွင်တွေ့ရှိထားသမျှ ပါဠိစာပေအထောက်အထားများတွင် ခင်ဘကုန်းရွှေပေလွှာများသည် ရှေးအကျဆုံးဖြစ်လာခဲ့ပေသည်။

ဆရာမကြီးဒေါ်သန်းဆွေက "ခင်ဘကုန်းရွှေပေလွှာများက ခရစ်နှစ် ငါးရာစုက ပျူလူမျိုးများ၏ ဘာသာရေးအမြင် နှံ့စပ်ကြွယ်ဝနက်ရှိုင်းပုံနှင့် စီစဉ်တင်ပြသည့် အစီအမံသည် အံ့မခန်းဖြစ်ကြောင်းကို ဖော်ပြနေသည်" ဟု သုံးသပ်ရေးသားခဲ့သည်။ ရွှေပေလွှာများတွင် ရေးသားထားသည့် ပါဠိတော်များသည် ဘုရားရှင်၏ ပိဋကတ်သုံးပုံဖြစ်သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များမှ ကောက်နုတ်ထားခြင်းဖြစ်ရာ ပျူများသည် ပိဋကတ်စာပေများကို နှံ့နှံ့စပ်စပ် နားလည်သိရှိထားကြောင်း ပေါ်လွင်နေသည်။ ယင်းအချက်က မြန်မာနိုင်ငံတွင် ပုဂံခေတ်မတိုင်မီ ပျူခေတ်ကတည်းက ထေရဝါဒပိဋကတ်စာပေများရှိနေကြောင်း ဖော်ညွှန်းနေပေသည်။

သရေခေတ္တရာသည် ရှေးဦးပိဋကတ်စာပေများကို တွေ့ရှိခဲ့သည့် ပျူမြို့ဟောင်းဖြစ်ရာ ပိဋကတ်စာ ကောက်နုတ်ချက်များ ရေးသားထားသည့် မောင်ကန်ရွှေပေလွှာနှစ်ချပ်ကိုလည်း သရေခေတ္တရာမှပင် တွေ့ရှိခဲ့သည်။ ခရစ်နှစ် ၁၈၉၇ ခုနှစ်တွင် သရေခေတ္တရာ မြို့ဟောင်း လယ်ပေါ်ရွာအနီးရှိ မောင်ကန်ကုန်းမှ ရှေးဟောင်းစာလုံးများဖြင့် ရေးသားထားသည့် ရွှေပေလွှာနှစ်ချပ်ကို မြန်မာနိုင်ငံ၏ ပထမဆုံးကျောက်စာဝန် ဒေါက်တာ အီးအမ်ဖော်ချားမားက တွေ့ရှိခဲ့သည်။ မောင်ကန်ရွှေပေလွှာနှစ်ချပ်ပေါ်တွင် 'ယေဓမ္မာ ဟေတုပ္ပဘဝါ' အစရှိသော ပိဋကတ်တော်ကောက်နုတ်ချက်များကို အိန္ဒိယနိုင်ငံတောင်ပိုင်းသုံး အက္ခရာများဖြင့် ရေးထိုးထားကြောင်း တွေ့ရှိရပြီး ပညာရှင်များက ငါးရာစုအတွင်း ရေးထိုးထားခြင်းဖြစ်နိုင်ကြောင်း ခန့်မှန်းခဲ့ကြသည်။ မောင်ကန် ရွှေပေလွှာနှစ်ချပ်ပေါ်တွင် အသုံးပြုထားသော အက္ခရာများသည် ခင်ဘကုန်းရွှေပေလွှာတွင်

စာမျက်နှာ ၁၇ သို့

ရာသီဥတုပြောင်းလဲချိန်အတွင်း နွေသီးနှံများအောင်မြင်စေရန် အလေးထားဆောင်ရွက်နေ

နတ်မောက် မေ ၂

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်သည် အပူပိုင်းမိုးနည်းရပ်ဝန်းဒေသဖြစ်ကာ ယခုလအတွင်း အပူချိန်များ ဆက်လက်မြင့်မားလျက်ရှိပြီး အမြင့်ဆုံးအပူချိန်သည် ၄၅ ဒီဂရီစင်တီဂရိတ်အထိ ရောက်ရှိလျက်ရှိနေသဖြင့် အပူချိန်မြင့်တက်နေသော အယ်နီညိုရာသီဥတုအတွင်း စိုက်ပျိုးရေအခက်အခဲများ မဖြစ်ပွားစေရေးနှင့် သီးနှံများ အောင်မြင်ဖြစ်ထွန်းရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အလေးထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"တောင်သူတွေအနေနဲ့က နှစ်စဉ်နွေစပါးကို ပိုစိုက်ပျိုးချင်ကြပါတယ်။ အဓိကတော့ မိုးစပါးထက် ပိုးမွှားရောဂါကင်းပြီး အထွက်နှုန်းပိုကောင်းတယ်၊ ဒီနှစ်မှာတော့ ရာသီဥတုက ပိုပြီးပူပြင်းလာသလို စိုက်ပျိုးရေကိုအလှည့်ကျယူနေရတယ်။ လယ်ယာလုပ်သား အချိန်ကိုက်ရရှိနိုင်ဖို့ ခက်ခဲလာတဲ့အတွက် တောင်သူတွေအတွက် ပိုခက်လာတယ်။ ဌာနအနေနဲ့ကတော့ နယ်မြေအလိုက် ကွင်းဆင်းကြတယ်၊ တောင်သူတွေကို ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပေးချက်တွေ နှိုးဆော်ထားတယ်။ ပညာပေး ဆွေးနွေးထားတယ်။ ဒေသရေမြေနဲ့ ကိုက်ညီဖြစ်ထွန်းပြီး သက်တမ်းတိုအထွက်ကောင်း သီးနှံမျိုးကွဲတွေကို လိုအပ်သလောက် စုဆောင်းဖြန့်ဖြူးပေးထားတယ်။ သွင်းအားစုနဲ့ ပိုးသတ်ဆေး အသုံးပြုစနစ် မှန်ကန်ဖို့ ကူညီဆောင်ရွက်ထားတယ်။ အဓိကအားဖြင့် ဆက်စပ်ဌာနဆိုင်ရာတွေနဲ့အတူ တောင်သူအချင်းချင်း ပေါင်းစပ်ဆောင်ရွက်နိုင်မှသာ စိုက်ပျိုးရေရရှိရေးတွေနဲ့ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းမှုတွေ ပိုပြီးအကျိုးရှိထိရောက်နိုင်ပါမယ်"ဟု နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇော်လင်းက ပြောသည်။

ယခုနှစ်မှာ ရာသီဥတုပြင်းသဖြင့် သီးနှံစိုက်တောင်သူများအနေဖြင့်လည်း ကျန်းမာရေးအသိဖြင့် အထူးသတိထားလာကြကြောင်း၊ ရေအခက်အခဲ၊ လယ်ယာလုပ်သားနှင့် သွင်းအားစုများ စျေးနှုန်းမြင့်လာခြင်းအခက်အခဲများကြောင့် တောင်သူများအနေဖြင့် နွေရာသီစိုက်ပျိုးရေးမှ အကျိုးအမြတ်မရမည်ကို စိုးရိမ်နေကြ ကြောင်း၊ ယခုရက်ပိုင်းတွင် အချို့ဒေသများ၌ အချိန်အခါမဟုတ် ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များကြောင့် သီးနှံများ ထိခိုက်ပျက်စီးရသည်ကို ကြားသိရ သဖြင့် နတ်မောက်မြို့နယ်မှ နွေသီးနှံစိုက်တောင်သူများ စိုးရိမ်မကင်းဖြစ်နေကြပြီး တာဝန်ရှိသည့်ဌာနဆိုင်ရာများကလည်း ဂရုပြုဆောင်ရွက်ပေးလျက်ရှိနေကြောင်း သိရသည်။

လှဝင်း(နတ်မောက်)

ထိုင်းနိုင်ငံအတွင်းမှ ရွှေ့ပြောင်းမြန်မာကျောင်းသားများအား မြန်မာအစိုးရကျောင်းများတွင်လက်ခံရန် အလုပ်ရုံဆွေးနွေး

တာချီလိတ် မေ ၂

ထိုင်းနိုင်ငံရှိ ကျောင်းများတွင် ပညာသင်ကြားနေသော မြန်မာရွှေ့ပြောင်းလုပ်သားများ၏ ကလေး ကျောင်းသားများကို မြန်မာနိုင်ငံ အစိုးရကျောင်းများတွင် လက်ခံမည့် လုပ်ငန်းအဆင့်ဆင့်အတွက် လုပ်ငန်းစဉ်လက်စွဲအချက်များ ရေးဆွဲပြုစုနိုင်ရန်ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ထိုင်းနိုင်ငံ ချင်းမိုင်မြို့ BEAM ပညာရေးဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံ အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ ရွှေရေကန်ဟိုတယ်၌ ဧပြီ ၂၉ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် BEAM ပညာရေးဖောင်ဒေးရှင်း ဒါရိုက်တာ ဦးကျော်ကျော်မင်းထွဋ်က ဆွေးနွေးပွဲကျင်းပခြင်း နောက်ခံအကြောင်းနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ မြန်မာရွှေ့ပြောင်းကျောင်းများမှ ကိုယ်စားလှယ်များက မြန်မာရွှေ့ပြောင်းကလေးများ၏ အတန်းလိုက်သင်ယူမှုအခြေအနေများအကြောင်း ရှင်းလင်းပြီးနောက် မြန်မာနိုင်ငံ အခြေခံပညာဦးစီးဌာနမှ ပညာရေးမှူးများ၊ ကျောင်းအုပ်များက အကဲဖြတ်စစ်ဆေးပုံစံများနှင့် အောင်မြင်မှု၊ မှတ်တမ်းပြုစုမှုများအကြောင်း၊ ကျောင်းပြောင်းပုံစံနှင့် ကျောင်းသားမှတ်တမ်းပြုစုမှုများအကြောင်း၊ ကျောင်းများတွင် ရွှေ့ပြောင်းကလေးများအား လက်ခံမည့် လုပ်ငန်းအဆင့်ဆင့်အတွက် လုပ်ငန်းစဉ်လက်စွဲ ရေးဆွဲခြင်း၊ ပြန်လည်ပြုစုအတည်ပြုခြင်း၊ ရွှေ့ပြောင်းနေထိုင်သော ကလေးငယ်များ ကောင်းမွန်စွာ ပညာသင်ကြားနိုင်ရန် အစိုးရကျောင်းများနှင့် ရွှေ့ပြောင်းဒေသကျောင်းများအကြား ကွန်ရက်ဖွဲ့စည်းခြင်းနှင့် ဆက်စပ်ဆောင်ရွက်နိုင်မည့် လုပ်ငန်းအဆင့်များအကြောင်း စသည့်ကဏ္ဍများကို ဆွေးနွေးခဲ့ကြသည်။

ထိုင်းပြည်ထဲရေးဝန်ကြီးဌာန၏ ခန့်မှန်းချက်အရ ထိုင်းနိုင်ငံအတွင်း ရွှေ့ပြောင်းကလေးငယ်ပေါင်း လေးသိန်းခန့်ရှိပြီး ထိုင်းနိုင်ငံ ပညာရေးဝန်ကြီးဌာနကျောင်းများတွင် တစ်သိန်းခွဲခန့် တက်ရောက် ပညာသင်ကြားနေကြောင်း၊ ထိုင်းနိုင်ငံအတွင်း ရွှေ့ပြောင်းလူထုအခြေပြုကျောင်း ၁၂၆ ကျောင်းတွင် နှစ်သောင်းခွဲခန့် ပညာသင်ကြားကာ ခန့်မှန်းခြေ နှစ်သိန်းကျော်ရှိ ကလေးများမှာ ပညာမသင်ကြားနိုင်ခဲ့ကြောင်း BEAM ပညာရေးဖောင်ဒေးရှင်း ဒါရိုက်တာ ဦးကျော်ကျော်မင်းထွဋ်က ပြောကြားသည်။

ထိုင်းပညာရေးဝန်ကြီးဌာန ကျောင်းများနှင့် ရွှေ့ပြောင်းလူထုအခြေပြုကျောင်းများတွင် ကျောင်းတက်နေသောကလေးများ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသည့်အခါ မြန်မာနိုင်ငံ အစိုးရကျောင်းများ၌ သက်ဆိုင်ရာအတန်းအလိုက် တက်ရောက်နိုင်ရန်အတွက် စနစ်တစ်ခုတည်ဆောက်ရန်နှင့် ကျောင်းပြင်ပရောက်ကလေးများ ကျောင်းများသို့ ဝင်ရောက်နိုင်ရန်အတွက် ကလေးများကို မည်သို့လက်ခံမည်ဆိုသည့် လုပ်ငန်းစဉ်လက်စွဲကို ထုတ်ဝေနိုင်ရန်အတွက် ရှမ်း၊ ကယား၊ ကရင်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးစသည့် နယ်စပ်ဒေသ ငါးနေရာ၌ ဆွေးနွေးပွဲများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲများမှ ရရှိလာသည့်အချက်များကို စုစည်းပြီး ပြည်ထောင်စုဝန်ကြီးဌာနတွင် ထပ်မံအတည်ပြု ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်ပညာရေးမှူး ဦးစိုးမြင့်အောင်၊ မြို့နယ်ပညာရေးမှူးနှင့် ပညာရေးဌာနဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ထိုင်းနိုင်ငံရှိ BEAM ပညာရေးဖောင်ဒေးရှင်းနှင့် မြန်မာရွှေ့ပြောင်းကျောင်းများမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့သည်။

မြင့်မိုရ်(တာချီလိတ်)

လေပြင်းဒဏ်ကြောင့် အမိုးများပျက်စီးသွားသော အိမ်တစ်အိမ်

လေပြင်းတိုက်ခတ်၍ အဆောက်အအုံအချို့ပျက်စီး

ကျွန်းလှ မေ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်း၌ ဧပြီ ၂၉ ရက် ညနေ ၆ နာရီက လေပြင်းတိုက်ခတ်၍ ကျေးရွာအချို့မှ ဘုန်းတော်ကြီးကျောင်း၊ ကျန်းမာရေးအဆောက်အအုံအချို့၊ စာသင်ကျောင်းအချို့နှင့် နေအိမ်အချို့ ပျက်စီးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်ခြင်းကြောင့် မကျီးကုန်းကျေးရွာတွင် နေအိမ်ငါးလုံးနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံ သုံးလုံး၊ သစ်ချိုကျေးရွာတွင် နေအိမ် ၁၁ လုံးနှင့် ဘုန်းတော်ကြီးကျောင်းဆောင် နှစ်ဆောင်၊ ရွာကုန်းကြီးကျေးရွာတွင် နေအိမ်ခြောက်လုံးနှင့် အထကခွဲကျောင်းမှ ကျောင်းဆောင်၊ မကျီးအင်းကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းဆောင်တို့ ပျက်စီးခဲ့ခြင်းဖြစ်သည်။ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြောင်း သိရသည်။

လေပြင်းဒဏ်ခံရသော ကျေးရွာများသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်လင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနများမှ တာဝန်ရှိသူများက ကွင်းဆင်းကာ လိုအပ်သည့်အကူအညီများပေးလျက်ရှိကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

သတင်းတို

ရက် ၁၀၀ စီမံကိန်းဆောင်ရွက်မှုများ ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံကိန်းအရ ဆောင်ရွက်နေသော လုပ်ငန်းများဖြစ်သည့် ဥမှင်ကုန်းကျေးရွာအုပ်စု တောင်ပုတ်စုကျေးရွာ၌ မြေသားရေလှောင်ကန် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းနှင့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများကို မြို့နယ်ဦးစီးမှူး ဦးသောင်းမြင့်နှင့် တာဝန်ရှိသူများက မေ ၁ ရက်က ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြသည်။

ကိုကိုညိမ်း(ကောလင်း)

စာမျက်နှာ ၁၆ မှ

ရေးထိုးထားသော အက္ခရာစာလုံးများနှင့် တူညီသည်ဟု ဆိုသည်။ မောင်ကန်ရွှေပေလွှာနှစ်ချပ်တွင် စာကြောင်းသုံးကြောင်းစီ ပါဝင်ကာ နှစ်ချပ်လုံးကို 'ယေဓမ္မာ ဟေတုပ္ပဘဝါ' ဖြင့်သာ အစချီထားခြင်းကြောင့် ပျူလူမျိုးများသည် အဆိုပါဂါထာကို တန်ဖိုးထား မြတ်နိုးမှုရှိနိုင်ကြောင်း ယူဆနိုင်ပေသည်။

ယေဓမ္မာ ဟေတုပ္ပဘဝါ ဂါထာသည် ရှင်အဿဇိက နောင်အခါတွင် ရှင်သာရိပုတ္တရာဖြစ်လာမည့် ဥပတိဿအား ဗုဒ္ဓဘုရားရှင်၏ တရားအနှစ်ကို ဟောပြခဲ့သည့် ဂါထာဖြစ်သဖြင့် ပျူလူမျိုးများသည် ထေရဝါဒဗုဒ္ဓဘာသာအပေါ် များစွာကြည်ညိုသက်ဝင်မှု ရှိခဲ့ကြောင်းလည်း သုံးသပ်နိုင်ပေသည်။

ခင်ဘကုန်းရွှေပေလွှာ အချပ် ၂၀ နှင့် မောင်ကန်ရွှေပေလွှာ နှစ်ချပ်အပြင် ပိဋကတ်ကောက်နုတ်ချက်များ ရေးထားသော ရွှေပေလွှာတစ်ချပ်ကို ၁၉၂၈ ခုနှစ်တွင် သရေခေတ္တရာမှပင် ထပ်မံရရှိခဲ့သည်။ ထိုရွှေပေလွှာကို ကျွန်းတောစုရွာမှ မောင်ကျော်ငြိမ်းဆိုသူက တွေ့ရှိခဲ့ပြီး ယင်းရွှေပေလွှာသည် အပိုင်းပိုင်းကျိုးပြတ်နေကာ ညာဘက်အစွန်ကို မတွေ့ရှိရသော်လည်း 'ဣတိပိသောဘဂဝါ' အစချီသည့် မြတ်စွာဘုရားဂုဏ်တော်ပိဋကတ်တော် ကောက်

ထိန်းသိမ်းစောင့်ရှောက်ထားသော ခင်ဘကုန်းနေရာ

နုတ်ချက်များ ရေးထိုးထားသည်ကိုတွေ့ရှိရသည်။ အက္ခရာပုံပန်းသည် လှပသေသပ်ခြင်းမရှိဟု သိရှိရသည်။

ခင်ဘကုန်း ငွေဗောဓိပလ္လင်ကြုတ်သည် ရွှေပေလွှာအချပ် ၂၀ တွင် ရေးသားထားသည့် စာသားများနှင့် ဆက်စပ်နေကာ ရွှေပေလွှာအချပ် ၂၀ ပေါ်တွင် ရေးသားထားသည့် ဗုဒ္ဓဉာဏ်တော် ၁၄ ပါးအနက် ကျန်ရှိနေသော ဂုဏ်တော်နှစ်ပါးကို ငွေဗောဓိပလ္လင်ကြုတ်ပေါ်တွင် ဂေါတမဗုဒ္ဓဘွဲ့တော်နောက်မှ ဆက်လက်ရေးသား၍ အဆုံးသတ်ထားသည်။ ထို့ကြောင့်လည်း ခင်ဘကုန်းမှရရှိခဲ့သည့် ဌာပနာပစ္စည်းနှစ်ခုသည့် ရွှေပေလွှာများနှင့် ငွေဗောဓိပလ္လင်ကြုတ်တို့သည် ပျူလူမျိုးများ၏ ဗုဒ္ဓဘာသာဆိုင်ရာ ကိုးကွယ်ယုံကြည်မှု အထောက်အထားများ ဖြစ်လာခဲ့ပေသည်။

သရေခေတ္တရာသည် ခိုင်မာသော ပျူယဉ်ကျေးမှုထွန်းကားခဲ့သော မြို့ဟောင်းဖြစ်သကဲ့သို့ ထေရဝါဒဗုဒ္ဓဘာသာဆိုင်ရာ စာပေနှင့် ရုပ်ဝတ္ထုအထောက် အထားများစွာကို တွေ့ရှိခဲ့သည့်နေရာလည်း ဖြစ်သည်။ ပုဂံခေတ်ရှင်ဘုရင် အနော်ရထာမင်းကြီးသည် ဘုရားရှင်၏ ပိဋကတ်သုံးပုံကို သထုံမှ ပုဂံသို့ ပင့်ဆောင်ခဲ့ပြီးနောက် မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာ ပြန့်ပွားလာခဲ့ကြောင်း ယေဘုယျအားဖြင့် လက်ခံထားကြသော်လည်း ဗုဒ္ဓစာပေကောက်နုတ်ချက်များ ရေးထိုးထားသည့် ခင်ဘကုန်းရွှေပေလွှာ အချပ် ၂၀၊ မောင်ကန်ရွှေပေလွှာ နှစ်ချပ်နှင့် မောင်ကျော်ငြိမ်းရွှေ ပေလွှာများသည် ပုဂံခေတ်မတိုင်မီကပင် သရေခေတ္တရာတွင် ထေရဝါဒဗုဒ္ဓဘာသာ အခြေတည်နေခဲ့ခြင်းကို သက်သေပြလျက်ရှိနေပေသည်။ ။

ကြည့်မြင်တိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တွေ့ဆုံခြင်း

တွေ့ဆုံမေးမြန်းသူ
တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-ကိုကြီးတင်

ယခုရက်များတွင် သကြြန်ရက်များနှင့် ဆက်စပ်၍ နေပြည်တော်၌ ကျင်းပနေသော လွှတ်တော်အစည်းအဝေးများ ခေတ္တရပ်နားလျက်ရှိကာ လွှတ်တော်ကိုယ်စားလှယ်များ နေရပ်များသို့ ပြန်ရောက်နေသည့်ရက်များအတွင်း မိမိတို့အား လွှတ်တော်အတွင်းသို့ရောက်နိုင်ရန် ဆန္ဒပြုခဲ့သော ပြည်သူများနှင့် ပြန်လည်တွေ့ဆုံမှုများပြုလုပ်ကာ လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းခြင်း၊ ဒေသခံပြည်သူများ၏ လိုလားတောင့်တမှု၊ ဆန္ဒများ၊ အသံများကို နားထောင်ခြင်းများ ပြုလုပ်နေကြသည်ကို တွေ့ရသည်။

ကြည့်မြင်တိုင်မြို့နယ်တွင်လည်း လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများ တွေ့ဆုံပွဲကို အထက(၁)ကြည့်မြင်တိုင် မြဝတ်ရည်ခန်းမ၌ ဧပြီလနောက်ဆုံးပတ်က ပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့်အတူ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှစ်ဦးလည်း ပါဝင်သည်။ တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးမည့်အစီအစဉ်များကို မေးမြန်းခဲ့ပါသည်။

မြန်မာ့အလင်း ။ ။ အခုဆို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေအနေနဲ့ မိမိတို့ရဲ့ မဲဆန္ဒနယ်မြေများအတွင်း ကွင်းဆင်းပြီး တွေ့ဆုံပွဲတွေ ပြုနေကြတာကို တွေ့ရပါတယ်။ အဲဒီလို တွေ့ဆုံရတဲ့ ရည်ရွယ်ချက်ကို သိပါရစေ။

လွှတ်တော်ကိုယ်စားလှယ် ။ ။ မိမိမဲဆန္ဒနယ်မြေက အုပ်ချုပ်ရေးပိုင်း၊ ဌာနဆိုင်ရာ၊ လူမှုအဖွဲ့အစည်း အသီးသီးနဲ့ ရင်းနှီးကျွမ်းဝင်ဖို့နဲ့ မဲဆန္ဒနယ်မြေက ဒေသခံပြည်သူများရဲ့ လိုအပ်ချက်တွေကို အဖွဲ့အစည်း အသီးသီးနဲ့ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးဖို့ ဖြစ်ပါတယ်။ တစ်နည်းဆိုရင်တော့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ။

မြန်မာ့အလင်း ။ ။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ တာဝန်များကို သိပါရစေ။

လွှတ်တော်ကိုယ်စားလှယ် ။ ။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်လာပြီဆိုရင် ဥပဒေကို ကာကွယ်စောင့်ရှောက်ရမှာဖြစ်ပါတယ်။ နောက် နိုင်ငံတော်နဲ့ စပ်လျဉ်းတဲ့ လျှို့ဝှက်ချက်များကို ထိန်းသိမ်းစောင့်ရှောက်ရမှာဖြစ်သလို၊ လွှတ်တော်မှာ တင်သွင်းတဲ့ ဥပဒေကြမ်းများ၊ အဆိုများနဲ့ ပတ်သက်ပြီး ဆွေးနွေးရာမှာ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အကျိုးစီးပွားကိုသာ အဓိကထားရမှာ ဖြစ်ပါတယ်။ ပြီးတော့ နိုင်ငံသားများရဲ့ မူလအခွင့်အရေးများ ရရှိခံစားနိုင်ရေးကိုလည်း ရှေးရှု ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဒါ့အပြင် မဲဆန္ဒနယ်မြေနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ မဆန့်ကျင်စေဘဲ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနဲ့ဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များနဲ့ဖြစ်စေ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမှာလည်း ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ မဲဆန္ဒရှင်များကို အခုလို လွှတ်တော်အတွေ့အကြုံ ပြန်လည်ရှင်းလင်းတင်ပြခြင်းဆိုတာလည်း ပါပါတယ်။ အဲဒီမှာ မဲဆန္ဒရှင်များရဲ့ တင်ပြချက်များနဲ့ စပ်လျဉ်းပြီး လွှတ်တော်မှာ ပြန်လည်တင်ပြပေးရမှာ ဖြစ်ပါတယ်။ နောက်ဆုံးတစ်ချက်ကတော့ လွှတ်တော်ကပေးအပ်တဲ့ အခြားတာဝန်များကို ထမ်းဆောင်ခြင်းဆိုတဲ့ တာဝန်ကြီး ရှစ်ရပ်ကို ဦးလည်မသုန် ထမ်းဆောင်ကြရမှာဖြစ်ပါတယ်။

မြန်မာ့အလင်း ။ ။ အခုလို အပြောင်းအလဲကာလမှာ ပြည်သူတွေအနေနဲ့ လိုအပ်ချက်တွေအများကြီး ရှိကြမှာပါ။ တောင်းဆိုတင်ပြသမျှတွေကိုတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ ပြည့်စုံအောင် ဆောင်ရွက်ပေးနိုင်ပါသလားခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ် ။ ။ ဒါက ဒီလိုရှိပါတယ်။ အဓိက တင်ပြလာတဲ့ ကိစ္စတွေမှာ ဥပဒေနဲ့အညီ ဆောင်ရွက်ပေးနိုင်ဖို့ ဖြစ်ပါတယ်။ အဲဒီမှာ မြို့နယ်အတွင်း ဖြေရှင်းပေးနိုင်တဲ့ကိစ္စ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်တင်ပြီး ဆောင်ရွက်ပေးရမယ့်ကိစ္စနဲ့ နောက်တစ်ချက်က ပြည်ထောင်စုအဆင့်အထိ တင်ပြပြီး ဆောင်ရွက်ပေးရမယ့်ကိစ္စဆိုပြီး ရှိပါတယ်။ ဒါ့အပြင် နှစ်စဉ် ပြည်ထောင်စု ရသုံးမှန်းခြေ ငွေစာရင်းမှာလဲ မဲဆန္ဒနယ်မြေအလိုက် ခွဲဝေ သတ်မှတ်တဲ့ ဖွံ့ဖြိုးရေးရန်ပုံငွေနဲ့ ဆောင်ရွက်ပေးနိုင်တာတွေရှိပါတယ်။

မြန်မာ့အလင်း ။ ။ အခုအချိန် NLD အမတ် တစ်ယောက်အနေနဲ့ ဆောင်ရွက်ရတဲ့ အနေအထားလေးကိုလည်း သိပါရစေ။

လွှတ်တော်ကိုယ်စားလှယ် ။ ။ အဲဒီမှာ အမြင်လေးတွေ ကွဲပြားစေချင်ပါတယ်။ ဝင်ရောက်ယှဉ်ပြိုင်စဉ်တုန်းကတော့ NLD ပါတီဝင် တစ်ယောက်အနေနဲ့ဆိုတာ ဟုတ်ပါတယ်။ သို့သော် ပြည်သူအများက ရွေးချယ်တင်မြှောက်လိုက်လို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဖြစ်လာပြီဆိုရင်တော့ ပါတီစွဲဆိုတာ မရှိရတော့ပါဘူး။ တိုင်းပြည်ရဲ့အကျိုး၊ မိမိ မဲဆန္ဒနယ်မြေက မိမိကို မဲဆန္ဒပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ၊ မဲဆန္ဒရှင်ပြည်သူအားလုံးရဲ့ အကျိုးကို ဆောင်ရွက်ပေးရမယ့် ပြည်သူ့ကိုယ်စားလှယ်ဖြစ်သွားပါပြီ။ ဒါ့ကြောင့် ကျွန်တော်တို့တွေ နယ်မြေဆင်းတဲ့အခါ NLD က ဆိုတဲ့အမြင်နဲ့ မမြင်စေချင်ပါဘူး။ မိမိဒေသအကျိုးအတွက် လာရောက်ပူးပေါင်းဆောင်ရွက်ပေးတဲ့ ပြည်သူ့ကိုယ်စားလှယ်တစ်ဦးအနေနဲ့ပဲ မြင်စေချင်ပါတယ်။

ကြည့်မြင်တိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း

မြန်မာ့အလင်း ။ ။ အစိုးရသစ်တက်လာပြီး ရက်ပေါင်း ၁၀၀ အတွင်း နိုင်ငံတော်အနေနဲ့ ပြောင်းလဲတိုးတက်မှုတွေ ရှိလာမယ်လို့ ဆိုကြပါတယ်။ အဲဒီအပေါ်မှာ အမြင်လေး သိပါရစေ။

လွှတ်တော်ကိုယ်စားလှယ် ။ ။ ဒါကတော့ ရှင်းရှင်းလေးပါ။ လွှတ်တော်ရယ်၊ အစိုးရရယ်၊ ပြည်သူရယ်၊ ဟန်ချက်ညီညီ အပြန်အလှန် ထိန်းကျောင်းသွားကြမယ်။ နားလည်မှုရှိရှိနဲ့ ပူးပေါင်းဆောင်ရွက်ပေးကြမယ်ဆိုရင် အဲဒီဆောင်ရွက်ခြင်းရဲ့ ရလဒ်အဖြေတစ်ခုက မကြာမီ မြင်တွေ့ကြရတော့မှာပါ။ အရာရာအားလုံးကလည်း ပြောင်းလဲချိန်တန်ပြီဆိုတဲ့ စကားနဲ့အညီ ပြောင်းလဲတိုးတက်လာတော့မှာပါ။

မြန်မာ့အလင်း ။ ။ အခုလို အချိန်ပေးဖြေကြားပေးတဲ့အတွက် မြန်မာ့အလင်းက ကျေးဇူးတင်ပါတယ်။ ။

ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေး

တောင်တွင်းကြီး မေ ၂

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့တွင် ယာဉ်မတော်တဆမှုများ လျော့နည်းကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များကို လူစည်ကားရာနေရာများ၌ မေ ၁ ရက်က ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

တောင်တွင်းကြီးမြို့နယ် ယာဉ်စည်းကမ်း လမ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ခံ ရဲတပ်ကြပ်ကြီး ရဲဝင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် ပုဂ္ဂလိက လုပ်ငန်းသုံး မော်တော်ယာဉ်ကြီးကြပ်ရေးအဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က တောင်တွင်းကြီးမြို့ လူစည်ကားရာနေရာဖြစ်သော မြို့လယ်လမ်းဆုံတွင် အခြေပြု၍ ပညာပေးလက်ကမ်းစာစောင်များကို စနစ်တကျ ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ပြီး အခြားသော လူစည်ကားရာနေရာများတွင်လည်း ပညာပေးကာလအနေဖြင့် လိုက်လံဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည် ။

တောင်တွင်းကြီး မြို့နယ်တွင် ၂၀၁၃ ခုနှစ်မှစ၍ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ တစ်နှစ်ထက် တစ်နှစ် ပိုမိုမြင့်တက်လာလျက်ရှိပြီး ဒဏ်ရာရရှိမှု၊ သေဆုံးမှုများမှာလည်း ပိုမိုများပြားလာခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်များအရ သိရသည်။

သက်ဆိုင်ရာဌာနများ အနေဖြင့် မော်တော်ယာဉ်များ၊ အနှေးယာဉ်များ၊ ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များ၊ လမ်းဘေးဝဲယာများမှ လုပ်ငန်းရှင်များ လိုက်နာရမည့် လမ်းစည်းကမ်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းကမ်းချက်များ ထုတ်ပြန်ထားသော်လည်း လိုက်နာမှုမှာ အားနည်းလျက်ရှိကြောင်း၊ ထိုသို့ စည်းကမ်းလိုက်နာမှု အားနည်းနေခြင်းမှာ သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ တာဝန်ရှိ အဖွဲ့အစည်းများက ထိရောက် ဟန့်တားလောက်သည့် အရေးယူဆောင်ရွက်မှု နည်းပါးခြင်းကြောင့်ဖြစ်ကြောင်း ဒေသခံများက သုံးသပ်ပြောကြားသည်။ စည်းကမ်းမလိုက်နာမှုများကို စနစ်တကျ စစ်ဆေးခြင်း၊ ပညာပေးခြင်းဟောပြောခြင်း၊ အရေးယူခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဆိုပါက ယာဉ်တိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများ လျော့နည်းသွားနိုင်မည်ဖြစ်ကြောင်းလည်း ဒေသခံအချို့က အကြံပြု ပြောကြားလျက်ရှိသည်။

ဗိုလ်ပြည့်(တောင်တွင်းကြီး)

ရေရှားပါးသောကျေးရွာများသို့ ရေများဖြန့်ဝေပေး

စစ်တွေ မေ ၂

စစ်တွေမြို့နယ်အတွင်းမှ ရေရှားပါးသောကျေးရွာများဖြစ်သည့် ကျေးတောရွာမကျေးရွာ၊ ကျေးတောပိုက်ဆိပ်ကျေးရွာနှင့် ရွှေပြည်သာကျေးရွာများသို့ သောက်သုံးရေများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဧပြီ ၂၉ ရက်က ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

"စစ်တွေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေနဲ့ စစ်တွေမြို့နယ်အတွင်းမှာရှိတဲ့ ရေရှားပါးတဲ့ကျေးရွာတွေကို ဂါလန် ၈၀၀ ဆံ့ ရေသယ်ယာဉ်တွေနဲ့ တစ်ရွာကိုနှစ်ကြိမ်စီ ဖြန့်ဖြူးပေးခဲ့ပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေအေးက ပြောသည်။ ဆက်လက်၍လည်း ရေရှားပါးသည့် ကျေးရွာများသို့ ရေများဖြန့်ဖြူးပေးသွားမည်ဖြစ်ကာ အမှန်တကယ်ရေရှားပါးနေသည့် ကျေးရွာများအနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများသို့ဆက်သွယ်ရန် ဖုန်းနံပါတ်များကိုလည်း အသိပေးကြေညာထားကြောင်း သိရသည်။

မြတ်ဝေ

ကော့ကရိတ်ခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

ကော့ကရိတ် မေ ၂

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးအစီအစဉ်များကို ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဧပြီ ၃၀ ရက်က ကွင်းဆင်းကြည့်ရှုခဲ့သည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကော့ကရိတ်မြို့နယ် ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံးခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး ကော့ကရိတ်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးသည်။ ဆက်လက်၍ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုပြီး လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများလည်း ပေးအပ်ခဲ့သည်။ ထို့နောက် ကော့ကရိတ်မြို့ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကော့ကရိတ်မြို့ ၂၄ နာရီ လျှပ်စစ်မီးရရှိရေးအတွက် လိုအပ်သော စက်ပစ္စည်းများ ရောက်ရှိနေမှု၊ ဓာတ်အားခွဲစက်ရုံတည်ဆောက်နေမှုများကို ကြည့်ရှုခဲ့သည်။ ဆက်လက်၍ KNU တပ်ရင်း မိသားစုစိုက်ပျိုးမွေးမြူရေးစခန်းသို့လည်း သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့သည်။

တင်ဝင်းလှိုင်(ကော့ကရိတ်)

စာရိတ္တမြှင့်တင်ရေးနှင့် ယဉ်ကျေးလိမ္မာ ဆုချီးမြှင့်ပွဲ ကျင်းပ

ကျောက်တံခါး မေ ၂

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ မြို့နယ်အဆင့် စာရိတ္တမြှင့်တင်ရေးနှင့် ယဉ်ကျေးလိမ္မာ ဗုဒ္ဓဓမ္မဆု ချီးမြှင့်ပွဲကို ဧပြီ ၃၀ ရက်က ကျင်းပခဲ့ရာ ပထမဆုရရှိသူ မဆန်းစခါနွေဦးအား ရွှေငါးမူးသားနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း၊ ဒုတိယဆုရရှိသူ မောင်ထက်အာကာအား ငွေကျပ်သုံးသိန်းခွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း၊ တတိယဆုရရှိသူ မမြတ်နှင်းဝေအား ငွေကျပ်သုံးသိန်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ခင်ကို(ကျောက်တံခါး)

ယူရိုပါလိဂ် အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ ဘယ်အသင်း ဗိုလ်လုပွဲတက်မလဲ

မိုးမြင့်လင်းလက်

ဒီတစ်ပတ်ကြားရက်မှာတော့ ဥရောပ ဘောလုံးလောကရဲ့ အကောင်းဆုံးပွဲစဉ်တွေက စောင့်ကြိုနေပါတယ်။ ပရိသတ်အကြိုက်ဖြစ်တဲ့ ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲတွေကို မေ ၅ ရက်မှာ ယှဉ်ပြိုင်ကြမှာဖြစ်လို့ ဘယ်အသင်းတွေ နောက်ဆုံး ဗိုလ်လုပွဲတက်ရောက်သွားမလဲ စိတ်ဝင်စားစရာကောင်းနေပါတယ်။ ခြေရည်တူအသင်းတွေအပြင် အစဉ်အလာကောင်းတဲ့ ပြိုင်ဘက်တွေ ရင်ဆိုင်တွေ့ဆုံကြတဲ့ ပွဲဖြစ်တာမို့ အကြိတ်အနယ်ရှိမှာဖြစ်လို့ ရင်ခုန်စိတ်လှုပ်ရှားစရာကောင်းတဲ့ ယှဉ်ပြိုင်မှုတွေကို မြင်တွေ့ရပါဦးမယ်။

လီဗာပူးနှင့် ဗီလာရီးရဲ

ပထမအကျော့မှာ ဗီလာရီးရဲကို တစ်ဂိုးဂိုးမရှိနဲ့ ရှုံးခဲ့တဲ့အတွက် လီဗာပူးတို့ ဒီပွဲမှာ ဂိုးပြတ်သွင်း ကျော်ဖြတ်နိုင်ရေး အားထုတ်ပါလိမ့်မယ်။ လီဗာပူးရဲ့ ခြေစွမ်းက လောလောဆယ်မှာ ကောင်းမွန်နေပြီး နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ အဲဒီပွဲသာ ရှုံးပွဲကြုံတွေ့ခဲ့တာဖြစ်ပါတယ်။ ဒီနှစ်ဘောလုံးရာသီမှာ မျှော်လင့်စရာ ယူရိုပါလိဂ်ဖလားတစ်လုံးသာ ရှိတာမို့ လီဗာပူးတို့ရဲ့ ခြေစွမ်းကို အမြင့်ဆုံးထားပြီး ကြိုးစားမှုရပါတော့မယ်။ လီဗာပူးတို့က နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်း သုံးပွဲမှာ ရှုံးပွဲမရှိခဲ့တာမို့ အခုပွဲမှာ ဂိုးမပေးရရေးနဲ့ ဂိုးပြတ်သွင်းနိုင်ရေး အားကုန်သွန်ကစားမှုရပါလိမ့်မယ်။ လီဗာပူးတိုက်စစ်မှူးတွေက ဂိုးသွင်းနိုင်သူတွေဖြစ်ပေမယ့် ခံစစ်ပိုင်းက စိုးရိမ်စိတ်များနေပြီး အမှားအယွင်းတွေ လုပ်တတ်တာမို့ အခုပွဲမှာ သတိထားပြင်ဆင်မှ ရပါလိမ့်မယ်။ လီဗာပူးကွင်းလယ်က ခံစစ်ပိုင်းဆင်းကူတဲ့အခါ နှေးကွေးနေတတ်တာကိုလည်း ပြင်ဆင်မှုရပါလိမ့်မယ်။ အသင်းလိုက်ကစားအားမှာ လီဗာပူးတို့ထက် ဗီလာရီးရဲတို့က ပိုမိုကောင်းမွန်တာမို့ အိမ်ကွင်းဆိုပေမယ့် လီဗာပူးဟာ အကောင်းဆုံး ကစားသမားတွေနဲ့ ပွဲထွက်ပြီး ထိရောက်တဲ့ ဗျူဟာခင်းကျင်းမှုရပါလိမ့်မယ်။ ဗီလာရီးရဲတို့က ပထမအကျော့ အိမ်ကွင်းမှာ တစ်ဂိုးရယူနိုင်ခဲ့ပြီး ဂိုးလည်း မပေးခဲ့ရတာမို့ လီဗာပူးထက် အသာစီးရနေတာတော့ အမှန်ပါပဲ။ ဗီလာရီးရဲရဲ့ အားနည်းချက်က အဝေးကွင်းဆိုရင် ခြေစွမ်းကျဆင်းတတ်သလို ရလဒ်တွေကလည်း မကောင်းတတ်ပါဘူး။ ဗီလာရီးရဲတို့ရဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံး၊ တစ်ပွဲသရေ ရလဒ်ထွက်ထားတာမို့ လီဗာပူးကို အဝေးကွင်းမှာ ခက်ခဲစွာရင်ဆိုင်ရမှာပါ။ ဗီလာရီးရဲတို့ရဲ့ ဖိအားပေးမှုကို လီဗာပူးတို့ တွန်းလှန်ဖို့ ဒီပွဲမှာသိပ်တော့မလွယ်ပါဘူး။

ဆီဗီလာနှင့် ရှက်တာဒိုးနက်

ပထမအကျော့မှာ နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့တာမို့ ရှက်တာဒိုးနက်တို့ အခုပွဲမှာ အသက်ရှူမှားအောင် ကစားရပါလိမ့်မယ်။ ယူရိုပါလိဂ်ဖလားကို လက်မလွှတ်တမ်းဆုပ်ကိုင်နိုင်ဖို့ လက်တစ်ကမ်းအကွာကို ရောက်ရှိလာတဲ့ ဆီဗီလာတို့က အခုပွဲဟာ အိမ်ကွင်းဖြစ်တာမို့ ဂိုးမပေးရရေးနဲ့ ဂိုးသွင်းနိုင်ရေးကို ကြိုးစားပါလိမ့်မယ်။ ဆီဗီလာရဲ့ လက်ရှိခြေစွမ်းက အားရစရာတော့မရှိပါဘူး။ ဆီဗီလာတို့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ နိုင်ပွဲတစ်ပွဲသာ ရရှိထားတာကလည်း စိုးရိမ်ပူပန်စရာပါပဲ။ ဒါပေမယ့် အိမ်ကွင်းမှာဆိုရင် ရလဒ်ကောင်းအောင် စွမ်းဆောင်နိုင်တဲ့ ဆီဗီလာတို့ဟာ အခုပွဲမှာလည်း ရှက်တာဒိုးနက်ကို အနိုင်ကစားပြီး နောက်ဆုံး ဗိုလ်လုပွဲကို ရောက်အောင်ကြိုးစားတော့မှာပါ။ ရှက်တာဒိုးနက်တို့ကတော့ လက်ရှိအချိန်မှာ ခြေစွမ်းကောင်းပြသနိုင်ပြီး နောက်ဆုံး ကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင်လည်း ရှုံးပွဲတစ်ပွဲမှ မရှိခဲ့ပါဘူး။ ရှက်တာဒိုးနက်ရဲ့ အားသာချက်က တိုက်စစ်ပိုင်းဖြစ်ပြီး တိုက်စစ်မှူးတွေက ပြိုင်ဘက်ခံစစ်ကြောင်းကို ရအောင် ထိုးဖောက်ကာ ဂိုးသွင်းနိုင်ကြသူတွေ ဖြစ်ပါတယ်။ ဒါ့အပြင် ခံစစ်မှူးတွေကလည်း အမှားအယွင်းနည်းနည်းနဲ့ ပြိုင်ဘက်တိုက်စစ်မှူးတွေကို ဟန့်တားထိန်းချုပ်နိုင်တာကြောင့် ဒီပွဲမှာ ဆီဗီလာတို့ အကျပ်အတည်း တွေ့နိုင်ပါတယ်။ ဒါပေမယ့် အစဉ်အလာအရ ယူရိုပါလိဂ်မှာအောင်မြင်မှု မှတ်တမ်းကောင်းရရှိထားတဲ့ ဆီဗီလာတို့ပဲ ဗိုလ်လုပွဲ တက်ရောက်သွားဖို့ အခွင့်အရေးများတာတော့ အမှန်ပါပဲ။ ॥

မန်ယူက ခေါ်ယူဖို့နီးလာတဲ့ ဒေါ့မွန်တိုက်စစ်မှူး

မန်ယူဟာ ဒေါ့မွန်တိုက်စစ်မှူး ပီယာရီ အီမာရစ် အော်ဘာမီရန်းကို ပေါင်သန်း ၇၀နဲ့ စာချုပ်ဖို့ နီးစပ်နေပြီလို့ ဆိုပါတယ်။ အော်ဘာမီရန်းဟာ မန်ယူက အဓိက ပစ်မှတ်ထားနေတဲ့ တိုက်စစ်မှူးပါ။ မန်ယူက လွန်ခဲ့တဲ့ သီတင်းပတ်တွေကတည်းက အော်ဘာမီရန်းကိုခေါ်ယူဖို့ နံပါတ်တစ် ပစ်မှတ်ထားနေတာပါ။ မန်ယူနဲ့အတူ ရီးရဲမက်ဒရစ်ကလည်း ပစ်မှတ်ထားခဲ့ပါတယ်။ ဒါပေမယ့် ရီးရဲမက်ဒရစ်ကတော့ ပေါင်သန်း ၇၀ အထိ ပေးခေါ်ဖို့ စိတ်ဝင်စားမှာမဟုတ်ဘူးလို့ ဆိုပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ရီးရဲမက်ဒရစ်ဟာ ဘိုင်ယန်မြူးနစ် ကစားသမား လီဝမ်ဒေါစကီးကို ခေါ်ယူဖို့ကြိုးစားနေလို့ ဖြစ်ပါတယ်။ ဘွန်ဒက်စ်လီဂါကြယ်ပွင့် အော်ဘာမီရန်းဟာ ၄၂ ပွဲ ပါဝင်ကစားခဲ့ရာမှာ ၃၆ ဂိုးအထိ သွင်းယူပေးထားတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ လာမယ့်ရာသီမှာ မန်ယူနည်းပြသစ် ဘယ်လိုပင် အပြောင်းအလဲရှိစေကာမူ အော်ဘာမီရန်းဟာ မန်ယူအဓိကပစ်မှတ်ထားနေတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ သူဟာ ဒီနှစ် ရာသီမှာ ဒေါ့မွန်အတွက် ၄၃ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပါတယ်။

ချယ်လ်ဆီးကို တန်းဆင်းဇုန်ကနေ ကယ်တင်ခဲ့တယ်ဆိုတဲ့ ဟစ်ဒင့်

ချယ်လ်ဆီးအသင်းကို အလွန်အန္တရာယ်များတဲ့ တန်းဆင်းဇုန်အတွင်းကနေ လွတ်မြောက်အောင် ကယ်တင်ပေးနိုင်ခဲ့တယ်လို့ မော်ရင်ဟိုကို အလုပ်ဖြုတ်ပြီး ယာယီနည်းပြဖြစ်လာခဲ့တဲ့ ဟစ်ဒင့်က ဆိုပါတယ်။ ချယ်လ်ဆီးအသင်းဟာ သူရောက်လာတဲ့အချိန်မှာ တန်းဆင်းဇုန်အထက် တစ်မှတ်အသာနဲ့ ရပ်တည်နေခဲ့တာပါ။ ဒီဇင်ဘာလက နည်းပြမော်ရင်ဟို ထွက်သွားချိန်မှာ ချယ်လ်ဆီးအသင်းကို နိုင်ပွဲတွေ ပြန်ရအောင် ကြိုးစားပေးနိုင်ခဲ့ပါတယ်။ ချယ်လ်ဆီးအသင်းကို ထိပ်ဆုံး နံပါတ် ၄ နေရာအထိ မျှော်လင့်နိုင်အောင် ကြိုးစားပေးနေသူလည်း ဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ ချယ်လ်ဆီးအသင်းဟာ လက်ကျန်ပွဲ အနည်းငယ်အလိုမှာ နံပါတ် ၁၀ နေရာအထိ တက်လှမ်းနိုင်ခဲ့ပါတယ်။ ဟစ်ဒင့်ဟာ ဒီဇင်ဘာလအတွင်းက ချယ်လ်ဆီးအသင်းကို ရောက်လာခဲ့ပြီး အောင်မြင်မှုတွေရဖို့ ကြိုးစားပေးနိုင်ခဲ့ပါတယ်။

ရာသီကုန် ပွဲကုန်အထိ ပြိုင်ဆိုင်မှုပြင်းထန်နေတဲ့ စပိန်လာလီဂါ

ဥရောပလိဂ်တွေထဲမှာ အီတလီစီးရီးအေ၊ အင်္ဂလန် ပရီမီယာလိဂ်တွေက ဒီနှစ် ဖလားရဖို့အသင်းတွေ သေချာနေပြီဖြစ်လို့ ပြိုင်ဆိုင်မှုတွေဟာ ထင်သလောက် မဟုတ်တော့ပေမယ့် စပိန်လာလီဂါမှာတော့ ထိပ်တန်းအသင်းကြီးတွေရဲ့ အားပြိုင်မှုက ပြင်းထန်နေဆဲပါ။ ပွဲစဉ် ၃၆ အပြီး ဘာစီလိုနာက ရီးရဲဘက်တစ်ကို ဆွာရက်ဇ်နဲ့ ရာတီကစ်တို့ရဲ့ ဂိုးတွေနဲ့ အနိုင်ရလိုက်တဲ့အတွက် ဘာစီလိုနာတို့ ထိပ်ဆုံးမှာ ရပ်တည်နေဆဲပါ။ သို့ပေမယ့် အနီးကပ်ပြိုင်ဘက် အက်သလက်တီကိုက အမှတ်တူနဲ့ ခြိမ်းခြောက်နေပါတယ်။ စီရော်နယ်ဒိုရဲ့ ရီးရဲမက်ဒရစ်ကလည်း တစ်မှတ်ကွာပြီး တတိယနေရာက ဖလားရဖို့ ကြိုးစားနေတာပါ။ ဒီသုံးသင်းက ရာသီကုန်အထိ ပြိုင်ဆိုင်မှုအားကောင်းနေပါတယ်။ ဘယ်အသင်း ချန်ပီယံဖြစ်မယ်ဆိုတာ ပြောဖို့ခက်နေပါတယ်။ ဘာစီလိုနာက ကိုးမှတ်အသာနဲ့ ဦးဆောင်ပြီးမှ ရှုံးပွဲတွေ ဆက်တိုက်ကြုံခဲ့တဲ့အတွက် ဒီလိုဖြစ်လာခဲ့တာပါ။ ဒါကြောင့် စပိန်လာလီဂါမှာ လာမယ့်ပြိုင်ပွဲတွေဟာ ကြည့်ကောင်းနေဦးမှာ ဖြစ်ပါတယ်။

ကောင်းမြတ်သူ ➤ စုစည်းသည်

လက်နက်နှင့် ဖောက်ခွဲရေးပစ္စည်းသတင်းကြောင့် စစ်ဆေးရေးဂိတ်များ၌ လုံခြုံရေးအင်အားတိုးမြှင့်ထား

စစ်တွေ မေ ၂

ဧပြီလ တတိယပတ်အတွင်းမှစ၍ လက်နက်နှင့် ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်လာနိုင်သည်ဟူသော သတင်းများကြောင့် ရခိုင်ပြည်နယ်အတွင်း စစ်တွေ-ရန်ကုန်ကားလမ်းဘေးရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်များ၌ လုံခြုံရေးအင်အားများကို တိုးမြှင့်ကာ စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

ယခုရက်ပိုင်းတွင် လက်နက်နှင့် ဖောက်ခွဲရေးပစ္စည်းများ သယ်ယူလာနိုင်ကြောင်း သတင်းရရှိမှုကြောင့် ရခိုင်ပြည်နယ်အတွင်းသို့ လက်နက်များဝင်မလာစေရန်အတွက် လည်းကောင်း၊ ယင်းနှင့်တစ်ဆက်တစ်စပ်တည်း အမျိုးသားရေးတာဝန်ဖြစ်သော မူးယစ်ဆေးဝါး၊ ဥပဒေနှင့် မလွတ်ကင်းသော ပစ္စည်းများ စသည်တို့ကိုလည်း အင်အားတိုးမြှင့်ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နေခြင်းဖြစ်ကြောင်း စစ်တွေခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းနောင်က ပြောကြားသည်။

ရခိုင်ပြည်နယ်၌ ပြည်နယ်၏ နယ်နိမိတ်အစဖြစ်သော အမ်းမြို့စစ်ဆေးရေးဂိတ်မှစတင်ကာ ရန်ကုန်-စစ်တွေ အဝေးပြေးလမ်းတစ်လျှောက်တွင် ပူးပေါင်းစစ်ဆေးရေးဂိတ်များ ယခင်အချိန်များကပင် ရှိနေပြီး တပ်မတော်၊ ရဲတပ်ဖွဲ့၊ မူးယစ်အဖွဲ့နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့ ပူးပေါင်းပါဝင်သည့်အဖွဲ့များက ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များနှင့် အိမ်စီးကားများကို ပုံမှန်စစ်ဆေးမှုများပြုလုပ်လျက်ရှိရာမှ ယခုရက်ပိုင်းတွင် အင်အားတိုးမြှင့်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်-စစ်တွေ အဝေးပြေးလမ်းတစ်လျှောက်တွင်သာမက စစ်တွေမြို့ရှိ ခရီးသည်အဝင်အထွက်များသော ရေဆိပ်များတွင်လည်း ယခင်ကထက် အင်အားတိုးမြှင့်၍ ရှာဖွေမှုများ ပြုလုပ်လျက်ရှိကြောင်းနှင့် လက်ရှိအချိန်အထိ သံသယဖြစ်ဖွယ်များ မတွေ့ရှိရသေးကြောင်း သိရှိရသည်။ **မြတ်ဝေ**

လုပ်သားရှားပါးခြင်းနှင့် ရေရချိန်နောက်ကျ၍ နွေစပါးစိုက်ပျိုးချိန်နောက်ကျ

ညောင်ဦး မေ ၂

ညောင်ဦးမြို့နယ်အတွင်း မြစ်ရေတင်များမှရေဖြင့် နွေစပါးစိုက်ပျိုးကြသော ဒေသခံတောင်သူများအနေဖြင့် ယခုနှစ်တွင် မြစ်ရေတင်မှ ရေရချိန်နောက်ကျခြင်းကြောင့်လည်းကောင်း၊ ကောက်စိုက်လုပ်သား ရှားပါးခြင်းကြောင့်လည်းကောင်း နွေစပါးများကို အချိန်နောက်ကျပြီးမှ စိုက်ပျိုးနေရကြောင်း သိရသည်။

"ကျွန်မတို့ ကောက်စိုက်သမအဖွဲ့က ၁၉ ယောက်ရှိပါတယ်။ အခုလ ရာသီဟာ နွေစပါးစိုက်ပျိုးတဲ့ရာသီဖြစ်ပေမယ့် ရာသီဥတုက အရမ်းပူတော့ အခြားသီးနှံတွေ ထင်သလောက်မအောင်မြင်ဘူး။ ယခုနှစ် နွေစပါးစိုက်ပျိုးခအနေနဲ့ တစ်ဧကကို သုံးသောင်းလောက်ရပါတယ်။ တစ်နေ့ကို သုံးဧကလောက် စိုက်ပျိုးလို့ပြီးပါတယ်။ ရာသီဥတုကအရမ်းကိုပူပေမယ့် မိသားစုစားဝတ်နေရေးကြောင့် လုပ်ကိုင်နေကြရတာပါ။ အမှန်ဆိုရင် နွေစပါးစိုက်ပျိုးချိန်ဟာ ဒီအချိန်ဆို ပြီးပါပြီ။ ဒါပေမယ့် မြစ်ရေတင်ကလွှတ်ပေးတဲ့ရေက ရက်ခြားမှလာသလို ရာသီဥတုကလည်း ယခုနှစ် အရမ်းကိုပူလွန်းတော့ နွေစပါးစိုက်ပျိုးကြတဲ့ တောင်သူလယ်သမားတွေက နောက်ကျပြီး စိုက်ပျိုးကြတယ်"ဟု ညောင်ဦးမြို့နယ် လက်ပန်ခြေပေါ်ကျေးရွာမှ ကောက်စိုက်သမတစ်ဦးက ပြောသည်။

စပါးစိုက်ပျိုးချိန်နောက်ကျခြင်းမှာ ကောက်စိုက်သမများ ရှားပါးလာခြင်းနှင့်လည်းသက်ဆိုင်ကြောင်း၊ ယခုအချိန်တွင် ညောင်ဦးမြို့နယ်အတွင်း ကျေးလက်ဒေသများမှ မိန်ကလေး၊ ယောက်ျားလေးများ အများစုမှာ မြို့ကြီးများသို့သွား၍ အလုပ်လုပ်ကိုင်လာကြသဖြင့် ကျေးလက်ဒေသများတွင် လူငယ်များနည်းပါးလာပြီး အလုပ်လုပ်ကိုင်မည့် လုပ်သားများလည်း ရှားပါးလာလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်(မလှိုင်)

ရေရှားပါးသော ကျေးရွာအုပ်စုများသို့ သောက်သုံးရေများလှူဒါန်း

မြိုင် မေ ၂

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အတွင်းမှ ရေရှားပါးသော ကျေးရွာများသို့ သောက်သုံးရေများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်လမ်းဦးစီးဌာနတို့က ဧပြီ ၂၇ ရက်မှ ၃၀ ရက်အထိ သွားရောက်လှူဒါန်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဧပြီ ၂၇ ရက်က ကွန်လပ်ကျေးရွာအုပ်စုနှင့် ငွေးကုန်းကျေးရွာအုပ်စုများသို့ ရေဂါလန် ၁၆၀၀ ကိုလည်းကောင်း၊ ရွာတန်းရှည်ကျေးရွာအုပ်စု ဇီးတောတိုက်ကျေးရွာသို့ ရေဂါလန် ၈၀၀ ကိုလည်းကောင်း၊ ရွာတန်းရှည်ကျေးရွာအုပ်စု ဆယ်ပြားကျေးရွာသို့ ရေဂါလန် ၈၀၀ ကိုလည်းကောင်း၊ ဧပြီ ၂၈ ရက်တွင် ညောင်ရွာကျေးရွာအုပ်စု ပန်းတိုင်းတော(န)ကျေးရွာသို့ ရေဂါလန် ၃၂၀၀ ကိုလည်းကောင်း၊ လင်းကတောကျေးရွာအုပ်စု ပူတွင်းကျေးရွာသို့ ရေဂါလန် ၂၄၀၀ ကိုလည်းကောင်း၊ ဧပြီ ၂၉ ရက်တွင် ဆိတ်ချေးကျေးရွာသို့ ရေဂါလန် ၁၈၀၀ ကိုလည်းကောင်း၊ ဧပြီ ၃၀ ရက်တွင် တဲကြီးတောင်ရွာသို့ ရေဂါလန် ၂၄၀၀ နှင့် လင်းကတောကျေးရွာအုပ်စု ပူတွင်းကျေးရွာသို့ ရေဂါလန် ၂၄၀၀ ကိုလည်းကောင်း လှူဒါန်းဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

မြိုင်မြို့နယ်အတွင်းမှ ရေရှားပါးသောကျေးရွာများသို့ သောက်သုံးရေများ ဖြန့်ဝေပေးနိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ကြိုတင်ပြင်ဆင်ထားလျက်ရှိပြီး ရေလိုအပ်သောကျေးရွာများသို့ သောက်သုံးရေများကို အရေးပေါ်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ကျော်မြင့်**

ရာသီဥတုပူပြင်းခြင်းကြောင့် နွေသီးနှံများအတွက် ရေအဆက်မပြတ်လိုအပ်နေ

ညောင်ဦး မေ ၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်း၌ ရာသီဥတုပူပြင်းသည့်ဒဏ်ကြောင့် မြစ်ရေတင်စိုက်ကွင်းများတွင် တောင်သူများစိုက်ပျိုးထားသည့် နွေစပါး၊ နွေပဲတီစိမ်း၊ စီပီပြောင်းဖူး စသည့်သီးနှံများအတွက် စိုက်ပျိုးရေကို မကြာခဏ လိုအပ်လျက်ရှိနေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ ဒီနှစ်စိုက်ရတာ အသီးအပင်တွေက ရေခဏခဏ တောင်းတယ်။ ရေလိုအပ်လာပြီဆိုရင် တန်းမှိုင်လာတယ်။ အရင်နှစ်ကဆိုရင် နှစ်ပတ်လောက်ရှိမှ ရေတစ်ကြိမ်လောက်ပေးထားရင်ရတယ်။ အခုနှစ်မှာတော့ တစ်ပတ်ကို တစ်ကြိမ်နှုန်း ရေသွင်းရတယ်။ အဲဒါမှ အသီးပင်က လန်းပါတယ်။ အရင်က ရေသွင်းဖို့ ရက်နည်းနည်းနောက်ကျရင် ရတယ်။ အခုနှစ်မှာ သီးနှံက ရေသွင်းနောက်ကျရင် ပွင့်ခြောက်တွေကပ်တယ်။ ရွက်ဝါတွေ ထိုးလာတယ်။ မြစ်ရေတင်ကလည်း ရံဖန်ရံခါမှာ လျှပ်စစ်ကပြတ်လိုက်၊ စက်တွေက ပျက်လိုက်နဲ့ ရေလိုအပ်နေတဲ့အချိန် ရေမပေးနိုင်တဲ့ စိုက်ခင်းတွေဆိုရင် မကြာခင်မှာပဲ ဖျက်ပြီး တခြားသီးနှံ ပြောင်းစိုက်ကြရတော့မှာ"ဟု မြစ်ရေတင်မှ ရေဖြင့် နွေပဲတီစိမ်းစိုက်ပျိုးထားသည့် တောင်သူတစ်ဦးကပြောသည်။

သူကောင်းတည်မြစ်ရေတင်ဖြင့် နွေပဲတီစိမ်းစိုက်ထားသည့် တောင်သူဦးသောင်းမြင့်ကလည်း "ကျွန်တော်တို့ ပဲတီစိမ်းခင်းကတော့ ဒီနေ့တစ်နေ့နဲ့ နောက်တစ်ရက် နှစ်ရက်အတွင်း ရေသွင်းရရင် ကောင်းဦးမယ်။ ဒီလိုမသွင်းရရင်တော့ ဒီနှစ် ပဲတီစိမ်း မရနိုင်တော့ဘူး။ အရင်းဆုံးပြီ။ ဒီနေ့ရေမလာရင် မနက်ဖြန်တော့ ရေတင်ကန်(၁)နဲ့ ကန်(၂)အထိသွားပြီး ရေသွားတောင်းမယ်။ ရေလာရင်လည်း မပြီးသေးဘူး။ ကျွန်တော့်ယာခင်းက စက်နဲ့ တစ်ဆင့်တင်ရသေးတယ်။ ကျွန်တော်တို့ ယာခင်းတွေက ရေလိုလိုနေတော့ သိပ်မကောင်းပါဘူး။ မြေကလည်း သဲမြေဆိုတော့ ခဏခဏ ရေသွင်းနေရတာပါ။ မြစ်ရေတင်ကလည်း ကျွန်တော်တို့နေရာတွေကို တစ်နာရီ၊ တစ်နာရီခွဲလောက်ပဲ ပေးတာဆိုတော့ ပဲတီစိမ်းခင်းတွေ ရေမဝဖြစ်နေတာပေါ့"ဟု ပြောသည်။

သူကောင်းတည်မြစ်ရေတင်မှ ရေကို စောင့်မျှော်နေသော ပဲတီစိမ်းစိုက်တောင်သူ အမျိုးသမီးတစ်ဦးကလည်း "ကျွန်မတို့တော့ ပဲတီစိမ်းပင်တွေ ဝါကျကုန်ပြီ။ ရေက ပေးတော့ပေးပါတယ်။ တစ်ရက်ပေးရင် တစ်နာရီခွဲ တစ်နာရီပဲ ရကြတယ်။ နားတဲ့ရက်တွေလည်း နားသေးတယ်။ သင်္ကြန်ရက်တုန်းကလည်းမပေးဘဲ နားလိုက်သေးတယ်။ နောက်လည်းပဲ ရေတက်လို့ ပိုက်ဖြုတ်လို့ ရေကျလို့ ပိုက်ဆက်လို့နဲ့ ယာခင်းထဲ ရေသိပ်မရတော့ဘူး။ အသီးအပင်တွေက အချိန်ပြည့် ရေမပေးလို့ ရေမဝဖြစ်နေတာပါ"ဟု ပြောသည်။

ထိုသို့ ရာသီဥတုဒဏ်ကြောင့် နွေသီးနှံများအတွက် ရေများကို အဆက်မပြတ် လိုအပ်နေချိန်တွင် မြစ်ရေတင်များမှ တာဝန်ရှိသူများအနေဖြင့် တောင်သူများအတွက် ရေပိုမိုရရှိအောင် ဆောင်ရွက်ပေးနိုင်ရန် ဒေသခံတောင်သူများ လိုလားနေကြကြောင်း သိရသည်။

ကျော်ဌေး(ညောင်ဦး)

ဟားခါးမြို့၌ လူကူးမျဉ်းကျားများရေးဆွဲရန် ကွင်းဆင်းကြည့်ရှု

ဟားခါး မေ ၂

ချင်းပြည်နယ် ဟားခါးမြို့၌ မြို့တော်အင်္ဂါရပ်နှင့်ညီညွတ်စေရန်၊ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များနှင့် လမ်းသွားလမ်းလာများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာဖြတ်သန်းနိုင်စေရန် ရည်ရွယ်၍ သတ်မှတ်နေရာများတွင် လူကူးမျဉ်းကျားများ ရေးဆွဲသွားမည်ဖြစ်ရာ မျဉ်းကျားရေးဆွဲမည့်နေရာများကို တာဝန်ရှိသူများက ဧပြီ ၃၀ ရက်က ကွင်းဆင်းကြည့်ရှုခဲ့သည်။

ဟားခါးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ထွန်းလင်း၊ ဟားခါးမြို့ အမှတ်(၁၆)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှ ရဲမှူးဘင်နီဖိုင်းနှင့် တပ်ဖွဲ့ဝင်များက ဟားခါးမြို့ ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက်ရှိ လမ်းဆုံလမ်းခွများနှင့် လူစည်ကားရာနေရာများမှ လူကူးမျဉ်းကျားရေးဆွဲမည့်နေရာများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြခြင်းဖြစ်သည်။ လူကူးမျဉ်းကျားများကို နေရာ ၁၂ နေရာ၌ ရေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သက်တမ်း	DATA ပမာဏ	ဈေးနှုန်း	အင်တာနက်နှုန်းထား	ဝယ်ယူရန်	
				USSD Code ဖြင့်	SMS ဖြင့်
(၁)ည	250 MB	၃၀၀ကျပ်	၁ကျပ် ပြား ၂၀/MB	*237*1#	1N to 1332
(၇)ည	1 GB	၁၀၀၀ကျပ်	၁ ကျပ်/MB	*237*2#	7N to 1332
ညပေါင်း(၃၀)	4 GB	၃၂၀၀ကျပ်	ပြား ၈၀/MB	*237*3#	30N to 1332

ညစဉ် ည (၁၁) နာရီမှ နံနက် (၇) နာရီအတွင်း အသုံးပြုနိုင်ပါသည်။

၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရကုန်သွယ်လုပ်ငန်းခွန် ၅% ကိုထပ်ဆောင်းကောက်ခံသွားပါမည်။

- "ဆွေသဟာ" ရယူထားသည့် GSM/WCDMA (Postpaid နှင့် Pre-Paid) အသုံးပြုသူများအားလုံး ရယူအသုံးပြုနိုင်ပါသည်။
- ညစဉ်ည (၁၁) နာရီမှ နံနက် (၇) နာရီအထိ နာရီပေါင်း (၈) နာရီကြာ အသုံးပြုနိုင်ပါမည်။
- ည (၁၁)နာရီမှ နံနက် (၇) နာရီအတွင်း အသုံးပြုရန် သတ်မှတ်ထားသော Data ပမာဏ ကုန်သွားပါက ထပ်မံဝယ်ယူ အသုံးပြုနိုင်ပါသည်။
- Package ဝယ်ယူထားသူများအတွက် ည (၁၁) နာရီမှ နံနက် (၇) နာရီအတွင်း အင်တာနက်သုံးစွဲခများကို "Data များနဲ့ည Package" မှသာ ကောက်ယူပါမည်။
- ဝယ်ယူထားသော Package မှ အင်တာနက်သုံးစွဲခများကျော်လွန်ပါက ပုံမှန်နှုန်းထားအတိုင်းဆက်လက် ကောက်ယူသွားပါမည်။
- MPT SIM ကဒ်ကို SIM Slot 1 တွင် ထည့်သွင်းအသုံးပြုပါက ပိုမိုကြည်လင်ပြတ်သားသောအသံနှင့် မြန်ဆန်သော 3G အင်တာနက် ဝန်ဆောင်မှုကို ရရှိနိုင်ပါမည်။

ဆွေသဟာ ရယူရန် "SWE" ဟုရိုက်၍ 1332 သို့အခမဲ့ SMS ပေးပို့ပြီး ဝန်ဆောင်မှု ရယူနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက
http://www.mpt.com.mm https://facebook.com/mptofficialpage MPT OFFICIAL သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ CALL CENTER 106 (၂၄)နာရီ အခမဲ့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် ၈၀/၁၀၀ အမျိုးအစား ကတ္တရာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ (က) **တင်ဒါလျှောက်လွှာစတင်ထုတ်ပေးမည့်ရက်** - ၉-၅-၂၀၁၆ ရက်

(ခ) **တင်ဒါအဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့်နေ့ရက်/အချိန်** - ၁၇-၅-၂၀၁၆ ရက် ၁၆:၃၀ နာရီ

(ဂ) **တင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန်/နေရာ** - ၁၉-၅-၂၀၁၆ ရက် ၀၉:၃၀နာရီ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ မကွေးမြို့

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မကွေးတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး ဖုန်း-၀၆၃-၂၃၀၁၈၊ ၀၆၃-၂၅၁၈၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုလယ်ယာဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	လက်တွန်းထွန်စက်နှင့်တွဲဖက်သုံးကိရိယာများ	4 Lot
(ခ)	ထွန်စက်ကြီးများ	3 Lot
(ဂ)	ထွန်ယက်ကိရိယာများ	4 Lot
(ဃ)	ကောက်စိုက်စက်	1 Lot
(င)	စပါးရိတ်သိမ်းခြွေလှေ့စက်	1 Lot
(စ)	မြေတူးစက်	1 Lot
(ဆ)	မြေသယ်ယာဉ်	1 Lot

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂၈-၄-၂၀၁၆ ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာသို့ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၆ခုနှစ် မေ ၂၇ရက် ၁၅း၀၀ နာရီဖြစ်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
စက်မှုလယ်ယာဦးစီးဌာန
ရုံးအမှတ် (၅၀)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၁၂၄၂၊ ၀၆၇-၄၁၁၂၄၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
သင်တန်းသားများခေါ်ယူခြင်း

၁။ နေပြည်တော်၊ ရွာမ(ရန်ကုန်)နှင့် မန္တလေးမြို့များရှိ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် နည်းပညာနှင့်သက်မွေးပညာဦးစီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့ ပူးပေါင်း၍ အောက်ပါကျွမ်းကျင်မှုအခြေပြု ကာလတို (၃)လသင်တန်းများကို ၂၀၁၆ခုနှစ် မေလ ၉ရက်မှ စတင်ဖွင့်လှစ်ပါမည်။

(၁) Bricklaying (အုတ်စီကျွမ်းကျင်သင်တန်း)

(၂) Barbending (သံချည်သံကွေးကျွမ်းကျင်သင်တန်း)

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရမည်-

(၁) မူလတန်းအောင်မြင်ပြီး အသက် (၁၈)နှစ်ပြည့်ပြီး (၄၀)ထက် မကျော်လွန်သူဖြစ်ရမည်။

(၂) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(၃) သင်တန်းပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်။

(၄) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(၅) အိမ်ထောင်မရှိသူ (အပျို/လူပျို)ဖြစ်ရမည်။

၃။ လျှောက်လွှာတင်ရာတွင် အောက်ပါစာရွက်စာတမ်းများပါရှိရပါမည်-

(၁) လျှောက်လွှာမူရင်း(၁)စောင်

(၂) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ (၁)စောင်

(၃) လိုင်စင်ဓာတ်ပုံ (၃)ပုံ

(၄) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ထောက်ခံစာမူရင်း (သို့မဟုတ်) မြို့နယ်ပြည်သူ့ရဲစခန်းမှ ထောက်ခံစာမူရင်း

(၅) သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ ဆေးထောက်ခံစာမူရင်း။

၄။ ၂၀၁၆ခုနှစ် မေ ၂ရက်မှစ၍ အောက်ပါနေရာများတွင် လျှောက်လွှာများ ရယူလျှောက်ထားနိုင်ပါသည်-

(၁) အစိုးရနည်းပညာအထက်တန်းကျောင်း(နေပြည်တော်)(ဆက်သွယ်ရန် ဖုန်း-၀၉-၄၄၈၅၃၆၂၀၀၊ ၀၆၇-၄၀၁၄၂၅/၆)

(၂) အစိုးရနည်းပညာအထက်တန်းကျောင်း (ရွာမ)(ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၀၃၇၇၁၈၈၊ ၀၁-၆၄၁၆၉၆)

(၃) အစိုးရနည်းပညာအထက်တန်းကျောင်း(မန္တလေး)(ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၁၃၇၁၂၇၄၊ ၀၂-၅၁၅၂၁၉၂)

(လျှောက်လွှာများကို ၂-၅-၂၀၁၆ရက်မှ ၅-၅-၂၀၁၆ရက်အထိ နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီအထိ သက်ဆိုင်ရာ ကျောင်းအသီးသီးတွင် ရယူလျှောက်ထားနိုင်ပြီး နောက်ဆုံးတင်ရမည့်ရက်မှာ ၅-၅-၂၀၁၆ ရက်ဖြစ်ပါသည်။ ၆-၅-၂၀၁၆ရက်မှ ၈-၅-၂၀၁၆ရက်အထိ လူတွေ့ စစ်ဆေးသွားမည်ဖြစ်ပါသည်)

၅။ သင်တန်းကို ကျား/မ မရွေးလျှောက်ထားနိုင်ပြီး၊ သင်တန်းတစ်ခုလျှင် သင်တန်းသား သင်တန်းသူ ၁၂ဦး လက်ခံသင်ကြားပေးမည်ဖြစ်ပါသည်။

၆။ သင်တန်းကြေးမှာ အခမဲ့ဖြစ်ပြီး သင်တန်းသား သင်တန်းသူများအတွက် နေထိုင်ရန် အဆောင်စီစဉ်ပေးမည်ဖြစ်ပါသည်။

INVITATION FOR OPEN TENDER (3/2016)
TENDER NO. MPPE/HSD/T/1(2016-2017)

1. Open Tender is invited for the Myanma petroleum Products Enterprise, Ministry of Electricity and Energy for the supply of High Speed Diesel (423,000 ± 10% Barrels)

2. **Tender Closing Date & Time** - 19-5-2016, 12:00 Hrs

3. **Tender Opening Date & Time** - 19-5-2016, 13:00 Hrs

4. **Delivery Time** - June 2016 to September 2016

5. Tender documents and details information are available at the Department of finance, Myanma Petroleum Products Enterprise, Nay Pyi Taw, during our office hours commencing 2-5-2016 on payment of Myanmar Kyat One Hundred Thousand (Kyats 100000) per set.

6. Only bid from tenderer who has purchased tender document officially from Myanma Petroleum Products Enterprise will be accepted for evaluation.

Managing Director
Myanma Petroleum Products Enterprise
Ministry of Electricity and Energy
No(6) Complex, Nay Pyi Taw

Contact Phone No.
067-411487/ 411486/ 411280

REQUEST FOR EXPRESSIONS OF INTEREST
(CONSULTING SERVICES-Individual Consultants)

The Republic of the Union of Myanmar
Agricultural Development Support Project (ADSP)
Credit No. : 5624 MM

The Republic of the Union of Myanmar is in the process of receiving funds from the World Bank toward the cost of the ADSP Project and intends to apply part of the proceeds for consulting services.

The Project Management Unit now invites expressions of interest from qualified candidates for the below positions. Interested consultants must provide their updated curriculum vitae, indicating personal and technical skills, qualifications and experience in similar assignments. In submitting their expressions of interest, consultants are kindly requested to indicate the positions they apply and the reference numbers stated below.

1. National Finance Officer (Ref # SC-23)
2. National Procurement Officer (Ref # SC-25)
3. National Monitoring and Evaluation Specialist (Ref # SC-21)
4. National Environmental Safeguards Specialist (Ref # SC-19)
5. National Social Safeguards Specialist (Ref # SC-20)

The Services are expected to be carried out over a period of 12 months with the possibility of extension depending on the performance, starting in May 2016. The location of work will be the Ministry of Agriculture, Livestock and Irrigation, in Nay Pyi Taw, Myanmar.

The attention of interested Consultants is drawn to paragraph 1.9 of the World Bank's Guidelines: Selection and Employment of Consultants under International Bank for Reconstruction and Development (IBRD) Loans and International Development Association (IDA) Credits & Grants by World Bank Borrowers dated July 2014 ("Consultant Guidelines"), setting forth the World Bank's policy on conflict of interest. A Consultant will be selected in accordance with procedures set out in the Consultant Guidelines.

Further information and a copy of the detailed Terms of Reference (TORs) can be obtained at the address below during working days from 10:00 to 15:00 hours. Expressions of interest must be delivered in a written form to the address below (in person, or by mail, or by e-mail, or by Fax) not later than May 16, 2016.

Attn: U Tint Lwin, Director of Procurement
Department: Department of Irrigation and Management of Water Utilization,
Ministry of Agriculture, Livestock and Irrigation
Address: Building No. 15, MOALI, Nay Pyi Taw, Myanmar.
Phone: +95-67-410019, Fax: +95-67-410102
Email: tlwin4.irr@gmail.com;hatint2009@gmail.com

Republic of the Union of Myanmar
Pyidaungsu Hluttaw
Joint Public Accounts Committee
Seeking two Consultants- a National Economic Expert and a National Budget Expert for Joint Public Accounts Committee

Closing Date: 18-5-2016

JPAC is seeking to hire two national Economic and Budget Experts to carry out the development and implementation of their strategy to advise JPAC on economic/ financial matters and to build capacity amongst the staff.

This work will specifically include: *Advising JPAC on any relevant Financial legislation and roadmap for reforming of Public Finance Management, Advising on monetary stability, fiscal policy and macro-economy, internal market compare with international and Discussing economic/ financial affairs with MPs and staff.*

The Consultant is required to demonstrate the following as a minimum:

- B.Econ(Eco)/ B.Com or M.Econ(Eco)/ M.Com or B.Com(CPA) (or) any graduate
- A minimum of 10 years of professional experience in Economic/ Finance.
- Preferably experience in implementation of Monetary Policy, Fiscal Policy and Macro-economy.
- Preferably experience in Economic/ Finance in Foreign Countries.
- Knowledge of the latest analytical techniques and models for assessing systemic risks in economic/ financial systems.
- Supervisory consultants should be familiar with the relevant international financial sector standards and codes of good practice.
- Well-developed oral and written communication, and fluency in four skills in the use of English, and competence in computer skills.

This assignment is for an estimated duration of 12 months as a full time or part time assignment. The location of the assignments is in Nay Pyi Taw, Myanmar.

JPAC now invites eligible individual consultants to indicate in providing the above mentioned services. Interested consultants must provide information indicating that they are qualified to perform the services (in addition to educational qualifications, experience of similar assignments and country of work etc. should be incorporated in the CV to be submitted along with expressions of interest/ application including expected salary to jointpac.mmp@gmail.com).

Interested consultants may obtain further information at the address above or at Ph: 067-591288 during office hours[i.e. 09:30 to 4:30 hours].

ပြည်တွင်းအခွန်များဦးစီးဌာန
အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)
အမှတ်(၅၉/၆၁)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့
အခွန်ထမ်းကုမ္ပဏီများ သိရှိစေရန် အသိပေးကြေညာခြင်း

ပြည်တွင်းအခွန်များဦးစီးဌာန၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)တွင် အခွန်စည်းကြပ်ဆောင်ရွက်မှုခံယူလျက်ရှိသော အခွန်ထမ်းကုမ္ပဏီများအား အထူးကုန်စည်ခွန်ဥပဒေနှင့် ၂၀၁၆ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများရှင်းလင်းခြင်း အခွန်ပညာပေးဆွေးနွေးပွဲများကို ၂၀၁၆ခုနှစ် ဧပြီ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉ရက်များတွင် ဤရုံး၏ ပထမထပ်အစည်းအဝေးခန်းမ၌ ကျင်းပဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အခွန်ထမ်းကုမ္ပဏီများအနေဖြင့် အထူးကုန်စည်ခွန်ဥပဒေအရ အထူးကုန်စည်များ ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်းစသည့် လုပ်ငန်းများနှင့်စပ်လျဉ်းပြီး ၂၀၁၆ခုနှစ် မေလအတွင်း လုပ်ငန်းရှင်မှတ်ပုံတင်စာရင်းရေးသွင်းမှတ်တမ်းတင်ခြင်းအား အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၌ မပျက်မကွက် လာရောက်ဆောင်ရွက်ကြပါရန်နှင့် သတ်မှတ်ထားသည့် ကာလအတွင်း မှတ်ပုံတင်ရန် ပျက်ကွက်ခဲ့ပါက ပျက်ကွက်မှုအတွက် အထူးကုန်စည်ခွန်ဥပဒေအရ ဒဏ်ငွေကျပ် သိန်း(၅၀)တပ်ရိုက်ခံရမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး
အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)

ဖောင်းကြွပျောက်လျှောက်ထားခြင်း	ယာဉ်အမှတ် 2I/9177 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

ကြော်ငြာဆိုင်းဘုတ်လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်အား သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်ရာတွင် ကြော်ငြာဆိုင်းဘုတ်များကို သတ်မှတ်အရွယ်အစားအတိုင်း စနစ်တကျ စိုက်ထူထားရှိပြီးဖြစ်ပါသည်။ စိုက်ထူပြီးကြော်ငြာဆိုင်းဘုတ်များအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ပြန်လည်အငှားချထားရန်ရှိသော ကြော်ငြာဆိုင်းဘုတ်များတွင် ကြော်ငြာလုပ်ငန်းဆောင်ရွက်ရန် လျှောက်ထားလိုပါက အသေးစိတ်အချက်အလက်များကို ၉-၅-၂၀၁၆ ရက်မှ ၂၀-၅-၂၀၁၆ ရက်အထိ ရုံးချိန်အတွင်း စီမံရေးရာဌာန၊ စီမံဌာနခွဲ၊ ကြော်ငြာဌာနစိတ်တွင် လာရောက်ဆက်သွယ်၍လည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ Website (www.ycdc.gov.mm) စီမံရေးရာဌာန (Home Page)နှင့် စီမံရေးရာဌာနကြော်ငြာသင်ပုန်းတွင်လည်းကောင်း ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

စီမံရေးရာဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းဖြင့် ပြည်နယ်အတွင်း၌ အဆောက်အအုံဆောက်လုပ်ရန်နှင့် ရုံးသုံးစက်ကိရိယာဝယ်ယူခြင်းရှိပါသဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာကို ၁-၅-၂၀၁၆ ရက်မှစတင်ပြီး ကချင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် တင်ဒါတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

(က) **ဆောက်လုပ်ရေးလုပ်ငန်း**
- (၁) ၁၀ပေအကျယ်ကတ္တရာလမ်းခင်းခြင်း
- (၂) အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း (၃၄၀၀×၁×၆)ပေ (နန်းကွေ့)
- (၃) အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း (၁၇၀၀×၁×၆)ပေ (မိုးကောင်း၊ မြစ်ကြီးနား)
- (၄) သံဆူးကြိုးဖြင့် ခြံစည်းရိုးကာရံခြင်း (ဗန်းမော်၊ မြစ်ကြီးနား၊ တနိုင်း၊ ဝိုင်းမော်)
- (၅) ပြည်နယ်ဦးစီးမှူးရုံး အကြီးစားပြုပြင်ခြင်း
- (၆) ဓာတ်ခွဲခန်း(၂)ခန်း တည်ဆောက်ခြင်း
- (၇) မိုးညှင်းခရိုင်ဦးစီးမှူးနေအိမ်ဆောက်လုပ်ခြင်း (၃၀×၂၄×၁၂)ပေ
- (၈) ဟိုပင်မြို့နယ်ရုံး (၄၀×၃၀×၁၀)ပေ ပြုပြင်ခြင်း
- (၉) မိုးကောင်းမြို့နယ်ဦးစီးမှူးနေအိမ် (၄၄၀×၆)ပေ အုတ်တံတိုင်းကာရံခြင်း
- (၁၀) မိုးကောင်းမြို့နယ်ရုံးဝင်း ခြံစည်းရိုး(၁၂၂၀)ပေ အုတ်တံတိုင်းကာရံခြင်း
- (၁၁) ဖားကန့်မြို့နယ်ရုံးဝင်း (၂၇၀×၆)ပေ အုတ်တံတိုင်းကာရံခြင်း
- (၁၂) ကားမိုင်းမြို့နယ်ရုံးဝင်း (၂၇၀×၆)ပေ သံဆန်ခါဖြင့်ကာရံခြင်း
- (၁၃) ဗန်းမော်ခရိုင်ရုံးမြောက်ဘက် (၃၅၀×၅)ပေ အုတ်တံတိုင်းကာရံခြင်း
- (၁၄) ဗန်းမော်ခရိုင်၊ ဂိုဒေါင် (၄၀×၂၁×၁၅)ပေအား ဝန်ထမ်းအိမ်ရာ(၃)ခန်းတွဲအဖြစ်ပြုပြင်ခြင်း
- (၁၅) ဗန်းမော်မြို့နယ်ဦးစီးမှူးရုံးဝင်းခြံစည်းရိုးကာရံခြင်း
- (၁၆) မန်စီမြို့နယ်ဦးစီးမှူးရုံးခြံစည်းရိုး (၆၈၆)ပေအား အုတ်တံတိုင်းကာရံခြင်း
- (၁၇) ခေါင်လန်ဖူးမြို့နယ်ဦးစီးမှူးရုံးဆောက်လုပ်ခြင်း
- (၁၈) ခေါင်လန်ဖူးမြို့နယ်ဦးစီးမှူးနေအိမ်ဆောက်လုပ်ခြင်း
- (၁၉) ကန်ပိုက်တီမြို့နယ်ရုံး အုတ်တံတိုင်းကာရံခြင်း

(ခ) **ရုံးသုံးစက်ကိရိယာဝယ်ယူခြင်း**
- (၁) ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်း (၁၁)စုံ ဝယ်ယူခြင်း
- (၂) Laptop Computer (၄)လုံး ဝယ်ယူခြင်း
- (၃) မိတ္တူကူးစက် (၇)လုံး ဝယ်ယူခြင်း
- (၄) ဗီဒီယိုကင်မရာ (၂)လုံး
- (၅) Projector (၄)စုံ ဝယ်ယူခြင်း

၂။ **အိတ်ဖွင့်တင်ဒါတင်သွင်းရန်** - ၁-၅-၂၀၁၆ ရက်မှ ၃၀-၅-၂၀၁၆ ရက်အထိ
၃။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - ကချင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး
၄။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၅။ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး ဖုန်း-၀၇၄-၂၂၃၂၁၊ ၀၇၄-၂၂၈၅၁၊ ၀၉-၄၇၀၀၈၃၇၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးနှင့်တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ

CLAIMS DAY NOTICE
M.V NOCC PAMPLONA VOY: NO (7)

Consignees of cargo carried by M.V NOCC PAMPLONA VOY: NO(7) are here by notified that the vessel will arrive of about 4-5-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

တစ်ဦးတည်းဖြစ်ပါကြောင်း

စိုက်ပျိုးရေးဦးစီးဌာနမှ ဦးသောင်းညွန့် (စင-၄၂၅၉၅) ၉/မနမ(နိုင်)၀၀၅၂၁၇ နှင့် ဦးသောင်းမြင့်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးသောင်းညွန့်(ခ)ဦးသောင်းမြင့်
စင-၄၂၅၉၅

တစ်ဦးတည်းဖြစ်ပါကြောင်း

စိုက်ပျိုးရေးဦးစီးဌာနမှ ဦးမောင်စန်း (စင-၄၂၅၈၇) ၉/မနမ(နိုင်)၀၅၄၂၅၆ နှင့် ဦးစန်းဝင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမောင်စန်း(ခ)ဦးစန်းဝင်း
စင-၄၂၅၈၇

သစ်ပါးလွှာထုတ်လုပ်ရေး လုပ်ငန်းသုံးစက်များ ရောင်းရန်ရှိသည်။

ဆက်သွယ်ရန်
ဖုန်း- ၀၉-၂၆၂၆၄၆၉၁၅

အမြန်ရောင်းမည်

ရန်ကုန်မြို့တွင်းနှင့် နီးပြီး အနီးပတ်ဝန်းကျင်တွင် ကန်ထရိုက်တိုက်များ ဆောက်လုပ်နေသော ဒေါပုံမြို့နယ်၊ ယမုံနာ(၁)ရပ်ကွက်၊ အောင်မေတ္တာလမ်း (အလယ်) ရှိ မြေ (၁၄×၅၀) ပေနှင့် အိမ်။

(သိန်း ၅၀၀၊ ညှိနှိုင်း)

ဖုန်း-၀၉-၄၅၁၃၁၄၈၄၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/ချမ်းအေးအရှေ့၊ မြေကွက်/ဦးပိုင်အမှတ် ၉၄ဃ၊ ဇရိယာ ၀ ဒသမ ၀၀၉ ဧကရှိ ဒေါ်ညိုညိုအောင် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးကျော်တင့်(ခ)ဦးအင်ဗှာ ၉/ပမန(နိုင်)၀၀၈၀၇၃ (ဘ)ဦးတင်ဝင်းမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက် အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
မိတ္ထီလာစီးပွားရေးတက္ကသိုလ်

ပါရဂူ (Ph.D) သင်တန်းသားများခေါ်ယူခြင်း

၁။ မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (Ph.D)သင်တန်းကို အောက်ဖော်ပြပါအထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်။
- (က) ဘောဂဗေဒ
- (ခ) ဝါဏိဇ္ဇဗေဒ
- (ဂ) စာရင်းအင်းပညာ

၂။ ပါရဂူဘွဲ့(Ph.D)သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများလျှောက်ထားနိုင်သည်။
- (က) ပါရဂူဘွဲ့(Ph.D)သင်တန်း တက်ရောက်ခွင့်လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၂၀၁၆ ခုနှစ် ဇွန်လ ၁ရက်တွင် အသက်(၃၀)ထက် မကျော်လွန်သူဖြစ်ရမည်။ (လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက်ကန့်သတ်ချက် လျှော့ပေါ့စဉ်းစားမည်။)
- (ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့်(၁)နှစ် တက်နိုင်သူ ဖြစ်ရမည်။
- (ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာနဝန်ထမ်းများအတွက်
- (၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ(၃)နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းအောင်မြင်သူများကိုသာ လက်ခံမည်။
- (၂) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။
- (၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။
- (၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ ဆရာမ မဟုတ်သော ပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့် အဆင့်တူရာထူးတွင် လုပ်သက် (၂)နှစ် အနည်းဆုံးရှိသူဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာဌာနအကြီးအကဲက ထောက်ခံသူဖြစ်ရမည်။
- (၅) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (သို့) သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာတင်ပြရမည်။

အခြားဝန်ကြီးဌာန ဝန်ထမ်းများအတွက်
- (၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာဘွဲ့တန်းအောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ(၃)နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။
- (၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန် မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။
- (၃) အနိမ့်ဆုံးနည်းပြ၊ သရုပ်ပြ(သို့)ယင်းနှင့် အဆင့်တူရာထူးတွင် လုပ်သက် (၂)နှစ် အနည်းဆုံးရှိရမည်။
- (၄) ပါရဂူ အကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့် (၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာသုတေသနဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ မဟာသုတေသနဘွဲ့အတွက် ပြုလုပ်ခဲ့သော သုတေသနအကျဉ်းချုပ်နှင့် ပါရဂူဘွဲ့သင်တန်းတွင် ဆောင်ရွက်လိုသော သုတေသနနယ်ပယ် အဆိုပြုချက် (ကွန်ပျူတာစာစီ၍ စာမျက်နှာ (၃)မျက်နှာ ထက်မပိုသော)ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။ လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

၃။ မိတ္ထီလာစီးပွားရေးတက္ကသိုလ်ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံကို ၁၃-၅-၂၀၁၆ရက် (သောကြာနေ့)နောက်ဆုံးထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် ပါရဂူဘွဲ့ (Ph.D) သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်းဝင်ရောက်ဖြေဆိုရမည်။
- (က) ၁၆-၅-၂၀၁၆ရက် (တနင်္လာနေ့)၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ သက်ဆိုင်ရာ ဘာသာရပ်
- (ခ) ၁၇-၅-၂၀၁၆ရက် (အင်္ဂါနေ့) ၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ အင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ရရှိထားသူများကို ၂၃-၅-၂၀၁၆ ရက် (တနင်္လာနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ်ပါမောက္ခ/ဌာနမှူးများထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနမှူးသင်တန်းရေးရာဌာန (ဖုန်းနံပါတ် ၀၆၄-၃၉၂၇၈)ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

(အေးဇော်)
ဌာနမှူး
မိတ္ထီလာစီးပွားရေးတက္ကသိုလ်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ ပေါင်းလောင်း(၂)၊ ရာဇဌာနီလမ်း၊ ဧရိယာ ၀ဒသမ ၀၉၉ဧကရှိ မြေကွက်အမှတ် ၅၆၆ကို ဦးခင်မောင်ထူး (ဘ) ဦးထွန်းမောင် တီဇက်အိုင် ၀၇၀၂၄၀ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ၂၀-၁-၂၀၀၇ ရက်စွဲပါ စာအမှတ် လ/၁၈-၄/နပတ (မြေယာ) ဖြင့် မြေပေးမိန့်ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။

၂။ ဦးခင်မောင်ထူး (ဘ)ဦးထွန်းမောင် တီဇက်အိုင် ၀၇၀၂၄၀ မှ အဆိုပါ မြေပေးမိန့်မူရင်း ခရီးသွားလာရင်းပျောက်ဆုံးသွားကြောင်းနှင့် မြေပေးမိန့်မိတ္တူမှန်ထုတ်ယူခွင့်ပြုရန် တင်ပြလျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် ယနေ့မှစ၍ ၁၅ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဦးခင်မောင်ထူး အမည်ပေါက် မြေပေးမိန့်မူရင်းအားပယ်ဖျက်၍ ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပေးမိန့်မိတ္တူမှန် ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

လုပ်ငန်းသုံး၊ ရုံးသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံး၊ ရုံးသုံး စက်ပစ္စည်းများကို ဝယ်ယူလိုပါသည်-

	ပစ္စည်းအမျိုးအမည်	အရေအတွက်
(၁)	Digital Camera Nikon D 810 Body and - Lens 24-120mmFX - Flash Gun SB-910 - Battery Grip BG-N7	2 Nos
(၂)	Nikon Fish Eye Lens Fx(16 mm)	1 No
(၃)	Digital Camera Sony α 99 24.3 Megapixel	1 No
(၄)	External Flash for Sony α 77 DSLR F 58 AM Distance F2 0.7m to 29m	3 Nos
(၅)	Sony Digital Camera 24.3 Megapixel -Flash Gun 20 AM -Lens 28-70mm	35 Nos
(၆)	Panasonic Video Camera HD(AVCHD) 28mm Wide 1920x1080p	9 Nos
(၇)	Online UPS 6KVA(Power Tree)	1 No
(၈)	UPS 650 VA Power Tree	37 Nos
(၉)	Personal Computer(Desktop) Core i7 3.4,(8MB/1150) H9Z 1150/(DDR3),8GB(DDR3) 2TB,GT630(DDR3)64bit With DVI/HDMI Output, View Sonic 21.5"/22" LED DVI/HDMI, 24xDVD Writer, Speaker,Keyboard,Mouse "A4 Tech UPS-Power Tree 650 VA	110 Sets
(၁၀)	Canon Laser Printer LBP 2900B(A4) 600x600dpi,12ppm	80 Nos
(၁၁)	EPSON Colour Printer(Inkjet)Only Print (Document & Photo)4 Color 4800x1200 dpi	2 Nos
(၁၂)	Epson Scanner(A4)4800x9600 dpi 48 Bit Color Input & Output	51 Nos
(၁၃)	Panasonic Fax Machine (A4)Roll Paper 9.6 Kbps	30 Nos
(၁၄)	Panasonic LCD Projector Lumens 4000 with Tripod Screen 96"x96"	9 Nos
(၁၅)	Konica Digital Multifunction Copier(A3 Size) 600x600 dpi 250 Sheet Paper Tray	30 Nos
(၁၆)	Chigo Airconditioner 2HP Split Type	21 Nos

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂-၅-၂၀၁၆ရက်မှ ၂၆-၅-၂၀၁၆ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၆-၅-၂၀၁၆ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၆၂၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၆၂၄

တင်ဒါတင်သွင်းရန်လိပ်စာ
ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၉၀

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန်အတွက် လိုအပ်သော Transparent Box with Breaker (၂)မျိုး၊ 11-6.6/0.4kV, 200 kVA Transformer နှင့် CT Coil များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၃-၅-၂၀၁၆ ရက်
တင်ဒါပိတ်မည့်ရက် - ၁၇-၅-၂၀၁၆ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊
ပစ္စည်းစီမံရေးဌာန၊ ရန်ကုန်မြို့
အမှတ်(၁၉၇/၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊
ဖုန်း-၀၁-၂၂၀၈၁၆

တိုက်ခန်းရောင်းမည်

တောင်ဥက္ကလာပ၊ (၅)ရပ်ကွက်၊ သရေခေတ္တရာလမ်း၊ (၁၉ပေ × ၅၄ ပေ) ငါးလွှာထောင့်ခန်း၊ ဘိုထိုင်ပါ ဟောလ်၊ ကားပါကင်ပါ။ ဖုန်း-၀၉-၄၂၀၁၀၈၀၁၉၊ ၀၉-၄၂၁၁၀၇၀၉၂

သစ်သားသဲလှေရောင်းမည်

12 ကျင်းပါနှင့်
18 ကျင်းပါ

ဖုန်း- ၀၁-၅၄၄၀၁၂၊
၀၉-၅၄၁၄၅၇၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/ချမ်းအေးအရှေ့၊ မြေကွက်/ဦးပိုင်အမှတ် ၉၄ဆ၊ ဇရိယာ ၀ ဒသမ ၀၁၇ဧကရှိ ဒေါ်ညိုညိုအောင်အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးကျော်တင့်(ခ)ဦးအင်ဗှာ ၉/ပမန(နိုင်)၀၀၈၀၇၃ (ဘ) ဦးတင်ဝင်းက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက် အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ မေလ၊ ဂု၊ ၈ (၆၁)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

မေလ (၇-၈)ရက်များတွင် ၆၁-ကြိမ်မြောက် ဦးရေ (၇၆၀၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည့်သာယာ၊ ရန်ကင်း။ (ကျိုက္ကဆံဂူပါဝင်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စေမာသီရိလင်္ကာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ကယားပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်အတွင်း၌ အောက်ဖော်ပြပါ ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများကို ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	ကတ္တရာလမ်း	(၈/၂.၇၀၀)မိုင်
(ခ)	ကျောက်လမ်း	(၀/၂.၀၀၀)မိုင်
(ဂ)	မြေလမ်း	(၅/၂.၄၈၀)မိုင်
(ဃ)	သစ်သားတံတား	(၇၀)ပေ
(င)	ရေကျော်	(၂၇၅)ပေ
(စ)	ကွန်ကရစ်တံတား	(၂၁.၅၀)ပေ
(ဆ)	Box Culvert	(၃၅)ပေ
(ဇ)	စိမ့်စမ်း	(၅)ခု
(ဈ)	အခြား(ရေပေးရေး)	(၁၀)ခု
(ည)	မြေသားကန်	(၁)ကန်

၂။ တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီများသည် ဦးစီးဌာနက သတ်မှတ်ထားသောလုပ်ငန်းစံနှုန်း၊ ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ် ရေးဆွဲတွက်ချက်တင်ပြရန်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်မိတ္တူ Profile တင်ပြရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၃-၅-၂၀၁၆ ရက်မှစတင်၍ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၃၁-၅-၂၀၁၆ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၄။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။ တင်ဒါလုပ်ငန်းတစ်ခုထက်ပိုမို၍ တင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးတစ်ခုချင်း ပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည်။

၅။ တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် တင်ဒါပေးသွင်းရမည့်လိပ်စာမှာ ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုသောအချက်အလက်များကို ဤဦးစီးဌာနရုံး ဖုန်း-၀၉-၂၆၂၇၂၂၈၀၇၊ ၀၉-၂၅၄၆၀၃၁၆၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၆ ခုနှစ် တရားမကြီးအမှုအမှတ်-၈၈

ဦးမောင်လှိုင် (၄င်း၏ အခွင့်ရကိုယ်စားလှယ် ဦးကျော်မင်းလှိုင်) — **နှင့်** — ၁။ ဦးဇော်ဝင်းနိုင် ၂။ ဒေါ်စမ်းစိမ့်စိမ့်စိုး ၃။ ဒေါ်မေပပထွန်း

တရားလို — **တရားပြိုင်များ**

တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ သစ္စာလမ်း၊ သစ္စာဥယျာဉ်အိမ်ရာ၊ TH-001 ရပ်နေ ဒေါ်စမ်းစိမ့်စိမ့်စိုး (ယခုနေရပ်မသိ) သိစေရမည်။

